2003
ကျင်းဟုန်၏ ဝူးချီထောင်ကျန့်
တက္ကသိုလ်
နေလင်းအောင်
ဝိတ်ဝိတ်ပါပဲနော်သေး
၄ အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၁)
ThiHa Zaw
သိုင်းစာစဉ်များPAGE


ရေကြည်လိုလ်
နှလုံးဒဏ်ရာ
မိုက်မိုက်မဲမဲစိန်ခေါ်သံ
၄-အုပ်တွဲသိုင်းဝတ္ထုကောင်းလမ်းသစ်
ကျင်းဟုန်၏ ဂူးချီထွေပြားကျန်
စာစဉ်-၁


ကြိုင်ဘက်ကင်း-စာစဉ်
ဖုန်းဆက်သွယ်ရန် ဖုန်း - 09 31166358
တက္ကသိုလ်
ဒေါလီဒေသင်
၆၄

ကိုင်ဘောက်ကင်း-စာစဉ်
ရန်ကုန်သားဆေးဖွဲ့ ကမ်းဝန်မင်းကြီးလမ်း
ဖုန်းအိမ်သုံး ဖုန်း - 09 31166355

တက္ကသိုလ်နေလင်းဒေါင်

မိုက်မိုက်မဲမဲစိန်ခေါ်သံ

[တစ်ဦး - ၁]

စာမူခွင့်ပြုချက်အမှတ် - ၁၁၄၅/၂၀၀၃ (ခ)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၇၈/၂၀၀၃ (ဧ)

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ဧပြီ၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(ရှိုးတေးသံစာပေ)
ရွေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာခုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဧမောသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဗိုးဝအောဗုံဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ဘက်ကင်း-စာစဉ်

ရန်ကုန်သား အမျိုးဖွင့် ကင်းဝန်ဆောင်းကြေးသတိပေးချက်
ရွှင်ဆောသော။ ပုံနှိပ် - ၁၀ ၁၂၂၀၀၀

အခန်း [၁]

ပုလဲနက်သိုင်းကျမ်းနှင့် အသက်

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ပူပြင်းခြောက်သွေ့သော နွေနေမင်း၏စစ်ခင်းသည့်ဒဏ်ကို မခံစားနိုင်သည့် ရော်ရွက်ဝါများသည် မြေပြင်ပေါ်သို့ သက်ဆင်းကြေကျရလေသည်။

ကောင်းဂူးတောင်ထိပ်ပေါ်တွင် နွေလေရူး၏ တိုက်ခတ်သည့် ဒဏ်ကြောင့် ရော်ရွက်ဝါများ လေထုထဲတွင် လွင့်မျောနေလေသည်။ အပူလိုင်းသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ရိုက်ခတ်နေသည်။

အမှန်စင်စစ်...

ကောင်းဂူးတောင်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလွန်းသောကြောင့် လူသူအရောက်အပေါက် နည်းလှသော တောင်ကလပ်တစ်ခုဖြစ်သည်။ ကျောက်တုံးကျောက်ခဲ၊ ချိုင့်ဝှမ်းတို့ဖြင့်ရောပြွမ်းနေသည်။

ထို့အပြင်...

ကောင်းဂူးတောင်ကလပ်၏ တစ်ဘက်တွင် မတ်စောက်သော အသူရာချောက်ကမ်းပါးတစ်ခုက ဆီးကာထားသည်။

ဤနေရာသို့ သားရဲတိရစ္ဆာန်များပင် လမ်းမှား၍ ရောက်မလာကြချေ။

အကယ်၍...

ခက်ခဲကြမ်းတမ်းသော ကျောက်တုံးကျောက်ခဲများကြောင့် ခြေချော်ကျသွားလျှင် ပြန်လမ်းမရှိသော ကောင်းဂူးချောက်ကမ်းပါးအတွင်းသို့ သက်ဆင်းရမည် ဖြစ်သည်။

ထို့ကြောင့်...

ဤမျှ ခက်ခဲကြမ်းတမ်းသော ကောင်းဂူးတောင်ကလပ်ပေါ်သို့ မည်သူမျှ လာရောက်ခြင်းမရှိကြခြင်းပင်။ တိရစ္ဆာန်များသော်မှ မလာဆိုလျှင် လူဆိုပါက အဘယ်သို့လာပါအံ့တော့နည်း။

နွေလေရူးသည် အတန်ငယ်ငြိမ်သက်သွားပြီ ဖြစ်၏။

ပူပြင်းခြောက်သွေ့လှသော နေမင်း၏ အပူဒဏ်ကြောင့် ကောင်းဂူးတောင်ကလပ်တစ်ခုလုံး မီးထတောက်သွားတော့မည်လား ဟုပင် ထင်မှတ်ရလောက်သည်။

ထိုစဉ်...

"ရုပ်... ရုပ်... ရုပ်..."

အဝေးဆီမှ ရော်ရွက်ဝါကြွေများအား ဖိနင်းလျှောက်လှမ်းလာသော ခြေသံများ ထွက်ပေါ်လာလေ၏။

ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာသည်။

ရော်ရွက်ဝါများပေါ်၌ ဖိနင်းလျှောက်လှမ်းလာသော ခြေသံများမှာ ကသောကမျှော နိုင်လွန်းလှသည်။

အဘယ်သို့ ဖြစ်သနည်း။ လူမလာသော တောင်ပေါ်သို့ လူလာနေချေပြီ။

ဟိုပေနယ်တွင် မည်သူမျှ အသုံးမပြုသော ကောင်းဂူးတောင်ကလပ်ပေါ်သို့ မည်သို့သောလူများ တက်ရောက်လာကြပါသနည်း။

ယခု...

ပူပြင်းခြောက်သွေ့လှသော ကောင်းဂူးတောင်ကလပ်ပေါ်သို့ သက်ရှိလူသားနှစ်ဦး ရောက်ရှိလာချေပြီ။

နှစ်ဦးစလုံးသည် အသက်လေးဆယ်ကျော်အရွယ်များ ဖြစ်သည်။

တစ်ယောက်မှာ အဖြူရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ အဝါရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားသည်။

သူတို့၏ခါးတွင် ဓားကိုယ်စီချိတ်ထားသောကြောင့် သိုင်းသမားများ ဖြစ်မှန်းသိနိုင်၏။

ထိုသူနှစ်ယောက်သည် အလွန်ဝေးကွာသောအရပ်က ခရီးနှင်ခဲ့ဟန်တူသည်။ သူတို့နှစ်ယောက်၏ ပုံပန်းကိုကြည့်၍ ဤသို့သိနိုင်ခြင်းဖြစ်သည်။

သူတို့၏ပုံဟန်မှာ အလွန်မောပန်း နွမ်းနယ်နေသည်။

ထိုသူနှစ်ယောက်အနက် အဖြူရောင်ဝတ်ဆင်ထားသူသည် တစ်စုံတစ်ခုသော ဝေဒနာကို ခံစားနေရဟန်တူသည်။

သူ၏ မျက်နှာပြင်တစ်ခုလုံးမှာ သွေးရောင်မရှိသကဲ့သို့ ဖြူဖပ်

ဖြူရော် ဖြစ်နေသည်။

ထို့အပြင်...

သူ၏ခြေလှမ်းများမှာလည်း ယိမ်းယိုင်နေသည့်အတွက် အဝါရောင်ဝတ်ဆင်ထားသူက ဖေးမတွဲခေါ်လာရသည်။ ထို့ကြောင့် အဝါရောင်ဝတ်ဆင်ထားသူမှာလည်း မသက်သာလှပါ။

တောင်ကလပ်ပေါ်သို့ ရောက်လာသောအခါ ထိုလူနှစ်ယောက်သည် ခြေလှမ်းရပ်လိုက်ကြသည်။

ထိုအခါ...

"ဝေ့..."

အဖြူရောင်ဝတ်ဆင်ထားသူသည် မဟန်နိုင်ဝံတော့ဘဲ ပါးစပ်မှ သွေးများပွက်ခနဲ အန်ချလိုက်လေတော့သည်။

အဝါရောင်ဝတ်ဆင်ထားသူသည် စိုးရိမ်တကြီးဖြင့်...

"ယဲ့ချင်း... ခင်ဗျား သိပ်ခံစားနေရသလားဟင်..."

ယဲ့ချင်းဆိုသူ အဖြူရောင်ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်သည်။

"ကျွပ်အတွက် စိုးရိမ်မနေပါနဲ့တော့ ဝမ်အင်း... ကျွပ်အခြေအနေကို... ကျွပ်သိပါတယ်... ဒါပေမယ့်... ဖြစ်နိုင်မယ်ဆိုရင် ကျွပ်ကို တစ်ခုလောက် ကူညီပေးပါ..."

ဝမ်အင်းဆိုသူက ခေါင်းညိတ်လိုက်သည်။ မည်ကာမတ္တ ခေါင်းညိတ်သည် မဟုတ်ပါ။ အသည်းနှလုံး၏ဆန္ဒဖြင့် ခေါင်းညိတ်လိုက်ခြင်း ဖြစ်ပါသည်။

"ရပါတယ်... ကျွပ် ခင်ဗျားအတွက်ဆိုရင် ဘာမဆို ကူညီပေး

နိုင်ပါတယ်..."

ယဲ့ချင်းသည် သူ၏အင်္ကျီအိတ်အတွင်းမှ တစ်စုံတစ်ခုအား နှိုက်ယူလိုက်သည်။

ထိုအခါ...

လက်ဝါးသာသာခန့်ရှိသော စာအုပ်ငယ်လေးတစ်အုပ် ပါလာလေသည်။

နှစ်ပေါင်းကြာမြင့်စွာ ရှိနေခဲ့သော စာအုပ်တစ်အုပ် ဖြစ်ဟန်တူသည်။

စာအုပ်၏အဖုံးများ လုံးဝမရှိတော့ဘဲ စာရွက်များမှာလည်း ဝါကျင့်ကျင့်အရောင်သို့ ကူးပြောင်းနေ၏။

ယဲ့ချင်းသည် ထိုစာအုပ်လေးအား ဝမ်အင်းထံသို့ လှမ်းပေးလိုက်ပြီး...

"ဒီစာအုပ်ဟာ သိုင်းလောကတစ်ခုလုံးက အလိုရှိနေတဲ့ ပုလဲနက်သိုင်းကျမ်းပဲ... ဒီသိုင်းကျမ်းကို ကျွပ်သား... ယဲ့စီယံကို သွားပေးပေးပါ..."

ဝမ်အင်းသည် ထိုသိုင်းကျမ်းစာအုပ်ကလေးအား လှမ်းယူလိုက်ပြီး သူ၏အင်္ကျီအိတ်အတွင်းသို့ တရိုတသေထည့်လိုက်သည်။ ထို့နောက် သူက လှိုက်လဲစွာ ပြောလေ၏။

"စိတ်ချပါ... ကျွပ်အသက်ရှင်နေသမျှ ဒီသိုင်းကျမ်းကို ကာကွယ်စောင့်ရှောက်ပြီး... ခင်ဗျားသား လက်ထဲရောက်အောင် ပို့ပေးပါ့မယ်... ကျွပ်ကတိပေးပါတယ်ဗျာ..."

ယဲ့ချင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျွပ်သားဟာ မွေးရာပါသွေးကြောလွဲတဲ့ ရောဂါရှိတယ်... ဒီရောဂါကို ကုပေးနိုင်တဲ့သူ မရှိခဲ့ဘူး... ဒါကြောင့်... ကျွပ်က ဆေးဆရာကိုရှာရင်း သိုင်းလောကအနှံ့ ခြေဆန့်ခဲ့တယ်... ဒါပေမယ့်... အချိန်သာကုန်သွားတယ်... ကျွပ်သားကို ဆေးကုပေးနိုင်မယ့်သမားတော် မတွေ့ခဲ့ဘူး... "

သူသည် ထိုသို့ပြောပြီးသည်နှင့် သွေးများပွက်ခနဲ အန်ချလိုက်ပြန်လေ၏။

ထိုအခါ...

ဝမ်အင်းမှာ စိုးရိမ်ထိတ်လန့်သွားသည်။

"ယဲ့ချင်း... ခင်ဗျားစကားသိပ်မပြောပါနဲ့... "

ထိုစဉ်...

အဝေးဆီမှ ရော်ရွက်ဝါများအား ဖိနင်း၍ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်။

ယဲ့ချင်း၏မျက်နှာသည် စက္ကူဖြူတစ်ချပ်ကဲ့သို့ ဖြူဖွေးသွားသည်။

"ဟော... သူတို့ လိုက်လာကြပြီ... "

ဝမ်အင်းသည် ခါးတွင်ချိတ်ဆွဲထားသော ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး...

"ခင်ဗျားဘာမှ မစိုးရိမ်နဲ့... ကျွပ်သူတို့နဲ့ ရင်ဆိုင်မယ်... "

ယဲ့ချင်းသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး...

"ကျွပ်ကို သူတို့ခဏပေးနေတာကြာပြီ... အခု ကျွပ်ဟာသေရတော့မယ် အဆိပ်ဒေဒနာရှင် တစ်ယောက်ဖြစ်နေပြီပဲ... ဒါကြောင့်...

သူတို့ ဝိညာဉ်တွေကိုလည်း ကျွပ်နဲ့အတူ သေရွာကို တစ်ပါတည်း ခေါ်သွားရမယ်... "

သူသည် ယင်းသို့ပြောပြီးသည်နှင့် တုန်ယင်နေသော လက်အစုံဖြင့် ဓားအိမ်အတွင်းမှ ဓားကိုဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာပင်...

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်စုသည် ကောင်းဝူးတောင်ကလပ်ပေါ်သို့ လျင်မြန်စွာ တက်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူများမှာ စုစုပေါင်းဆယ့်နှစ်ယောက်ရှိသည်။

သူတို့၏မျက်နှာများမှာ ဂုက်စက်ကြမ်းကြုတ်သည့် မျက်နှာများ ဖြစ်၏။

သူတို့၏ခါးတွင် ဓားကိုယ်စီချိတ်ဆွဲထားသောကြောင့် သိုင်းသမားများမှန်း သိသာသည်။

သူတို့သည် အေးစက်ခက်ထန်သော မျက်လုံးများဖြင့် ယဲ့ချင်းအား စိုက်ကြည့်နေကြသည်။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစဉ်...

အနက်ရောင်ဝတ်ဆင်ထားသူများထဲမှ ခေါင်းဆောင်ဖြစ်ဟန် တူသူက လက်ဝါးဖြန့်ကာ...

"ပေးပါ... "

ယဲ့ချင်းသည် ထိုသူများအား ရုန့်ရှာမှုန်းတီးစွာ စိုက်ကြည့်လိုက်ပြီး...

"ဘာလဲ... မင်းဘာတောင်းတာလဲ... "

ခေါင်းဆောင်ဖြစ်ဟန်တူသူက မဲ့ပြုံးပြုံးလိုက်ပြီး...

"ကျွပ်ဘာကို တောင်းတယ်ဆိုတာ... ခင်ဗျားခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကို ခံစားကြည့်ရင် သိနိုင်ပါတယ်... "

ယဲ့ချင်း၏မျက်နှာပေါ်တွင် ခံပြင်းသော အမူအရာများ ပေါ်လာသည်။

"အင်း... မင်းတို့ရဲ့ ယုတ်မာကောက်ကျစ်တဲ့နည်းနဲ့ တိုက်ခိုက်မှုကြောင့် ကျွပ်... အဆိပ်မိခဲ့ရတယ်ဆိုပေမယ့်... သိုင်းကျမ်းကို မကာကွယ်နိုင်လောက်တဲ့ အခြေအနေမျိုးတော့ မဟုတ်သေးဘူး... မင်းတို့စမ်းကြည့်ကြလေ... "

ခေါင်းဆောင်ဖြစ်ဟန်တူသူက အေးစက်ခက်ထန်သော လေသံဖြင့်...

"ဘာပဲဖြစ်ဖြစ်... ခင်ဗျား ဒီလို အခြေအနေမျိုးနဲ့... ကျွပ်တို့ကို ရင်ဆိုင်တာ သေမင်းကို ရင်ဆိုင်တာနဲ့ အတူတူပဲ... ခင်ဗျား ဘယ်လောက်ခုခံနိုင်မှာလဲ... "

ယဲ့ချင်းသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒါပေမယ့်... မင်းတို့နားလည်ရမှာက ပုလဲနက်သိုင်းကျမ်းကို လိုချင်ရင်... ကျွပ်ဓားကို အရင်ကျော်ရမယ်... ဓားကို မကျော်ဘဲနဲ့တော့ ပုလဲနက်သိုင်းကျမ်းကို မရဘူး... "

ခေါင်းဆောင်ဖြစ်ဟန်တူသူက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ဒီလို သတ္တိမျိုးမှ ကြိုက်တယ်... "

သူသည် ထိုသို့ပြောပြီး လက်တစ်ချက်ဝှေ့ယမ်းလိုက်လေ၏။

"အားလုံးဝိုင်းတိုက်ကြစမ်း... "

သူ၏ အမိန့်ပေးသံဆုံးသည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူများသည် ယဲ့ချင်းနှင့်ဝမ်အင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

"ဝိုး... ဝိုး... ဝုစ်... "

"ရှိုး... ရွှမ်... ရွှမ်... "

တိုက်ပွဲမှာ ပြင်းထန်လှသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ဆယ့်နှစ်ယောက်သည် ယဲ့ချင်းတို့နှစ်ယောက်အား သဲသဲမဲမဲ တိုက်ခိုက်နေ၏။

ဝမ်အင်းသည် ဓားပညာထက်မြက်သူတစ်ယောက်ဖြစ်သည်။

သို့သော်...

သူ၏ဓားသည် ထိပ်တန်းသိုင်းသမား ဆယ့်နှစ်ယောက်အား ချေပအံတုနိုင်ခြင်း မရှိပါ။

ယဲ့ချင်းမှာမူ အဆိပ်မိထားသောကြောင့် သူ၏ဓားချက်များမှာ ထင်သေလောက် အစွမ်းမထက်မြက်လှပေ။

ထို့ကြောင့်... သူတို့နှစ်ယောက်သည် နောက်သို့သာ တစ်ဆုတ်တည်းဆုတ်နေရ၏။

ဤသို့ဖြင့်...

ယဲ့ချင်းနှင့်ဝမ်အင်းတို့သည် ဆုတ်ခွာလာကြရာ ကောင်းဝူးချောက်ကမ်းပါးအနီးသို့ ရောက်ရှိလာသည်။

ထိုအခါ...

ယဲ့ချင်းတို့နှစ်ယောက်သည် ခြေလှမ်းကို ရပ်တန့်လိုက်ကြ

သည်။

သူတို့သည် နောက်သို့ဆက်လက်ဆုတ်လိုက်လျှင် ကောင်းဂူးချောက်ကမ်းပါးအတွင်းသို့ ကျသွားရန်သာရှိတော့သည်။

ထို့ကြောင့်...

ယဲ့ချင်းသည် ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး တရကြမ်း ခုခံလေတော့သည်။

သူ၏ရှေ့တွင် အနက်ရောင်ဝတ်ဆင်ထားသူ ရုစ်ဦးသည် သူ့အား သဲကြီးမဲကြီး တိုက်ခိုက်နေသည်။

သူတို့၏ဓားချက်များကလည်း သူ၏ ခန္ဓာကိုယ်အပေါ်ထိ တိုက်ခိုက်နေပြီး ဖြစ်သည်။

ယဲ့ချင်းသည် ထိုလူများ၏ ဓားချက်များအား သူ၏ဓားဖြင့် ပြန်လည်ခုခံ တိုက်ထုတ်နေရ၏။

ထိုစဉ်...

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်၏ ဓားဖျားသည် သူ၏ရင်ဝသို့ တည့်မတ်စွာ တိုးဝင်လာသည်။

ယဲ့ချင်းသည် ရင်ထိတ်သွား၏။

သူသည်ဓားဖြင့် ထိုလူ၏ဓားအား ခုတ်ရန်ဟန်ပြင်လိုက်သည်။

သို့သော်...

သူ၏ဓားချက်သည် နောက်ကျသွားလေသည်။ သူသည် အဆိပ်မိထားသူ မဟုတ်ပါလော။ သွေးလက်များသည် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ချေ။

ထို့ကြောင့်...

အနက်ရောင်ဝတ်ဆင်ထားသူ၏ ဓားဖျားသည် သူ၏ရင်ဝသို့ တိုးဝင်လာလေတော့သည်။

"အား... "

အနက်ရောင်ဝတ်ဆင်ထားသူသည် စဉ်းလဲစွာပြုံးလိုက်၏။

သူသည် ယဲ့ချင်း၏ရင်ဝမှ သူ၏ဓားအား ဆွဲနှုတ်ယူလိုက်သည်။

ထိုအခါ...

ယဲ့ချင်း၏ ခန္ဓာကိုယ်သည် ရုပ်တည်နိုင်စွမ်း မရှိတော့တဲ့ကောင်းဂူးချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားလေတော့သည်။

"ယဲ့ချင်း... "

ဝမ်အင်း၏ ထိတ်လန့်တကြား ဒေါသဟစ်သံသည် ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်ထပ်သွားသည်။

သူသည် ယဲ့ချင်းတစ်ယောက် ချောက်ကမ်းပါးအတွင်းသို့ ကျသွားသည်ကို တွေ့မြင်လိုက်ရသောခါ လွန်စွာစိုးရိမ်ထိတ်လန့်သွားသည်။

ထို့ကြောင့်...

သူသည် အနက်ရောင် ဝတ်ဆင်ထားသူများ၏ တိုက်ခိုက်မှုအား သတိမပြုနိုင်တော့ချေ။

ထိုစဉ်...

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်သည် အတွင်းအားပြည့်ဝသော သူ၏လက်ဝါးဖြင့် ဝမ်အင်း၏ကျောပြင်အား လျှပ်တစ်ပြက် ရိုက်ချလိုက်တော့သည်။

"ဝုန်း... "

ဝမ်အင်းသည် ယဲ့ချင်းထံသို့ အာရုံရောက်ရှိနေသည့်အတွက် ထိုလက်ဝါးချက်အား ရှောင်နိုင်စွမ်းမရှိချေ။

ထို့ကြောင့်...

သူ၏ခန္ဓာကိုယ်သည် အရှိန်မထိန်းနိုင်တော့ဘဲ ကောင်းဝူး ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားလေတော့သည်။

"အား... "

သူ၏အော်ဟစ်သံသာ ပဲ့တင်ထပ်၍ ထွက်ပေါ်လာတော့သည်။

အခန်း [၂]

ဝေနာသည် ကလေးငယ်

ချောင်းငယ်ကလေးတစ်ခု စီးဆင်းနေသည်။

ချောင်းငယ်ကလေးသည် လူနေကျဲပါးသော မြို့ကလေးတစ်မြို့အား ရစ်ခွေကာ ဖြည်းညင်းစွာ စီးဆင်းနေခြင်းဖြစ်သည်။

ချောင်းရေသည် အလွန်ကြည်လင်၏။

ချောင်းရေသည် မနက်လုချေ။ ထို့ကြောင့် မြို့ကလေးမှ လူများက သောက်ရေအဖြစ် အသုံးပြုကြသည်။

ထိုအချိန်တွင်...

ချောင်းကလေး၏ တစ်ဘက်ရှိ အတန်ငယ်အလှမ်းကွာဝေးသော အဆောက်အအုံကြီးတစ်ခုမှ အနောက်ဘက်တံခါးပွင့်သွားသည်။

ထိုတံခါးထဲမှ လူငယ်တစ်ယောက် ထွက်လာသည်။

သူ၏အသက်မှာ ဆယ့်ငါးနှစ်ခန့်သာ ရှိမည်ဖြစ်သည်။

သူ၏လက်ထဲတွင် ရေပုံးကြီးနှစ်ပုံး ပါရှိလာ၏။

သူသည် ချောင်းရေခပ်ရန် ထွက်လာခြင်း ဖြစ်သည်။

သူသည် ရေပုံးကိုဆွဲရင်း ချောင်းကလေးရှိရာသို့ လျှောက်လာလေ၏။

အကယ်၍...

ထိုလူငယ်၏ မျက်နှာအား သတိပြုကြည့်မည်ဆိုလျှင် ထိုလူငယ်သည် ဝေဒနာရှင်တစ်ယောက် ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

သူ၏မျက်နှာမှာ သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေပြန်သည်။ ဤပုံစံမှာ ဝေဒနာရှင်များ၏ ပုံစံတည်း။

သူ၏ခန္ဓာကိုယ်သည် ပိန်လှိလွန်းပြီး အရပ်မှာမူ ရှည်မြင့်လှသည်။

သူ၏ပခုံးထက်တွင်မူ ရှည်လျားသောဆံပင်ရှည်များက ဖရိုဖရဲကျနေ၏။

ထိုလူငယ်၏ ခန္ဓာကိုယ်ပေါ်တွင် ဆောင်းရာသီကို အံတုကာပါးလွှာသော အဝတ်အစားများကိုသာ ဝတ်ဆင်ထားသည်။

သူဝတ်ဆင်ထားသော ကောက်ရိုးဖိနပ်မှာ ပေါက်ပြဲနေပြီ ဖြစ်သည်။ သူ့အတွက် ဖိနပ်တစ်ရံ အသစ်လဲလှယ်ရန် အမြန်လိုအပ်နေပြီ ဖြစ်ပါသည်။

သူသည် နေးကွေးသောခြေလှမ်းများဖြင့် ချောင်းစပ်သို့ ဖြည်းလေးစွာ လျှောက်လာ၏။

ထို့နောက်...

သူသည် ရေပုံးနှစ်လုံးအား ချောင်းစပ်ရှိ သဲပြင်ပေါ်တွင် ချထားလိုက်သည်။

လူကလည်း သဲပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ထို့နောက်...

လူငယ်သည် တသွင်သွင်စီးဆင်းနေသော ချောင်းရေကို ငုံ့ကြည့်ကာ အသံတိုးတိုးဖြင့် ရေရွတ်လိုက်လေ၏။

"ဖေဖေရယ်... ဘာဖြစ်လို့ ပြန်မလာသေးတာလဲ... သားသေချင်သေပါစေ... ဖေဖေနဲ့ပဲ အတူတူနေချင်တယ်... ဖေဖေပြန်လာပါတော့... ဆေးဆရာကို လိုက်ရှာမနေပါနဲ့တော့..."

သူသည် ယင်းသို့ရေရွတ်ရင်း အတိတ်ကို ပြန်လည်သတိရလာသည်။

ယခင်တုန်းကဆိုလျှင်...

သူ၏ဘဝမှာ ပျော်ရွှင်ဖွယ်ကောင်းလှသည်။

ဖခင်၏မေတ္တာကို အပြည့်အဝ ရရှိခဲ့သည်မဟုတ်ပါလား။

သူသည် လူမှုနှံသိတတ်သည့် အချိန်မှစ၍ မိခင်ကို မတွေ့မြင်ခဲ့ရပါ။

သူ၏မိခင်သည် သူ့အား မွေးဖွားပြီးစတွင်၊ငှင် သေဆုံးသွားခဲ့သည်ဟု သိခဲ့ရသည်။

ထို့ကြောင့်...

ဖခင်ဖြစ်သူသည် မိတဆိုးသားလေးဖြစ်သော သူ့အား လွန်စွာချစ်ခင်အလိုလိုက်ခဲ့သည်။

သို့သော်...

သူသည် မွေးရာပါရောဂါကြောင့် အိပ်ရာထက်တွင်သာ အချိန်

ကုန်ခဲ့ရသည်။

ထို့ကြောင့်...

သူသည် သမားတော်များ၏ ဆေးဝါးများကို နေ့စဉ်သောက်သုံးရင်း ယေစဉ်ဘဝကို ဖြတ်သန်းလာခဲ့ရသည်။

ထိုလူယေ၏အမည်မှာ ယဲ့စီယဲပင် ဖြစ်သည်။

သူသည် ယေရွယ်စဉ်က မိခင်နှင့် မနေခဲ့ရပါ။

ဖခင်နှင့်သာ အတူကြီးပြင်းလာခဲ့ရ၏။

ဖခင်ဖြစ်သူသည် သူ့အား ရှီ.ကလေး၏ အနီးတစ်ဝိုက်မှ သမားတော်ကြီးများကို ပင့်ဖိတ်ကာ သူ၏ရောဂါဝေဒနာအား ကုသပေးခဲ့သည်။

သို့သော်...

အနည်းငယ် သက်သာရုံသာရှိပြီး ဝေဒနာမပျောက်ခဲ့ချေ။

ထို့ကြောင့်...

ယဲ့စီယဲ၏ဖခင်သည် သားဖြစ်သူ၏ ရောဂါဝေဒနာအား ပျောက်ကင်းအောင် ကုသနိုင်သော သမားတော်တစ်ယောက်အား ရှာဖွေရန် စရိုးထွက်သွားခဲ့သည်။

သူ၏ဖခင်သည် စရိုးမထွက်မီ ယဲ့စီယဲအား ပြုစုစောင့်ရှောက်ပေးရန် အိမ်တော်ထိန်း'လီ'အား မှာကြားသွားခဲ့သည်။

ထိုအချိန်မှစ၍...

သူ၏ဖခင်သည် အိမ်သို့တစ်ကြိမ်တစ်ခါမျှ ပြန်လာခြင်း မရှိတော့ပါ။

ထိုအခါ...

အိမ်တော်ထိန်း'လီ'သည် ယဲ့စီယဲ၏ ပစ္စည်းဥစ္စာများအားလုံးကို အပိုင်စီးပြီး ယဲ့စီယဲကိုလည်း အိမ်ဖော်အဖြစ် အလုပ်များအား ခိုင်းစေလေတော့သည်။ အလွန်ယုတ်မာ ပက်စက်သော အိမ်တော်ထိန်းပင် ဖြစ်သည်။ 'လီ'အား အိမ်တော်ထိန်းခန့်ခဲ့သည့် ဖခင်ကြီး၏ အမှားပင် ဖြစ်တော့သည်။

ယဲ့စီယဲသည် ပင်ကိုယ်ကပင် ရောဂါဝေဒနာရှင်တစ်ယောက် ဖြစ်သည့်အတွက် အိမ်တော်ထိန်း'လီ'အား အံမတုပ်ပါ။

ထို့ကြောင့်...

သူသည် ဖခင်ဖြစ်သူ ပြန်အလာကိုသာ စောင့်မျှော်နေရသည်။

သို့သော်...

သုံးနှစ်ဟူသော အရှိန်ကာလသာ ကြာညောင်းသွားခဲ့ချေပြီ။

သူ၏ဖခင်မှာမူ ပြန်ရောက်လာခြင်း မရှိခဲ့ပါချေ။ မျှော်ရလွန်းသဖြင့် ယဲ့စီယဲသည် အလွန်ပင်ပန်းခဲ့၏။

သို့သော်...

သူသည် ပင်ပန်းခြင်းကိုမမူဘဲ ဖခင်ကိုသာ မျှော်နေခဲ့သည်။

ယဲ့စီယဲသည် သူ၏ဘဝအကြောင်းများကို စဉ်းစားရင်း စိတ်ထိခိုက်လွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

သူသည် ငိုရှိုက်ရင်း အိမ်တော်ထိန်း'လီ'၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်လာမိသည်။

အိမ်တော်ထိန်း'လီ'မှာ မိမိဖခင်၏ လူယုံတော်တစ်ယောက်လည်း ဖြစ်သည်။

ယခုမှာမူ...

မိမိ၏ခြံဝင်းနှင့်တကွ ပစ္စည်းဥစ္စာများအားလုံးကို အပိုင်စီးထား သော လူပင်ဖြစ်သည်။

သူသည် အိမ်တော်ထိန်း'လီ'အား သတိရလာသည်နှင့် စိတ် ထဲ၌ ကြောက်ရွံ့လာသည်။

ထို့ကြောင့်...

သူသည် ထိုင်ရာမှထကာ ချောင်းရေကို ရေပုံးနှင့်ပုံးဖြင့် ခပ် လိုက်လေ၏။

ထို့နောက်...

ရေပုံးကိုဆွဲကာ အိမ်သို့ ပြန်လျှောက်သွားလေသည်။

သူသည် ဝန်နှင့်အားမမျှသဖြင့် လမ်းတွင် မကြာခဏ ရပ်နား နေရသည်။

အိမ်သို့ရောက်ရှိသွားသောအခါ အချိန်အတော်ကုန်သွားခဲ့ လေပြီ။

အိမ်တော်ထိန်း'လီ'သည် ယဲ့စီယံရောက်ရှိလာသည်ကို တွေ့ မြင်လိုက်ရသောအခါ အလွန်ဒေါသ ထွက်နေလေသည်။

"ဘယ်လိုလဲကွ... မင်းကို ရေနှစ်ပုံးသွားဆွဲခိုင်းတာ ဒီလောက် တောင်ကြာသလား... ငါက ချောင်းထဲမှာ ရေနှစ်သေပြီလို့တောင်ထင် နေတာ..."

သူသည် ယင်းသို့ပြောပြီး ယဲ့စီယံအား ရိုက်နှက်လေတော့၏။

ထိုအခါ...

ယဲ့စီယံသည် အိမ်တော်ထိန်း'လီ'၏ လက်အား ပုတ်ခတ်ဖယ် ရှားရင်း...

"ခင်ဗျား... ကျုပ်ကို မစော်ကားပါနဲ့... တော်ကြာ... ကျုပ်... အဖေပြန်လာရင်... ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်..."

ထိုစကားကြောင့် အိမ်တော်ထိန်း'လီ'သည် ဒေါသတကြီးဖြင့်

"မင်းအဖေ မသေသေးရင် ပြန်လာရောပေါ့... အခု မင်းအဖေ ပြန်မလာတာ သေသွားလို့ နေမှာပေါ့... ငါ့ကို ဒေါသဖြစ်အောင် လုပ်နဲ့"

သူသည် ယင်းသို့ပြောပြီး ယဲ့စီယံ၏ပါးကို ရိုက်ချလိုက်လေ သည်။

"ဖြန်း..."

ယဲ့စီယံသည် အိမ်တော်ထိန်း'လီ'၏ လက်ဝါးချက်ကြောင့် နောက်သို့လန်၍ လဲကျသွားသည်။

ထိုအချိန်တွင်...

အိမ်ခန်းအတွင်းမှ စားဖိုမှူး'လောင်ချန်း' ထွက်လာပြီး သတိ မေ့လဲကျနေသော ယဲ့စီယံအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်...

အနီးရှိ အိမ်ဖော်တစ်ယောက်အား လှည့်ကြည့်လိုက်ပြီး...

"သူ့ကို အခန်းထဲ ခေါ်သွားစမ်း..."

ဟု အမိန့်ပေးလိုက်လေသည်။

အိမ်ဖော်သည် သတိမေ့နေသော ယဲ့စီယံအား ပွေ့ချီသွားလေ တော့သည်။

စားဖိုမှူးလောင်ချန်းသည် သက်ပြင်းတစ်ချက်ကို ဖြည်းညင်း စွာ ချလိုက်သည်။

ထို့နောက်...

မြန်စွာ ထွက်ခွာသွားလေတော့သည်။

ယဲစီယံသည် ပြန်လည်သတိရလာလေ၏။

သူ၏ပါးပြင်တစ်ခုလုံးမှာ နာကျင်နေသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး တီးတိုးရေရွတ်လိုက်၏။

"ငါ့အဖေမရှိတာနဲ့... ငါ့ကို စော်ကားကြတယ်... လူယုတ်မာတွေ..."

သူသည် ဤသို့ရေရွတ်လိုက်ပြီးနောက် သူ့အားမည်မှာမတာခိုင်းစေနေသော ဤအိမ်မှ ထွက်ပြေးရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

သူသည် ခုတင်ပေါ်မှ ထလိုက်ပြီး သူ၏အင်္ကျီအင်္ဝတ်အစားအား လဲလိုက်လေသည်။ အဝတ်အစား လဲသည်ဆိုသော်လည်း သူဝတ်ဆင်ထားသည့် ဝတ်စုံထက်အနည်းငယ်သာရှိပင်။ ထို့နောက် သူသည် အခြားအခန်းတစ်ခန်းသို့ ခိုးကြောင်ခိုးဝှက် ဝင်လိုက်ပြီး ဖိနပ်ဟောင်းတစ်ရံကိုယူပြီး ဝတ်ဆင်လိုက်သည်။

♣ ♣ ♣

အဝေးဆီမှ ညဉ့်ငှက်များ၏ အော်ဟစ်သံတစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်၌ ငွေကြယ်ကလေးများ၏ အလင်းရောင်သည် ညဘက်အမှောင်ထုအား ပါးလွှာစေ၏။

သူသည် အိမ်တော်ထိန်း'လီ'အနီးသို့ လျှောက်သွားလိုက်ပြီး...

"ခင်ဗျားကလဲဗျာ... ယဲစီယံကို အရမ်းမလုပ်ပါနဲ့... သူက ရောဂါသည်ဗျ... တော်ကြာ ခင်ဗျားလုပ်လိုက်လို့ တစ်ခုခုဖြစ်သွားရင် အိမ်နီးချင်းတွေက ကျွန်တို့ကို ဘယ်အကောင်းမြင်တော့မှာလဲ..."

အိမ်တော်ထိန်း'လီ'က စိတ်မရှည်သောဟန်ဖြင့်...

"ငါက ဘယ်သူ့ကို ကြောက်ရမှာလဲ... ဒီကောင်လေးကို တစ်နေ့ရာရာကို ခေါ်သွားပြီး အစဖျောက်ပစ်လိုက်ရင်... ဒီပစ္စည်းတွေ အားလုံး တို့အပိုင်ရမယ်..."

စားဖိုမှူးလောင်ချန်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုအရမ်းမလုပ်နဲ့ဦးလေ... သူ့အဖေက သိုင်းပညာတော်တော် အဆင့်မြင့်တဲ့ ထိပ်တန်းသိုင်းသမားတစ်ယောက်ဗျ... မတော်တဆ ပြန်ရောက်လာရင်... ကျွန်တို့အားလုံး ပြေးပေါက်မှားနေဦးမယ်..."

အိမ်တော်ထိန်း'လီ'က အေးစက်ခက်ထန်သော မျက်နှာထားဖြင့်...

"ငါကတော့ မစောင့်နိုင်တော့ဘူး... သူ့ကို အမြန်ဆုံးသတ်ပြီး ဒီအိမ်ကြီးရော... ခြံဝန်းကြီးရော... ရှိသမျှပစ္စည်းတွေနဲ့ ရတနာတွေကိုပါ တစ်ယောက်တစ်ဝက်ခွဲပြီး... ဒီမြို့ကို ထွက်သွားကြမယ်..."

စားဖိုမှူးလောင်ချန်းသည် လက်ကာပြလိုက်၏။

"ကဲဗျာ... ဒါတွေနောက်မှ ပြောကြတာပေါ့... ကျွန်တော်သွားစရာရှိသေးတယ်..."

သူသည် ယင်းသို့ပြောပြီးသည်နှင့် အိမ်အပြင်ဘက်သို့ လျင်

အနောက်ဘက် မိုးကောင်းကင်တစ်ခုလုံး အနီရောင်သမ်းနေ
၏။

ကြွင်းကျန်ရစ်သော နေရောင်ခြည်သည် ထူထပ်သော တော
အုပ်ပေါ်သို့ ထိုးကျနေရာ သစ်ရွက်များမှာ ရွှေအိုရောင် သမ်းနေသည်။

ယဲ့စိယံသည် မြေပြင်ပေါ်တွင် ကြွေကျနေသော သစ်ရွက်
ခြောက်များကိုနင်း၍ လျှောက်လှမ်းလာ၏။

သူ၏ခြေလှမ်းသည် အလွန်လေးလံနေ၏။

သူသည် မောပန်းနွမ်းနယ်လွန်းသောကြောင့် ခြေလှမ်းများ
ပင် ဆက်မလှမ်းနိုင်တော့ပါ။

ရုတ်တရက်...

သူ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားပြီး မြေပြင်ပေါ်သို့
အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ယဲ့စိယံသည် တစ်ဦးတစ်ယောက်တည်း ခရီးမထွက်ဘူးခဲ့ပါ။
သူသည် ဝေဒနာရှင် တစ်ဦးမဟုတ်ပါလော။ အဘယ်မှာလျှင် ခရီးထွက်
နိုင်ပါအုံးနည်း။

ထို့ကြောင့်...

သူသည် လမ်းခရီးကိုလည်း မသိပါ။

ယခုမှာမူ သူ၏ဖခင်အား လိုက်လံရှာဖွေလိုသဖြင့် အရဲစွန့်၍
ထွက်လာခြင်းဖြစ်သည်။

သို့သော်...

သူ၏ကျန်းမာရေးမှာ အလွန်ချို့တဲ့နေသောကြောင့် ခရီး
မတွင်ဘဲ ဖြစ်နေ၏။ သူသည် ခံပြင်းလွန်းသဖြင့်သာ အိမ်မှထွက်ခဲ့ခြင်း

လခြမ်းပဲကလေးသည် ထူထပ်သော တိမ်တိုက်ကြားသို့ ဝင်
ရောက်သွားသဖြင့် ကမ္ဘာမြေပြင်တစ်ခုလုံးမှာ အမှောင်ကျနေသည်။

လေ၏တိုက်ခတ်မှုကြောင့် သစ်ကိုင်းများသည် အချင်းချင်း
ပွတ်တိုက်ရာမှ အသံများထွက်ပေါ်နေသည်။

ထိုအသံများသည် တိတ်ဆိတ်နေသောညဉ့်အချိန်၌ တေးဂီတ
သံစဉ်တစ်ခုနှင့်ပင် တူနေတော့သည်။

ထိုအချိန်တွင်...

မြို့ကလေး၏အနောက်ဘက် တောင်ကုန်းကလေးပေါ်သို့ လူ
ရိုပ်တစ်ရိုပ် ဖြည်းညင်းစွာ တက်လာလေ၏။

ထိုသူမှာ ယဲ့စိယံပင် ဖြစ်ပါသည်။

သူသည် မိမိ၏အိမ်ရာကို စွန့်ခွာကာ မြို့ကလေးမှ အပြီးအပိုင်
ထွက်လာခဲ့ခြင်းဖြစ်သည်။

မွန်ဝါးစွာ လင်းလက်နေသော ကြယ်ကလေးများ၏ အလင်း
ရောင်အောက်တွင် ယဲ့စိယံသည် မှန်းဆ၍မရနိုင်သော ခရီးကြမ်းကို
ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ စတင်ထွက်ခွာလာလေတော့သည်။

ပြင်ပလောကသည် သူ၏အိမ်ရာထက်တော့ သူ့အပေါ်
ကောင်းမွန်စွာ ဆက်ဆံမည်ဟု သူယုံကြည်သည်။

♣ ♣ ♣

နေဝန်းနီသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုး
ကွယ်ပျောက်စပြုနေပြီ ဖြစ်သည်။

ထို့ကြောင့်...

ဖြစ်သည်။ သူထံတွင် ငွေကြေးတစ်ပြားတစ်ချပ်မှလည်း ပါမလာပါ။

ငွေကြေးပါမလာသောကြောင့် အကြီးအကျယ် အခက်ကြုံသွားရသည်။

လမ်းတစ်လျှောက်လုံးတွင် ကြင်နာသနားတတ်သော အဘွားအိုများ၊ အမျိုးသမီးများသည် သူ့အား သနားသဖြင့် ပေးကမ်းစွန့်ကြဲကြသည်။ သူရုပ်ရည်ကလည်း သူတောင်းစားသာသာ ရှိနေသဖြင့် ဤသို့ ပေးကမ်းစွန့်ကြဲကြခြင်း ဖြစ်တော့သည်။

ထို့ကြောင့်လည်း သူသည် ငါးရက်တိုင်တိုင် ခံနိုင်ရည်ရှိနေခဲ့ခြင်းဖြစ်သည်။

တကယ်တော့...

သူသည် ကျို့လင်ကွမ်းမြို့သို့ သွားရန်ဖြစ်သည်။

သူဖခင်သည် ကျို့လင်ကွမ်းမြို့သို့ မကြာခဏသွားရောက်တတ်သည်ကို သိရှိထားသည် မဟုတ်ပါလော... ။

သို့သော်...

လမ်းမှားသွားသဖြင့် ယခုကဲ့သို့ တောအုပ်ထဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သူသည် လမ်းမှားနေသောကြောင့် တောအုပ်ထဲ၌ တဝဲလည်လည်ဖြင့် လျှောက်နေရသည်။

သို့သော်...

သူသည် တောအုပ်ထဲ၌ အရိုန်ကုန်သာ ကုန်သွားသည်။

လမ်းရှာ၍ မရပါချေ။

နောက်ဆုံးတွင်...

သူသည် ဝေဒနာပြင်းထန်လာပြီး မြေပေါ်သို့ လဲကျကာ သတိမေ့သွားလေတော့သည်။

ည...

လခြမ်းပဲ့ကလေးသည် တောင်ကုန်း၏နောက်ကွယ်မှ မေးတင်နေ၏။

ကောင်းကင်ပေါ်၌ တိမ်စိုင်တိမ်လိပ်များ လုံးဝမရှိပါ။

ရွက်ကြွေများပေါ်တွင် လဲလျောင်းနေသော ယဲ့စီယံသည် အေးစိမ့်သော ညဦးလေ၏တိုက်ခတ်မှုကြောင့် ပြန်လည်သတိရလာသည်။

သူသည် သတိရလာသည်နှင့် ထထိုင်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်သော အခါ သူပတ်ဝန်းကျင်တွင် သစ်ပင်များကိုသာ တွေ့မြင်ရသည်။ ထိုအခါကျမှ သူသတိရလာသည်။ သူသည် ဤတောအုပ်ထဲ၌ ဒုမ္မလဲကျခဲ့သည် မဟုတ်ပါလော။

ထို့နောက်...

သူသည် စေတနာရှင်တစ်ဦးက သူ့ကိုပေးလိုက်သည့် အသားလွတ်ပေါက်စီတစ်လုံးကို ထုတ်၍စားလိုက်တော့သည်။

လရောင်သည် သစ်ရွက်ကြားမှ ထိုးကျလာသည်။

ယဲ့စီယံသည် အသားလွတ်ပေါက်စီကို စားရင်းမှ ကုန်းရုန်းထလိုက်သည်။

သူအနေဖြင့် ဤနေရာတွင် ထိုင်နေ၍အကျိုးရှိမည် မဟုတ်ပါ။ ထိုင်နေခြင်းဖြင့် သူဖခင်ကို ရှာဖွေတွေ့ရှိမည် မဟုတ်ပါ။ ဤသို့ဖြင့်

သူသည် ယိုင်နဲ့သောခြေလှမ်းများဖြင့် ခရီးဆက်လေတော့သည်။

သူသည် ဆက်လက်လျှောက်သွားရင်း တောအုပ်ထဲမှ ထွက်လာနိုင်ခဲ့သည်။

သို့သော်...

လူအများ သွားလာနေသော မင်းလမ်းဘက်သို့ မဟုတ်ပါ။ ကွင်းပြင်တစ်ခုသာ ဖြစ်ပါသည်။

သူသည် ခေါင်းမော့ကြည့်လိုက်သောအခါ ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ တလက်လက် တောက်ပနေသည်ကို တွေ့မြင်ရသည်။

ကွင်းပြင်၏အလယ်ဗဟိုဌ ထင်းရှူးပင်များ အနည်းငယ်ရှိနေသည်ကို တွေ့ရသည်။

သို့သော်...

အနည်းငယ်ဟုသာ ဆိုသော်လည်း အပင်လေးငါးဆယ်ခန့် ရှိသည်။

ထိုထင်းရှူးပင်များသည်ပင်စည်က အလွန်ကြီးမားသော်လည်း အမြင့်က သိပ်မရှိပါချေ။

သူသည် မောဟိုက်လာသဖြင့် မြေပေါ်သို့ ထိုင်ချလိုက်သည်။

လေထုသည် စိုထိုင်းနေသည်ကို တွေ့ရသော်လည်း သူ၏နှုတ်ခမ်းမှာမူ ခြောက်သွေ့၍နေသည်။

သူသည် အလွန်ရေငတ်လာသဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ချောင်းငယ်သို့မဟုတ် စမ်းချောင်းငယ်များ တွေ့လိုတွေ့ငြား ရှာဖွေကြည့်ခြင်းဖြစ်သည်။

သို့သော်...

ရေလုံးဝရှာမတွေ့ပါ။

သူသည် သစ်သီးဝလံများ ရနိုင်မည်ဆိုလျှင် ရေတော်ပြေမည်ဟု တွေးနေမိသည်။

ထို့ကြောင့်...

သူသည် သစ်သီးဝလံများကို လိုက်လံရှာဖွေမိသည်။

ထိုအချိန်...

လေတစ်ချက်ဝှေ့ယမ်း တိုက်ခတ်လာသည်။

လေထဲတွင် ချောင်းရေစီးသံများကို သဲ့သဲ့မျှ ကြားလိုက်ရသည်။ သူသည် လွန်စွာအားတက်သွား၏။ သူ ရေစီးသံကို ကြားလိုက်ရပြီ မဟုတ်ပါလား။ ဤအနီးအနားတွင် ချောင်းငယ်သို့မဟုတ် စမ်းချောင်းငယ် တစ်ခုခုတော့ ရှိပေလိမ့်မည်။

ထိုရေစီးသံမှာ ထင်းရှူးပင်များကြားမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထို့ကြောင့်...

သူသည် ထင်းရှူးတောထဲသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားလေတော့သည်။

လခြမ်းပဲ့ကလေး၏ အလင်းရောင်သည် မြေပြင်ပေါ်သို့ ထိုးကျနေသည်။

သို့သော်...

ယဲ့စိမ်းသည် ထင်းရှူးတောထဲသို့ ဝင်ရောက်လိုက်သည်နှင့် မှောင်အတိကျသွားသည်ကို တွေ့မြင်ရသည်။

သူသည် ပထမတွင် ထင်းရှူးပင်များ ထူထပ်နေ၍ လရောင်သည် ထိုးဖောက်နိုင်စွမ်းမရှိဟု ထင်မှတ်လေသည်။

ထို့ကြောင့်...

ရဲစီးသံကြားရာသို့ ဦးတည်၍ လျှောက်သွားလေသည်။

သူသည် အမှောင်ထုထဲသို့ စမ်းတဝါးဝါးဖြင့် အတန်ကြာ လျှောက်သွားသော်လည်း ရေရှိရာသို့ မရောက်နိုင်သေးဘဲ ဖြစ်နေ၏။

သူသည် ခြေလှမ်းရပ်တန့်လိုက်ပြီး နားစွင့်လိုက်သည်။

ရဲစီးသံသည် သူ၏နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ပီပီပြင်ပြင် ကြားလိုက်ရသည်။

သူသည် နောက်ပြန်လှည့်လိုက်သည်။

ထို့နောက်...

သူသည် ရဲစီးသံရှိရာသို့ စမ်းတဝါးဝါးဖြင့် လျှောက်သွားပြန်သည်။

ဤတစ်ကြိမ် ချောင်းရှိရာသို့ ရောက်ရှိလိမ့်မည်ဟု သူထင်မိထားသည်။

သို့သော်... သူသည် အတန်ကြာ လျှောက်သွားသော်လည်း ချောင်းရှိရာသို့ မရောက်ဘဲရှိနေ၏။

ထို့ကြောင့်... သူသည် စိတ်ထဲ၌ သံသယရှိလာကာ ခဏခြေလှမ်းရပ်လိုက်ရသည်။

ရဲစီးသံသည် သူ၏ညာဘက်မှ ထွက်ပေါ်လာပြန်လေသည်။

ယခုမှ သူသည် ဝို၍သံသယ ဖြစ်လာလေသည်။

"ထူးတော့ တော်တော်ထူးတယ်..."

သူသည် ဝေနာရှင်ဖြစ်သဖြင့် အိပ်ရာထဲ လဲနေခဲ့ရသည်။ သူ့ဖခင်က အိပ်ရာထဲတွင် စာပေသင်ကြားပေးခဲ့သဖြင့် စာတတ်သည်။ စာပေများစွာ ဖတ်ခဲ့သည်။ သူ၏ဗဟုသုတဖြင့် ရဲစီးသံ အမျိုးမျိုးပြောင်းနေသည်ကို စဉ်းစားနေလေ၏။

ထိုထင်းရှူးတောမှာ အတော်ကို ထူးဆန်းနေသည်ဟုသာ သူစဉ်းစားနိုင်တော့သည်။

သူသည် ဆက်လက်လျှောက်မနေတော့ဘဲ မြေပေါ်သို့ ထိုင်ချလိုက်သည်။

ဤထင်းရှူးတောသည် ရိုးရိုးထင်းရှူးတောမဟုတ်ဘဲ ဝင်္ကပါတောတစ်ခု ဖြစ်နေသည်ကိုလည်း ဆင်ခြင်သုံးသပ်မိသည်။

သူသည် ထိုကဲ့သို့စဉ်းစားမိလိုက်သည်နှင့် မိမိဖတ်ရှုသင်ကြားခဲ့ဖူးသော ဝင်္ကပါပညာရပ်အား ပြန်လည်စိတ်ကူးကြည့်လိုက်မိလေ၏။

ထိုအခါ...

သူသည် တုတ်ချောင်းဖြင့် မြေပြင်ပေါ်သို့ ရေးခြစ်လိုက်သည်။

ထို့နောက်... သူသည် မျက်မှောင်ကြုတ်၍ မိမိဝင်ခဲ့သော နေရာအား ပြန်လည်စဉ်းစားနေသည်။

သူသည် မျက်မှောင်ကြုတ်၍ အတန်ကြာရေးခြစ်ပြီးနောက် ထခုန်မတတ် ဝမ်းသာသွားသည်။

"သိပြီ..."

သူသည် ယင်းသို့အော်ဟစ်ရင်း ရေးခြစ်ထားသော အရာများအား ခြေထောက်ဖြင့် ပယ်ဖျက်လိုက်လေသည်။

ယခု...

ထိုထင်းရှူးတောမှာ တစ်စုံတစ်ယောက်က ဂြိုဟ်၏အနေအထားကိုတွက်ချက်၍ နိုက်ဗျိုးထားခြင်း ဖြစ်သည်ကို နားလည်လိုက်မိသည်။ ထိုဝက်ပါကို သူဖတ်ရှုခဲ့ဖူးသည် မဟုတ်ပါလော။

ထိုဝက်ပါထဲသို့ မည်ကဲ့သို့ ဝင်ထွက်ရမည်ကိုလည်း နည်းလမ်းရှာဖွေရပြီး ဖြစ်သည်။

ထို့ကြောင့်...

သူသည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေတော့သည်။

သူသည်ဘယ်ဘက်၌ရှိသော ထင်းရှူးပင်သုံးပင်ကို ကျော်ဖြတ်ပြီး ခြေလှမ်းရပ်လိုက်သည်။

တစ်ဖန် ညာဘက်မှာရှိနေသော ထင်းရှူးပင်လေးပင်အား ကျော်ဖြတ်လိုက်သည်။

ထို့နောက်... သူသည် ရှေ့သို့ခြေနှစ်လှမ်းတိုးလျှောက်လိုက်ပြီး ညာဘက် လှည့်လိုက်သည်။

တစ်ဆက်တည်းမှာပင်...

သူသည် နောက်သို့ခြေတစ်လှမ်း တည့်တည့်ဆုတ်လိုက်ပြီးမှ ရှေ့သို့ခြေလှမ်းတည့်တည့် လျှောက်သွားလိုက်သည်။

ခြေလှမ်းနှစ်ဆယ်ခန့် လျှောက်မိလိုက်သည်နှင့် ကောင်းကင်ပေါ်မှ လခြမ်းပဲကလေးအား ပြန်လည်တွေ့မြင်လိုက်ရတော့သည်။

သူသည် အလွန်ဝမ်းသာသွားလေသည်။

သူငယ်စဉ်က သင်ကြားထားသော ပညာရပ်များအား ယခုကဲ့သို့ အကျိုးအတည်း ဖြစ်နေချိန်တွင် အသုံးချနိုင်ခဲ့သဖြင့် ဝမ်းသာစေခြင်းမှာ အပြစ်ဆိုဖွယ်ရာမရှိပါ။

သူသည် ကြယ်ကလေးများ ပြည့်နှက်နေသော ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

သူ၏ရင်ထဲ၌ အလွန်ပီတိဖြစ်နေ၏။

ထိုအချိန်မှာပင်...

သူ၏လည်ကုပ်ပေါ်၌ ပူလောင်သော အငွေ့အသက်တစ်ခုကို ခံစားလိုက်ရသည်။

တစ်စုံတစ်ယောက်က သူ့နောက်မှနေ၍ လေပူမှုတ်နေသည်ဟု ထင်မှတ်မိသည်။

ယဲ့စီယံသည် ရင်ထိတ်သွားလေ၏။

သူသည် နောက်သို့ချာခနဲ လှည့်ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော်...

သူ၏နောက်ဘက်တွင် မျောက်ညိုကြီးတစ်ကောင် ရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

"အား...."

ယဲ့စီယံသည် ထိတ်လန့်တကြား အော်ဟစ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

အခန်း [၃]

ကံကောင်းသူ

ယဲ့စိယံသည် မျောက်ညိုကြီး လိုက်လာလိမ့်မည်ဟု ယုံကြည်သဖြင့် နောက်သို့လှည့်မကြည့်ဝံ့ဘဲ မရပ်မနား ပြေးလွှားနေမိ၏။

သို့သော်...

သူ၏ကျန်းမာရေးမှာ အလွန်ချို့တဲ့နေသောကြောင့် မော ဟိုက်လာပြီး မြေပေါ်သို့ ဟပ်ထိုးလဲကျသွားလေတော့သည်။

ထိုအခါ...

သူ၏ ဦးခေါင်းသည် မြေပြင်နှင့်ဆောင့်မိ၍ မိုက်ခနဲဖြစ်ကာ သတိလစ်မေ့မျောသွားသည်။

မည်မျှအချိန်ကြာသွားသည် မသိပါ။

သူသည် တဖြည်းဖြည်း သတိရလာသည်။

ထိုအခါ...

အလွန်မွေးကြိုင်သောအနံ့တစ်ခု သူနှာခေါင်းထဲသို့ တိုးဝင်လာသည်ကို သူသိလိုက်လေ၏။

ထိုမွေးကြိုင်သောအနံ့ကို ရှူရှိုက်မိသည်နှင့် သူ၏ရင်ထဲ၌ အလွန်မွန်းကျပ်နေသည့် ဝေဒနာများ တစ်မဟုတ်ချင်း သက်သာသွားသည်ကို ခံစားလိုက်ရသည်။

သူသည် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

နံနက်ခင်း၏ နွေးထွေးသော နေရောင်ခြည်သည် ကမ္ဘာလောကပေါ်သို့ ထိုးကျနေ၏။

ထိုအခါ...

သူသည် ထင်းရှူးတော၏ အပြင်ဘက်၌ရောက်ရှိနေသည်ကိုလည်း အံ့သြစွာတွေ့ရှိလိုက်ရလေတော့သည်။ ဤနေရာသည် အလွန်ထူးဆန်း၏။ ကျောက်တုံးများ တည်ရှိနေပုံမှာ သာမန်ကျောက်ထူထပ်သောနေရာမှ ကျောက်တုံးများ တည်ရှိနေပုံမျိုးမဟုတ်ပါ။

ကျောက်တုံးများ၏အလယ်တွင် သေးငယ်သောတွင်းကလေး တစ်တွင်းရှိသည်။

ထိုတွင်းထဲ၌ အနီရောင်အရည်များ ပြည့်နေ၏။

ကျောက်တုံးများကြား၌မူ တစ်ပေခန့်ရှိသော သစ်ပင်ငယ် တစ်ပင်ခန့် တွေ့ရှိရသည်။

ထိုသစ်ပင်ငယ်၏ အမြစ်များမှာ ကျောက်တုံးများကြား၌ တွယ်ကပ်နေလေသည်။

ထိုသစ်ပင်ငယ်တွင် အရွက်များ လေးငါးရွက်ရှိလေသည်။ မြေမရှိသောနေရာ၌ ပေါက်နေသည့် အပင်ကလေးပင်တကား။ အလွန်ထူးဆန်းပါ၏။

ထိုအရွက်များသည် စိမ်းလန်းစိုပြည်နေ၏။

သစ်ပင်ငယ်တွင် အရောင်မျိုးစုံ ထွက်ပေါ်နေသော သစ်သီးငယ်တစ်လုံးသီးနေ၏။ မည်သည့်သစ်သီးမျှ ထိုသို့ အရောင်မျိုးစုံမထွက်ချေ။

မွေးကွင်းသောအနုသည် အသီးမှ ထွက်ပေါ်နေခြင်းဖြစ်၏။

ယုံစိယသည် ရေတော်နေသဖြင့် ထိုအသီးကို ခူးယူပြီး စားလိုက်သည်။

ထိုသစ်သီးအား စားသောက်ပြီးသောအခါ ဝမ်းထဲ၌ အလွန်အေးစိမ့်သွားသည်ဟု ခံစားလိုက်ရသည်။

ထိုသစ်သီးအား စားသောက်လိုက်သဖြင့် ရေတော်ပြေသွားသည်။ သူသည် ရေတော်ခြင်းဝေဒနာကို ခံစားနေခဲ့ရသည် မဟုတ်ပါလော။ ယခုတော့ ပျောက်သွားပေပြီ။

ယခုမှ သူသည် ဝန်းကျင်အား လေ့လာကြည့်လိုက်သည်။

ရုတ်တရက်...

သူ၏ဝမ်းထဲ၌ အလွန်ပူလောင်သော အငွေ့အသက်တစ်ခုက ခြေလက်ရှိရာသို့ ကူးစက်သွားသလို ခံစားလိုက်ရသည်။

ထိုအပူငွေ့သည် ဝိုး၍ဝိုး၍ ပူလောင်လာသည်။

ယုံစိယသည် အပူဒဏ်ကို မခံနိုင်တော့သဖြင့် ချွေးသီးချွေးပေါက်များ ကျလာသည်။

ပူပြင်းလှသော ဝေဒနာကို ခံစားနေရသဖြင့် ရေတော်လာလေသည်။ သစ်သီးကို ထပ်မံစားလိုသဖြင့် ကြည့်သော်လည်း သစ်သီးမရှိတော့ပေ။

ထို့ကြောင့်...

ယုံစိယသည် ကျောက်တုံးများအလယ်ရှိ တွင်းကလေးထဲမှ အနီရောင်အရည်များကို သောက်လိုက်ရလေတော့သည်။

ထိုအရည်များအား သောက်ချလိုက်သောအခါမှ အပူဒဏ်များ တဖြည်းဖြည်းပပျောက်သွားလေတော့သည်။ ဩဘာ... အပူငြိမ်းသည့် အနီရောင်အရည်များပေတကား။

ယုံစိယသည် ယခုမှ သက်သာရာ သွားသည်။

"အင်း... ငါစားသာစားလိုက်ရတယ်... ဘာအသီးမှန်းမသိဘူး ပူလိုက်တာလည်းလွန်ရော... ဒီအနီရောင် အရည်ကယ်ပေလို့ပေါ့... နို့မဟုတ်ရင်... ငါ ဘာဖြစ်မလဲ မသိဘူး... "

သူသည် ယင်းသို့ပြောပြီးသည်နှင့် သစ်ပင်ငယ်ဧရိယာအား ကြည့်လိုက်ရာ အလွန်အံ့သြသွားသည်။

အဘယ့်ကြောင့်ဆိုသော်...

စောစောက စိမ်းလန်းနေသော သစ်ပင်ငယ်သည် ခြောက်သွေ့သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

"ဟောဗျာ... ဘယ်လိုဖြစ်သွားတာပါလိမ့်... "

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ရှေ့သို့လျှောက်သွားမိလေတော့သည်။

ခြေလှမ်းငါးဆယ်ခန့် လျှောက်လာမိသောအခါ အလွန်ကြီးမားသော ရေကန်တစ်ခုအား တွေ့မြင်လိုက်ရသည်။

ထိုအခါ...

ယုံစိယမှာ ဝမ်းသာသွားသည်။

ဤနေရာတွင် တစ်စုံတစ်ယောက်သောသူ နေထိုင်လိမ့်မည်

ဟု ယုံကြည်မိလိုက်သောကြောင့်ပေတည်း။

ရောကန်၏အနီးတွင် တံတားတစ်ခုရှိသည်။

ထိုတံတားနှင့်ရောကန်၏ အလယ်၌ တည်ဆောက်ထားသော အဆောက်အအုံတစ်ခုကို ဆက်သွယ်ထားသည်။

ထိုအဆောက်အအုံသည် ဝါးများဖြင့် တည်ဆောက်ထားသော်လည်း အဝါရောင်ခြယ်သထားသောကြောင့် ကဗျာဆန်လှသည်။

ယဲ့စိယ်သည် လှမ်းကြည့်လိုက်၏။

အဆောက်အအုံ၏ အခြားတစ်ဘက်၌ တံတားတစ်ခုသည် တစ်ဘက်ကမ်းရှိ ဝါးတောထဲသို့ ရောက်ရှိနေသည်ကို တွေ့ရသည်။

ရောကန်၏ ပတ်ဝန်းကျင်၌လည်း ပန်းများသည် ရောင်စုံပွင့်နေ၏။

ရောကန်ထဲ၌ ကြာပန်းများသည် လှပစွာ ပွင့်နေ၏။

ယဲ့စိယ်သည် တံတားပေါ်သို့ တက်သွားပြီး အဆောက်အအုံရှိရာသို့ လျှောက်သွားလေတော့သည်။

အဆောက်အအုံ၏ အရှေ့ဘက်၌ အလွန်ကြီးမားသော ဒယ်အိုးတစ်လုံးရှိသည်

ယင်းဒယ်အိုးသည် ကြေးဝါးဖြင့် ပြုလုပ်ထားသည်။

ထိုဒယ်အိုး၏အနက်မှာ ခြောက်ပေခန့်ရှိသည်။

အဆောက်အအုံတစ်ခုလုံးတွင် ထိုဒယ်အိုးတစ်လုံးမှလွဲ၍ အခြားမည်သည့်ပစ္စည်းမှမရှိပါ။

ဒယ်အိုး၏ရှေ့တွင် ဝါးဖြင့်ယက်လုပ်ထားသော ဖျာတစ်ချပ် ရှိသည်။

ထိုဖျာပေါ်တွင် စာအုပ်တစ်အုပ်ရှိသည်။

ထိုစာအုပ်တွင် မျက်နှာဖုံးပင် မရှိတော့ပါ။

သူသည် ထိုဖျာအနီးသို့ လျှောက်သွားလိုက်သည်။

ပြီးလျှင်...

စာအုပ်ကလေးအား ကောက်ယူလိုက်သည်။

ထို့နောက်...

သူသည် ဖျာပေါ်သို့ ထိုင်ချလိုက်ပြီး တစ်ရွက်ချင်းလှန်၍ ကြည့်လိုက်လေသည်။

စာအုပ်ပေါ်မှစာများသည် စုတ်တံဖြင့် ရေးသားထားခြင်းဖြစ်သည်။

ယဲ့စိယ်သည် စူးစမ်းလိုသောစိတ်များ ရုတ်တရက်ပေါ်လာသည်။

ထို့ကြောင့်...

သူသည် စာရွက်ကိုလှန်၍ ဖတ်လိုက်မိသည်။ သူသည် ငယ်စဉ်ကတည်းက စာအုပ်များကို မြတ်နိုးစွာ ဖတ်ရှုခဲ့သည် မဟုတ်ပါလော။

ဤသို့ဖြင့်...

သူသည် စာရွက်ကို တစ်ရွက်ပြီးတစ်ရွက်လှန်၍ ဖတ်လိုက်မိတော့သည်။

ထိုစာအုပ်ထဲ၌ အတွင်းအားများကို မည်ကဲ့သို့ လေ့ကျင့်ရမည်ကို ရေးသားထားသည်။

နောက်ဆုံးစာမျက်နှာတွင် စိတ်နှင့်ပတ်သက်သော ကျင့်စဉ်

များ ပါရှိသည်။

သူသည် စာအုပ်ထဲ၌ ဖော်ပြထားသော နည်းလမ်းများကို စမ်း၍ လေ့ကျင့်ရန် အလွန်စိတ်ဝင်စားလာသည်။

ထို့ကြောင့်...

သူသည် ထိုစာအုပ်အား အကြိမ်ကြိမ်ဖတ်၍ မှတ်သားထားလိုက်လေတော့သည်။

သူသည် ယင်းသို့ဖတ်ပြီးနောက် ထိုစာအုပ်အား ဖျာပေါ်သို့ ပြန်လည်ချထားလိုက်လေ၏။

ယဲ့စီယံသည် အဆောက်အအုံအတွင်းမှ ထွက်ခဲ့သည်။

သူသည် တစ်ဘက်တံတားပေါ်သို့ ဆက်၍လျှောက်သွားလိုက်၏။

တစ်ဘက်ကမ်းသို့ ရောက်ရှိသွားသောအခါ ကျောက်တုံးကလေးများဖြင့် ခင်းထားသော လူသွားလမ်းကလေးတစ်ခုကို တွေ့မြင်လိုက်ပြန်သည်။

ထို့ကြောင့်...

ယဲ့စီယံသည် လမ်းကလေးအတိုင်း ဆက်လက်လျှောက်သွားလိုက်၏။

လမ်းကလေးသည် ကွေ့ကောက်စွာဖြင့် ဝါးရုံတောတစ်ခုထဲသို့ ဝင်ရောက်သွားလေတော့သည်။

အတန်ကြာ လျှောက်သွားပြီးသောအခါ ဝါးတောထဲမှ ထွက်နိုင်ခဲ့သည်။

သူသည် ရှေ့သို့ဆက်၍လျှောက်သွားရာ မြေပြန့်တစ်နေရာသို့

ရောက်ရှိလာသည်။

ထိုမြေကွက်လပ်ပေါ်၌ တဲအိမ်တစ်လုံး ရှိနေသည်ကို တွေ့မြင်ရပြန်သည်။

တဲအိမ်နှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် ဧရတံခွန်တစ်ခု စီးဆင်းကျနေသည်ကို တွေ့မြင်လိုက်ရသည်။ တကယ်တော့ ဤနေရာကလေးမှာ လွန်စွာနေချင်စဖွယ် ရှိလှသည်။

သို့သော်...

တဲအိမ်ထဲ၌မူ လူတစ်ယောက်မျှ မတွေ့ရချေ။

ယဲ့စီယံသည် ရေတံခွန်အစပ်သို့ ဆင်းကာ ရေတဝေါက်လိုက်လေတော့သည်။

သူသည် ရေတံခွန်မှ ထွက်ခွာလာပြီးနောက် ထင်းရှူးတောအား အလွယ်တကူပင် ဖြတ်ကျော်လာနိုင်ခဲ့သည်။

ထို့ပြင်...

သူသည် လာစဉ်တုန်းက ဖြတ်ကျော်ခဲ့သော တောအုပ်အားချောမောစွာ ဖောက်ထွက်လာနိုင်ခဲ့သည်။

တောအုပ်အတွင်းမှ ထွက်လာမိသောအခါ သူသည် အလွန်ပျော်ရွှင်သွားသည်။

ထိုတစ်နေ့တာ ခရီးသည် သူအဖို့ အလွန်ပျော်ရွှင်သည်ဟု ခံစားမိသည်။

စင်စစ်...

ထိုတစ်နေ့တာခရီးသည် သူ၏ဘဝ တစ်ခုလုံးအား အကြီးအကျယ် ပြောင်းလဲသွားသည်ကိုမူ သူမသိလိုက်ပါချေ။

ဤသို့ဖြင့်...

နေဝင်ဆည်းဆာအချိန်တွင် ကျို့လင်ကွမ်းမြို့သို့ ဦးတည်နေသော လမ်းခရီးပေါ်သို့ ရောက်ရှိသွားသည်။ သူ၏ ကံကောင်းခြင်းပင် ဖြစ်တော့သည်။

ထို့ကြောင့်...

အားတက်၍ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာစဉ် သူ၏ ခြေထောက်သည် တစ်စုံတစ်ခုနှင့် ခလုတ်တိုက်မိပြီး မြေပေါ်သို့ မှောက်လျက်ကျသွားသည်။

"ဝုန်း... "

ထို့ကြောင့်...

သူ၏ ဦးခေါင်းတစ်ခုလုံးမှာ မူးဝေသွားလေသည်။

သူသည် လူးလိမ့်၍ထကာ ပြန်လှည့်ကြည့်လိုက်သောအခါ မိမိခလုတ်တိုက်မိသောသူမှာ အဘိုးအိုတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်ရသည်။

ထိုအဘိုးအိုသည် အစိမ်းရောင်နဂါးရုပ်ပါရှိသော တောင်ဝှေးကိုပိုက်၍ လမ်းလယ်တွင် အိပ်စက်နေသည်ကို တွေ့မြင်ရလေသည်။

သူသည် စိတ်လောကြီးစွာ လှမ်းခဲ့ခြင်းကြောင့် အဘိုးအိုအား မမြင်ဘဲ ဝင်တိုက်မိခြင်းဖြစ်သည်။ တောင်းပန်ခြင်း တောင်းပန်လျှင် အဘိုးအိုကို သူကသာ တောင်းပန်ရပေလိမ့်မည်။

အဘိုးအိုသည် ဤအတိုင်းသာ အိပ်ပျော်နေလျှင် ဒုက္ခရောက်နိုင်သည်ဟု တွေးမိကာ သူသည် အဘိုးအိုအား လှုပ်နှိုးလိုက်မိလေ၏။

"ဒီမှာအဘ... ထပါဗျာ... ဒီမှာ အိပ်နေရင် ဒုက္ခရောက်သွားနိုင်တယ်... "

သို့သော်...

အဘိုးအိုသည် တစ်ဘက်သို့ လှည့်လိုက်ပြီး ဆက်လက်အိပ်ပျော်နေသည်။

ယဲ့စီယံသည် အကြိမ်ကြိမ်နှိုးလိုက်သော်လည်း အဘိုးအိုက လုံးဝမနိုးပါ။

ယဲ့စီယံသည် နှိုး၍မရသည့်နောက်ဆုံး သူ၏အပေါ်အင်္ကျီကို ချွတ်၍ အဘိုးအို၏ခန္ဓာကိုယ်ပေါ်သို့ ခြုံပေးလိုက်သည်။

ထို့နောက်...

သူသည် ဆက်လက်ထွက်ခွာရန် ခြေလှမ်းပြင်လိုက်လေတော့သည်။

ထိုစဉ်...

အဘိုးအိုထံမှ စကားသံကို ကြားလိုက်ရတော့သည်။

"ဒီသူငယ်က မဆိုးဘူး... "

ယဲ့စီယံသည် နောက်သို့လှည့်ကြည့်လိုက်ရာ အဘိုးအိုက သူ့အား ပြုံးစစဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် အဘိုးအိုမှာ အိပ်မက်မက်၍ ယောင်နေသည်ဟု ထင်မှတ်ကာ ဆက်လက်လျှောက်သွားတော့သည်။

အဘိုးအိုသည် ယဲ့စီယံထွက်သွားသည်ကို တွေ့မြင်ရသောအခါ လဲနေရာမှ ထလိုက်သည်။

ယဲ့စီယံ၏ ရှေ့သို့ရောက်သောအခါ ကန့်လန့်ဖြတ် လဲအိပ်လိုက်တော့သည်။

ယဲ့စီယံသည် ထိတ်လန့်သွားလေ၏။

ယဲ့စီယံသည် ကျို့လင်ကွမ်းမြို့သို့ ရောက်ရှိလျှင် ဖခင်နှင့်တွေ့ဆုံရတော့မည်ဖြစ်၍ ဝမ်းသာစိတ်ဖြစ်ပြီး လျှောက်နေစဉ် သူ့ရှေ့သို့ လူရိုပ်တစ်ခု ကန့်လန့်ဖြတ်ကျလာသဖြင့် လန့်သွားသည်။ သူ၏ခြေလှမ်းကို အချိန်မီမရပ်နိုင်သဖြင့် ထိုအရာဖြင့် တိုက်မိပြန်သည်။

"ဝုန်း... "

ယဲ့စီယံသည် မှောက်လျက် လဲကျသွားပြန်လေ၏။

သူသည် ပြင်းထန်စွာ ဆောင့်မိသွားသဖြင့် ခြေလက်များ နာကျင်ပြီး ဦးခေါင်းတစ်ခုလုံး မူးနောက်သွားသည်။

သူသည် လဲကျရာမှ အားယူ၍ ထလိုက်သည်။

ထို့နောက်...

သူသည် ခလုတ်တိုက်မိသော အရာပတ္ထုအား သေချာစွာ ကြည့်လိုက်သည်။

ထိုအခါ...

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ် သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်...

သူခလုတ်တိုက်မိသော အရာမှာ ပထမတစ်ကြိမ် ခလုတ်တိုက်မိသော အဘိုးအိုဖြစ်နေသောကြောင့်ပေတည်း။

သူ့ရှေ့ပေးထားသော အပေါ်အင်္ကျီမှာလည်း အဘိုးအို၏ ခန္ဓာကိုယ်ပေါ်၌ မြို့လွှမ်းလျက်ပင် ရှိနေ၏။

သူသည် အလွန်ဉာဏ်ကောင်းသော လူငယ်တစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

ထိုအဘိုးအိုမှာ ထိပ်တန်းသိုင်းပညာရှင် ဖြစ်မည်ဟု အကဲခတ်မိလိုက်သည်။

သူသည် အဘိုးအို၏အနားသို့ ဒူးထောက်ထိုင်ချလိုက်ပြီး...

"ဒီမှာအဘ... လမ်းလယ်မှာ အိပ်နေလို့ မကောင်းပါဘူး... တော်ကြာ... မြင်းလှည်းတွေ ဖြတ်ကျော်သွားရင် အဘခုက္ခရောက်နိုင်ပါတယ်... "

ဟုတရိုတသေ ပြောလိုက်လေသည်။

ထိုအခါ...

အဘိုးအိုသည် ဒေါသတကြီးဖြင့်...

"သွားစမ်းပါ... ငါ့ကို လာမနှောင့်ယှက်နဲ့... "

ယဲ့စီယံသည် အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ ဒူးထောက်ရာမှ ထလိုက်လေ၏။

ထို့နောက်...

သူသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

အမှန်မှာ...

သူသည် ကျို့လင်ကွမ်းမြို့သို့ အချိန်မီသွားရန်သာ စိတ်စောနေ၏။

အကယ်၍...

မိုးချုပ်သွား၍ မြို့တံခါးပိတ်သွားလျှင် မြို့ထဲသို့ မဝင်နိုင်မည်ကို စိုးရိမ်နေ...

အဘိုးအိုသည် ယဲ့စိယ်မှာ အသက်ငယ်ရွယ်သော်လည်း လူကြီးသူမအပေါ် ရိုသေလေးစားသည့်စိတ်ထားရှိသည်ကို တွေ့ရသဖြင့် ပို၍ သဘောကျသွားလေသည်။

သူသည် ကိုယ်ဖော်ပညာကို အသုံးပြုပြီး ယဲ့စိယ်အား ကျော်လွှားသွားလေသည်။

ထို့နောက်...

သူသည် ယဲ့စိယ်၏ရှေ့သို့ လှဲချလိုက်လေသည်။

ယဲ့စိယ်သည် ထိုအဘိုးအိုအား လမ်းလယ်တွင် လဲနေသည်ကို တွေ့မြင်လိုက်သော်လည်း သူ၏အရှိန်ကို မတတ်နိုင်သဖြင့် ခြေထောက်နှင့် လှုတ်တိုက်မိပြန်၏။

"ဝုန်း..."

ဤတစ်ကြိမ်တွင် ယဲ့စိယ်မှာ လုံးဝမထနိုင်တော့ပါ။

အဘိုးအိုမှာ မျက်မှောင်ကြုတ်သွားသည်။

သူသည် မနေနိုင်တော့ဘဲ ထကြည့်လိုက်လေသည်။

ယဲ့စိယ်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ သွေးရောင်မရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး သတိလစ်နေသည်ကို တွေ့မြင်ရလေသည်။

အဘိုးအိုသည် ယဲ့စိယ်၏ သွေးကြောများအား စမ်းသပ်ကြည့်လိုက်သည်။

ထိုအခါ...

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟောဗျာ... ဒီသူငယ်က ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးကြောလွဲတဲ့ ရောဂါဝေဒနာရှင်ပါလား..."

သူသည် မယုံကြည်နိုင်စွာ ယဲ့စိယ်အား ထပ်မံစမ်းသပ် စစ်ဆေးကြည့်လိုက်သည်။သူသည် များများမစမ်းသပ်ရပါ။ လက်မှ သွေးကြောကို စမ်းသပ်ရုံသာဖြစ်သည်။

ထိုအခါမှ...

ယဲ့စိယ်သည် သွေးကြောလွဲသော ရောဂါဝေဒနာရှင် တစ်ယောက်ဖြစ်မှန်း တိကျစွာ ယုံကြည်သွားလေတော့သည်။

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်၏။ သွေးကြောလွဲဝေဒနာ၏ဆိုးကျိုးကို သူကောင်းစွာသိသည်။

"ဒုက္ခပါပဲ... ဒီဝေဒနာမျိုးရှိတဲ့ ကလေးတစ်ယောက်ဟာ ဘယ်လိုမှ သက်ဆိုးရှည်နိုင်မှာ မဟုတ်ဘူး..."

သူသည် ယင်းသို့တွေးမိပြီး ကရုဏာသက်သော မျက်လုံးအစုံဖြင့် ယဲ့စိယ်အား ကြည့်လိုက်သည်။

"ဒီလောက်စိတ်ထားကောင်းမြတ်တဲ့ လူငယ်တစ်ယောက်ကို ငါ... အဆုံးရှုံးမခံနိုင်ဘူး... ငါ အသက်နဲ့ရင်းပြီး သူ့ကိုကယ်တင်ရမယ်..."

အဘိုးအိုသည် ယင်းသို့ဆုံးဖြတ်ပြီးသည်နှင့် ယဲ့စိယ်အား ပခုံးပေါ်တွင် ထမ်းပိုး၍ ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။ သူအနေဖြင့် နားခိုရာ တစ်ခုခု ရှာရပေမည်။ သိုင်းသမားများ နားခိုရာမှာ ခက်ခဲလှပါသည်။

သူသည် ဘုံကျောင်းပျက်တစ်ခုဆီသို့ ရှေးရှုပြေးနေခြင်း ဖြစ်သည်။

အဘိုးအိုသည် ယဲ့စိယ်အားထမ်း၍ ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက်...

ဘုံကျောင်းပျက်အတွင်းမှ အမှိုက်များ၊ အကျိုးအပဲ့များကို ဖယ်ရှားပြီး ယုံစိယ်အား ချထားလိုက်သည်။

အဘိုးအိုသည် ဆေးလုံးတစ်လုံးကိုယူ၍ ယုံစိယ်၏ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

ပြီးလျှင်...

သူသည်တင်ပျဉ်ခွေထိုင်၍ အတွင်းအားကို စုစည်းလိုက်သည်။

ထို့နောက်...

သူ၏ ညာဘက်လက်ဝါးသည် ယုံစိယ်၏လည်ကုပ်ပေါ်ရှိ သွေးကြောပေါ်သို့ ဖိထားလိုက်သည်။

ဘယ်ဘက်လက်ဝါးသည် နောက်ကျောပေါ်ရှိ သွေးကြောတစ်နေရာသို့ ဖိထားလိုက်သည်။

ထိုအခါ...

အတွင်းအားများသည် ယုံစိယ်၏ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေတော့၏။

ထမင်းတစ်အိုးကျက်ခန့် အချိန်ကြာသွားသောအခါ အဘိုးအိုပို့ဆောင်လိုက်သော အတွင်းအားများသည် ယုံစိယ်၏ ဝမ်းဗိုက်ထဲမှ အင်အားတစ်ခုနှင့် ဆုံမိသွားသည်ဟု ခံစားလိုက်ရသည်။

ထိုအခါ...

အဘိုးအိုသည် လမ်းကြောင်းပြောင်းလိုက် ပြန်သည်။

ဤတစ်ကြိမ်တွင်...

သူ၏ အတွင်းအားများသည် အဟန့်အတားမရှိတော့ဘဲ

ယုံစိယ်၏ ခန္ဓာကိုယ်တွင်းသို့ ပို့ဆောင်နိုင်ခဲ့လေ၏။

တစ်ခဏအကြာတွင် အဘိုးအိုပို့ဆောင်ပေးသော အတွင်းအားများသည် ယုံစိယ်၏ သွေးကြောလမ်းကြောင်းတစ်ခုလုံး လည်ပတ်သွားစေနိုင်ခဲ့သည်။

အဘိုးအိုသည် မိမိ၏အတွင်းအားများကို ပို့ဆောင်ပေးရသောကြောင့် သူ၏ ငယ်ထိပ်ပေါ်တွင် အခိုးအငွေ့များ တထောင်းထောင်းထွက်ပေါ်နေသည်။

ထိုအချိန်မှာပင်...

အနက်ရောင် လူရိုပ်တစ်ခုသည် ဘုံကျောင်းပျက်ထဲသို့ တိတ်တဆိတ်ဝင်ရောက်လာလေတော့၏။

ထိုလူရိုပ်သည် အဘိုးအိုက ယုံစိယ်အား အတွင်းအားသွင်းပေးနေသည်ကို တွေ့မြင်လိုက်ရသောအခါ သဘောကျပြီး တဟားဟားရယ်မောလေတော့၏။

"ဟား... ဟား... ဟား..."

သူသည် ရယ်မောရင်း အဘိုးအို့ရှေ့သို့ တစ်လှမ်းချင်းတိုးသွားသည်။

"ဒီမှာ... မိတ်ဆွေ... အခုလို အချိန်မျိုးမှာ ကျုပ်တို့ ဆုံမိတာ... ခင်ဗျားအတွက် ကံဆိုးသွားတာပေါ့ဗျာ..."

ထိုစကားသံကြောင့် အဘိုးအိုသည် မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူသည် ထိုလူငယ်အား တွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်သွား၏။

ယခုလို အခြေအနေမျိုးဌ သေရေးရှင်ရေးတမျှ အရေးကြီးနေသည်။

သူသည် အတွင်းအားသွင်းပေးနေရာမှ ရုတ်တရက် ရပ်တန့်လိုက်လျှင် ယဲ့စိယ်အသက်ဆုံးရှုံးနိုင်သည်။ တစ်ပိုင်းတစ်စ အားပြတ်သွားနိုင်သည်။

ထို့ကြောင့်...

သူသည် ရွံမုန်းသောအကြည့်ဖြင့် ထိုလူအား စိုက်ကြည့်လိုက်သည်။ စကားမပြောနိုင်ပါ။

အနက်ရောင်ဝတ်ဆင်ထားသူသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ကျုပ်က ဝိညာဉ်နက်သိုင်းသမားလေ... ခင်ဗျား မမှတ်မိတော့ဘူးလား... "

သူသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး စကားဆက်လိုက်၏။

"ဒီတစ်ခါတော့... ခင်ဗျား သေဖို့သာပြင်ထားပေတော့... "

သူသည် ယင်းသို့ပြောပြီး လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

ထိုအခါ...

အဘိုးအိုသည် ယဲ့စိယ်ဒုက္ခမများစေလိုသဖြင့် မရှောင်တော့ပေ။ သူမျက်လုံးများကိုသာ မှိတ်လိုက်သည်။

"ဝုန်း... "

ဝိညာဉ်နက်သိုင်းသမား၏ လက်ဝါးသည် အဘိုးအို၏ကျောပြင်အား ရိုက်ချလိုက်သည်။

ထိုအခါ...

အဘိုးအို၏ ခန္ဓာကိုယ်ထဲမှ ပို့ဆောင်ပေးနေသော အတွင်းအားများက အလိုအလျောက် တုံ့ပြန်လိုက်သောကြောင့် ရိုက်သူ၏ လက်ဝါးမှာ ထုံကျင်သွားသည်။

"ဝုန်း... "

သူလက်ဝါး ရိုက်ချက်မိလျှင် အဘိုးအိုသေဆုံးသွားရမည်ဟု သူထင်ခဲ့သည်။ အဘိုးအိုသည် လဲကျမသွားချေ။

ထို့ကြောင့်...

သူသည် နောက်သို့အလိုလို ဆုတ်သွားမိသည်။

ထိုအချိန်မှာပင်...

အဘိုးအိုသည် ထိုင်ရာမှ ထလာလေတော့၏။

သူသည် အေးစက်ခက်ထန်သော မျက်လုံးအစုံဖြင့် ဝိညာဉ်နက်သိုင်းသမားအား စိုက်ကြည့်လိုက်သည်။

ဝိညာဉ်နက်သိုင်းသမားသည် အဘိုးအို မသေဘဲရှိနေသည်ကို မြင်သောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ထိတ်လန့်တုန်လှုပ်စွာ နောက်ဆုတ်သွားသည်။

ထို့နောက်...

အနက်ရောင် ဝတ်ဆင်ထားသူသည် ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

အဘိုးအိုသည် ကြာရှည်စွာ မရပ်နိုင်တော့ပါ။

"ဝုန်း... "

သူသည် အရုပ်ကြိုးပြတ် မြေပြင်ပေါ်သို့ လဲကျသွား၏။

သူ၏ခန္ဓာကိုယ်တွင်းရှိသော အရိုးများသည် တစ်ခုနှင့်တစ်ခု

အရှိတ်အဆက်မမိတော့ဘဲ လွဲချော်လာသည်ကို ခံစားသိရှိလိုက်ရသည်။

သူ၏ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ယင်လာသည်။
သူသည် သေရမည်ကို ကြောက်သည့် လူမဟုတ်ပါ။
ထို့ကြောင့်...
သူသည် မျက်လုံးများကို မှိတ်ထားလိုက်လေတော့သည်။

အခန်း [၄]

ဘဝအပြောင်းအလဲ

ရာသီစက်ဝန်းသည် အမြဲတစေ လည်ပတ်ရွေ့လျားနေ၏။
အရိုန်သည်လည်း တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည်။
ကောင်းကင်တစ်ခုလုံးမှာ မှိုင်းညိုနေ၏။
ဤရက်များတွင် မိုးများအဆက်မပြတ် ရွာသွန်းနေသောကြောင့် မြေပြင်တစ်ခုလုံးတွင် ရွံ့ဗွက်များထနေသည်။
လမ်းသွားလမ်းလာများမှာ ခြေချော်မလဲစေရန် သတိကြီးစွာထား၍ သွားလာနေကြရ၏။
ထိုစဉ်...
အဝေးဆီမှ မြင်းလှည်းတစ်စီးကို ထွားကျိုင်းသော မြင်းနှစ်ကောင်ကဆွဲလျက် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာလေ၏။
မြင်းလှည်းဘီးဖြတ်ကျော်သွားသော နေရာများဟွင် ရွံ့ဗွက်များစဉ်၍ အလွန်နက်သော ဘီးရာနှစ်ခု ကျန်ရှိခဲ့သည်။

မြင်းလှည်းပေါ်၌ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသော လူနှစ်ယောက်ထိုင်နေ၏။

သူတို့၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အင်္ကျီအင်္ကျီ အစားများသည် ရွှံ့ဖွက်များ၊ ဖုံမှုန့်များကြောင့် မဲညစ်ပေရေနေပြီး အရောင်အဆင်းပင် မပေါ်တော့ပါ။

ထိုအချိန်မှာပင်...

မြင်းလှည်းပေါ်၌ ထိုင်နေသော လူနှစ်ယောက်အနက် ဘယ်ဘက်မှ ထိုင်နေသောသူက ဦးခေါင်းပေါ်တွင် ဆောင်းထားသော ခမောက်အား အနည်းငယ်ဆွဲချလိုက်ပြီး စကားစလိုက်သည်။

သူသည် သူမျက်နှာအား ဖုံးကွယ်ထားချင်ပုံရသည်။

"စင်လုံ... တို့ခရီးထွက်လာတာ ဆယ်ရက်တောင်ရှိပြီနော်... အခုလို ရာသီဥတုမျိုးမှာ ခရီးထွက်ရတာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်... "

စင်လုံဆိုသူက လက်ကာပြလိုက်သည်။

"တော်ပါလျှံမားရာ... အခုပဲ 'ထန်'ဂေဟာကို ရောက်တော့မယ်မဟုတ်လား... "

လျှံမားဆိုသူက နားမလည်နိုင်ဟန်ဖြင့်...

"ဒါနဲ့... စင်လုံ... ငါတို့ ဂေဟာမှူးက ဒီလောက်ချည့်သည်တွေကို ဖိတ်တာ သူမှာ... ဘာအကြောင်းရှိလို့လဲ... "

စင်လုံက ရယ်မောလိုက်ပြီး...

"ဒါနဲ့တောင်... မင်းကမသိတာ အံ့ပါရဲ့... "

လျှံမားက မျက်လုံးလှန်ကြည့်လိုက်ပြီး...

"မင်းကသိလို့လား... "

စင်လုံက ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"သိတာပေါ့... "

ထိုစကားကြောင့် လျှံမားမှာ စိတ်ဝင်စားသွားသည်။

"သိရင်ပြောပြစမ်းပါ... "

စင်လုံက ဝင့်ကြွားစွာဖြင့်...

"ကဲ... ငါပြောပြမယ်... အခုလို ချည့်သည်တွေကို ဖိတ်ကြားတဲ့အကြောင်းကတော့... ငါတို့ ဂေဟာပိုင်ရှင်ရဲ့သား သိုင်းပညာသင်ကြားအောင်မြင်လို့ ပြန်လာတော့မှာမို့ အားလုံးနဲ့ မိတ်ဆက်ပေးချင်လို့ပဲ ပြောမယ်ဆိုရင်တော့... သားအတွက် ဂုဏ်ယူချင်လို့ပေါ့ကွာ... "

လျှံမားမှာ မျက်မှောင်ကုတ်သွားသည်။

"သူက ဘယ်ကိုသွားပြီး ပညာသင်တာလဲ... "

စင်လုံက သွက်လက်စွာ ပြန်ဖြေလိုက်၏။

"ထန်စန်းတောင်ကိုပဲ... "

လျှံမားသည် စင်လုံအား တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဒီလိုဆိုရင်... တို့ရဲ့ဂေဟာပိုင်ရှင်ရဲ့သားက သိုင်းလောကကို ခြေချတော့မှာလား... "

စင်လုံက ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့... ဒါမှလည်း သိုင်းလောကသားအားလုံးနဲ့ ဆက်သွယ်ဖို့မယ် မဟုတ်လား... "

လျှံမားက သဘောပေါက်သွားဟန်ဖြင့်...

"ဒီလိုကိုး... ဒါကြောင့် အခုတလော ဂေဟာပိုင်ရှင်က ပြိုးပြိုးရှင်ရှင်ဖြစ်နေတာကိုး... "

စင်လုံက စကားဆက်လိုက်သည်။

"ဟုတ်တယ်... ဒါတင်မကသေးဘူး... ရွေးမလောင်းတစ်ယောက်ကိုလည်း တစ်ခါတည်းရွေးချယ်လိမ့်မယ်လို့ သိရတယ်... "

လှုံ့မားသည် စင်လုံအား အုံဩဟန်ဖြင့် ကြည့်လိုက်ပြီး...

"ဩော်... မင်းက အကုန်လုံးသိနေတာကိုး... "

စင်လုံက မဲ့ပြုံးပြုံးလိုက်ပြီး...

"ငါတစ်ယောက်တည်း သိတာမဟုတ်ပါဘူး... အားလုံးကသိနေကြတယ်... မင်းတစ်ယောက်တည်းပဲ အားရင်အရက်သောက်နေတော့ ဘယ်သိပါ့မလဲ... "

လှုံ့မားသည် လက်ကာပြလိုက်ပြီး...

"တော်ပါတော့ကွာ... ရောက်ခါနီးနေပြီ... မြန်မြန်သာမောင်းပေတော့... တို့ရိုးထွက်လာတာလည်း ကြာပြီဆိုတော့ အတော်ပင်ပန်းနေပြီကွ... "

ထိုအခါ...

စင်လုံသည် ဘာမျှပြန်မပြောတော့ဘဲ မြင်းလှည်းကိုသာ အရှိန်ပြင်းစွာ မောင်းနှင်လာလေတော့သည်။

သူတို့ဦးတည်မောင်းလာသော အဆောက်အအုံမှာ ထွက်မပြေးနိုင်ပါ။

အလွန်ကြီးမားသော အဆောက်အအုံတစ်ခုသည် ကျုံးတစ်ခုကိုခြားရံ မားမားမတ်မတ်တည်ရှိနေသည်။

အလွန်မြင့်မားသော အနီရောင်အုတ်နံရံသည် ကြီးမားသော အဆောက်အအုံအား ကာရံထားသည်။

ထိုကြီးမားသော အုတ်နံရံ၏ နောက်ကွယ်တွင် အဆောက်အအုံကြီးများ ရှိနေသည်ကို တွေ့မြင်နိုင်သည်။

မြင်းလှည်းသည် ကျုံးပေါက်ဝ ဖွဆောက်ထားသော တံတားပေါ်သို့ ရောက်ရှိလာလေပြီ။

ထို့ကြောင့်...

မြင်းလှည်း၏အရှိန်ကို လျှော့ချလိုက်ပြီး အုတ်တံတိုင်းအတွင်းသို့ မောင်းနှင်ဝင်ရောက်သွားလေ၏။

မြင်းလှည်းပေါ်မှ စင်လုံနှင့်လှုံ့မားတို့ နှစ်ယောက်သည် အစောင့်များကို နှုတ်ဆက်ကာ အုတ်တံတိုင်းအတွင်းသို့ မြင်းလှည်းကို မောင်းဝင်သွားသည်။

ဤသို့ဖြင့်...

မြင်းလှည်းသည် သဲများခင်းထားသော မြေကွက်လပ်တစ်ခုကို ဖြတ်ကျော်ပြီး ကျောက်တုံးကလေးများဖြင့် ခင်းထားသော လမ်းကလေးအတိုင်း ဆက်လက်မောင်းနှင်သွားသည်။ ဂေဟာဝင်းကြီးက ကျယ်လှသည် မဟုတ်ပါလော။

ထို့နောက်...

ဂေဟာကြီး၏ အနောက်ဘက်သို့ ရောက်ရှိသွားသောအခါ စင်လုံသည် မြင်းလှည်းကို ရပ်တန့်ပြီး အောက်သို့ခုန်ဆင်းလိုက်သည်။

သူသည် မြင်းလှည်းပေါ်၌ ကျန်ရစ်ခဲ့သော လှုံ့မားကို ပြောလိုက်၏။

"လှုံ့မား... မင်းက မြင်းလှည်းကို သွားသိမ်းထားလိုက်ပါ... ပြီးရင် မြင်းကိုလည်း အစာကျွေးပါလို့ ပြောလိုက်... အခု... ကျွန်ုပ်က အိမ်တော်ထိန်းဆီကိုသွားပြီး သတင်းပို့မယ်... တော်ကြာမှ ပြန်တွေ့ကြတာပေါ့... "

သူသည် စကားဆုံးသည်နှင့် ထွက်ခွာသွားလေ၏။

လျှံမားသည် မြင်းလှည်းအား မြင်းဧောင်းထဲသို့ မောင်းနှင်သွားသည်။

သူသည် မြင်းလှည်းပေါ်မှ ခုန်ချလိုက်ပြီး သူထံသို့လျှောက်လာသော လူငယ်တစ်ယောက်အား လှမ်းမြှောလိုက်သည်။ သူသည်လည်း အထိုက်အလျောက် သြဇာရှိသည်။

"ဟော... ကောင်လေး... မြင်းကို ခေါ်သွားစမ်း... သေသေချာချာ အစာကျွေးထားနော်... "

"ဟုတ်ကဲ့ခင်ဗျာ... "

လူငယ်သည် မြင်းကို မြင်းလှည်းမှဖြုတ်လိုက်ပြီး အစာကျွေးရန် ခေါ်ဆောင်သွားသည်။

ထိုမြင်းနှစ်ကောင်သည် လူငယ်နှင့် အတော်ရင်းနှီးပုံရသည်။ မြင်းနှစ်ကောင်ကို၏ ပုံစံကိုကြည့်လိုက်ကတည်းက အတော်လန်းဆန်းသွားပုံရသည်။ မြင်းတို့သည် လူငယ်၏ပြုစုမှုကို ခံယူပြီး မြင်းဧောင်းထဲတွင် အေးချမ်းစွာအစာစားရင်း အနားယူကြလေ၏။

လူငယ်သည် သူ၏တာဝန်ပြီးဆုံးသွားပြီးနောက် မြင်းဧောင်းအနီးရှိ အခန်းကလေးတစ်ခုထဲသို့ ပြန်ဝင်သွားတော့သည်။

သူသည် အခန်းထဲသို့ ပြန်ဝင်သွားသည်နှင့် မျက်နှာသုတ်ပဝါတစ်ထည်ကိုယူလိုက်ပြီး အင်္ကျီကိုချွတ်၍ ကိုယ်လက်သန့်စင်လိုက်၏။

သူသည် မိမိ၏ကျစ်လစ်သန်မာသော ခန္ဓာကိုယ်ကို မှန်ပြင်တွင် ကြည့်လိုက်ပြီး တီးတိုးရေရွတ်လိုက်၏။

"အင်း... လွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက ငါဟာ ကျန်းမားရေးရှို့တဲ့ လူတစ်ယောက်ပါ... အခုတော့... ငါဟာ ကျန်းမာကြံ့ခိုင်တဲ့ လူငယ်တစ်ယောက်ဖြစ်လာပြီ... ဒါတွေဟာ ဟိုအဘိုးအို၏ ကျေးဇူးပါ

ဘဲ... ဘိုးဘိုးရယ်... ဘိုးဘိုး၏ ကျေးဇူးဟာ ကြီးမားလှပါတယ်... ကျွန်တော်ဟာ ဘိုးဘိုး၏ကျေးဇူးကို ဆပ်တဲ့အနေနဲ့ သိုင်းလောကအတွက် မြင့်မြတ်တဲ့ အလုပ်တွေကို လုပ်ပေးပါတယ်... "

သူသည် လှိုက်လှဲစွာပြောပြီး ဝမ်းနည်းကြေကွဲ နေလေတော့၏။

သူသည် သူ့အားကယ်တင်ခဲ့သူ အဘိုးအို၏ ရုပ်သွင်အား ပြန်လည်မြင်ယောင်လာ၏။

ထိုလူငယ်သည် ယုံစိယံပင်ဖြစ်လေ၏။

ယုံစိယံသည် အဝတ်အစားများ လဲလှယ်၍ ကွပ်ပျစ်ပေါ်သို့ လှဲချလိုက်သည်။

ထို့နောက်...

လွန်ခဲ့သော တစ်နှစ်ကျော်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များအား ပြန်လည်မြင်ယောင်လာမိသည်။

ထို့နေ့က...

သူသည် ကျို့လင်ကွမ်းမြို့သို့ အရောက်ကြီးသွားခဲ့သည်။

လမ်းတွင် အဘိုးအိုတစ်ယောက်အား ခလုတ်တိုက်မိ၍ လဲကျသွားသည်။

အေးစိမ့်သောရာသီဥတုဒဏ်ကို ခံစားနေရသော အဘိုးအိုအား သနားမိသဖြင့် သူသည် မိမိ၏ အင်္ကျီအင်္ကျီကို ခွါပေးခဲ့သည်။ သူဆက်လက်ထွက်ခွာပြန်သောအခါ မည်သည့်အချိန်က သူ့ရှေ့သို့ ရောက်ရှိနေမှန်းမသိသော အဘိုးအိုအား ခလုတ်တိုက်မိပြန်သည်။

နောက်ဆုံးအကြိမ် ခလုတ်တိုက်မိသောအခါ သူသတိမေ့သွားသည်။

အတန်ကြာသောအခါ သူသည် ပြန်လည်သတိရလာ၏။

သူသတိရလာသောအခါ မိမိမှာ အေးစိမ့်သော ကျောက်ပြား ပေါ်၌ လဲလျောင်းနေသည်ကို တွေ့ရှိရသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်အတိကျနေ၏။

နံရံပေါ်၌ ဆီမီးအိမ်တစ်လုံး ချိတ်ထားလေသည်။

မိမိမှာ နှုတ်ရုပ်တုတစ်ခု၏ နောက်ဘက်တွင် လဲလျောင်းနေခြင်းဖြစ်သည်ကို သိရှိလိုက်ရသည်။

သူ၏မျက်လုံးအစုံသည် တဖြည်းဖြည်းရွေ့လျား၍ ကြည့်လိုက်ရာ ကြမ်းပြင်ပေါ်၌ လဲလျောင်းနေသော အဘိုးအိုအား တွေ့မြင်လိုက်ရသည်။

သူသည် အဘိုးအိုအား မြင်တွေ့လိုက်သောအခါမှ မိမိခလုတ်တိုက်ပြီး ချော်လဲခဲ့ကြောင်း ပြန်လည်သတိရလာလေသည်။

"ငါမူးလဲနေတာကို... သူက ငါ့ကို ဒီခေါ်လာတာကိုး... "

သူသည်ယင်းသို့တွေးမိပြီး လဲလျောင်းနေရာမှ ထလိုက်သည်၊ ထို့နောက်...

သူသည်၊ အဘိုးအိုထံသို့ ချဉ်းကပ်သွားသည်။

"အဘ... အဘ... "

ထိုအခါ...

အဘိုးအိုသည် မျက်လုံးဖွင့်ကြည့်လိုက်ပြီး...

"မင်း... မင်းသတိရလာပြီ ဟုတ်လား... "

အဘိုးအို၏ အသံသည် အားနည်း၍နေသော်လည်း ဝမ်းသာဝီတိဖြစ်နေသည်ကို တွေ့မြင်ရသည်။

"ဟုတ်ကဲ့ အဘ... အဘက ဘာဖြစ်နေလို့လဲ... "

ဟုဆိုသည် စကားပြောရန် ပါးစပ်ဟလိုက်သော်လည်း မပြောနိုင်ဘဲ ရှောင်းတဟွတ်ဟွတ်ဆိုးနေသည်။

ယုံစိယံမှာ မျက်မှောင်ကုတ်သွားသည်။

"အဘ... အဘ ဘာဖြစ်သွားတာလဲ... "

အဘိုးအိုက လက်ကာပြလိုက်သည်။

"မင်းအတွင်းအား လေ့ကျင့်ခဲ့ဖူးသလား... "

ယုံစိယံမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဗျာ... အတွင်းအား... အတွင်းအားဆိုတာ ဘာလဲခင်ဗျာ... "

အဘိုးအိုမှာ အုံ့ဩသွားလေ၏။

"အုံ့ဩစရာပဲ... မင်းက အတွင်းအားတောင် နားမလည်ဘဲ... ဘယ်နယ်... မင်းရဲ့ခန္ဓာကိုယ်မှာ အတွင်းအားတစ်ခု ငုပ်လျှိုးနေတာကို တွေ့ရပါလိမ့်... ဒါနဲ့ နေပါဦး... မင်းနာမည်က... "

ယုံစိယံသည် အဘိုးအိုအား ဖေးကူတွဲထူလိုက်ပြီး...

"ကျွန်တော့်နာမည်က ယုံစိယံပါ... "

အဘိုးအိုမှာ မျက်မှောင်ကြုတ်သွားသည်။

"မင်းအဖေက ဘယ်သူလဲ... "

ယုံစိယံက ပြန်လည်ဖြေလိုက်၏။

"ယုံချင်းပါ ခင်ဗျား... "

အဘိုးအိုသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"ယုံချင်းဟုတ်လား... ဒီနာမည် ငါကြားဖူးသလိုပဲ... "

အဘိုးအိုသည် ယင်းသို့ပြောပြီး အင်္ကျီအိတ်ထဲမှ အမည်းရောင်ဆေးလုံးနှစ်လုံးကို ယူ၍မျိုချလိုက်သည်။

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ စကားဆက်လိုက်၏။

"ငါ မင်းကိုတွေ့ခဲ့တုန်းက မင်းရဲ့အရိုးအဆစ် တည်ဆောက်ပုံဟာ သိုင်းပညာသင်ကြားဖို့အတွက် အလွန်အောင်မြင်လိမ့်မယ်လို့ ယုံကြည်တယ်... ဒါကြောင့်... မင်းကို ငါတပည့်အဖြစ် လက်ခံဖို့ စိတ်ကူးထားတယ်... ဒါပေမယ့်... "

သူ ခတ္တရုပ်နားပြီးမှ စကားဆက်လိုက်သည်။

"မင်းကို စမ်းသပ်တဲ့အခါမှာ... မင်းဟာ သွေးကြောလွဲတဲ့ ဝေဒနာရှိတယ်ဆိုတာ တွေ့ရှိခဲ့ရတယ်... အဲဒီအချိန်မှာ... မင်းရဲ့ဝေဒနာပြန်ထလာလို့ သွေးကြောအားလုံးပိတ်ဆို့တော့မယ့် အခြေအနေဖြစ်နေတာကို တွေ့လိုက်ရတယ်... "

ယဲ့စိယံက ခေါင်းညိတ်ဝန်ခံလိုက်၏။

"ဟုတ်ပါတယ် အဘရာ... "

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ စကားဆက်လိုက်သည်။

"မင်းလိုလူမျိုးရဖို့ဆိုတာ အလွန်ခက်ခဲပါတယ်... ဒါကြောင့်... မင်းကို အသေမခံဘဲ ငါက... ငါ့ရဲ့ အတွင်းအားကို မင်းရဲ့ခန္ဓာကိုယ်ထဲ ပို့ပြီး မင်းအသက်ကို ကယ်ခဲ့တာပဲ...

ယဲ့စိယံသည် ယခုမှ အဘိုးအိုက မိမိ၏အသက် ကယ်ခဲ့သည်ကို သိရှိလိုက်ရတော့သည်။

သူသတိရလာသည်မှာ အဘိုးအို၏ ကျေးဇူးပေတည်း။

"ဒါကြောင့်... အဘက ဒဏ်ရာရသွားတယ်ပေါ့ ဟုတ်လား... "

အဘိုးအိုသည် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးကွာ... ငါက မင်းကို အတွင်းအားနဲ့ ကုသနေတုန်းမှာ ဝိညာဉ်နက်သိုင်းသမားက ငါ့ကို အလစ်ဝင် တိုက်ခိုက်လို့ပါ..

အောက်လမ်းဂိုဏ်းသားတွေအဖို့ ဒီအလုပ်တွေဟာ မဆန်းပါဘူး... သူတို့ အခွင့်ရေးသာရင် ဘာမဆိုလုပ်တာပါပဲ... "

ယဲ့စိယံမှာ ဒေါသထွက်သွားသည်။

"တော်တော်ယုတ်မာတဲ့လူဘဲ... ဒီလူကို ကျွန်တော်ဆုံးမလိုက်မယ်... "

အဘိုးအိုက လက်ကာပြလိုက်သည်။

"ဒါတွေထားပါတော့ကွာ... ဒါနဲ့... မင်းမှာ ဘာဆေးတွေ စားထားသေးလဲ... "

ယဲ့စိယံမှာ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် ဘာမှမစားပါဘူး... ဘာဖြစ်လို့လဲ... "

အဘိုးအိုသည် ယဲ့စိယံအား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းရဲ့ခန္ဓာကိုယ်ထဲမှာ အတွင်းအားတစ်ခု အလိုလိုရှိနေတာကို ငါတွေ့မိလို့ကွ... "

ထိုစကားကြောင့် ယဲ့စိယံသည် သစ်သီးတစ်လုံးနှင့် အနီရောင်အရည်များ စားသောက်ခဲ့သည်ကို သတိရလာလေသည်။

"ကျွန်တော်သတိရလာပြီ... ကျွန်တော် သစ်သီးတစ်လုံး စားခဲ့ဖူးတယ်... "

ထို့နောက်...

သူသည် သစ်သီးတစ်လုံးစားခဲ့ပုံနှင့် ကျောက်တွင်းထဲမှ အနီရောင်အရည်များ သောက်ခဲ့ရသည့် အကြောင်းများကို သေးစိတ်ပြောပြလိုက်လေတော့သည်။

ထိုအခါ...

အဘိုးအိုမှာ အံ့သြသွားသည်။

"မင်း အတော်ကံကောင်းတဲ့ သူငယ်ပဲ... ဒါကြောင့်... မင်းက အတွင်းအား အတော်ကိုကောင်းတာကိုး... အင်း... မင်းလို ကုသိုလ်ကံ မျိုးကတော့ တစ်သောင်းမှာတစ်ယောက်ပဲ ရှိမယ်... "

ယဲ့စီယံမှာ မျက်မှောင်ကုတ်သွားသည်။

"အဘာ... အဲဒီသစ်သီးက ဘာသီးလဲခင်ဗျာ... "

အဘိုးအိုသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့်...

"ဒါက အဆိပ်အလွန်ပြင်းထန်တဲ့ သက်တန့်ရောင် သစ်သီးပဲ... ဒီသစ်သီးကို စားမိတဲ့လူဟာ အတွင်းအားအလိုလို ကြီးထွားလာတယ်... ဒါပေမယ့်... အဆိပ်ရှိတဲ့အတွက် အလွန်ပူလောင်တယ်... မင်းက သိုင်း ပညာတတ်သူးဆိုတော့... ပိုပြီးခံရတယ်... တကယ်လို့... မင်းက ကျောက် တွင်းရောက်သာ အချိန်မီမသောက်မိရင် မင်းရဲ့တစ်ကိုယ်လုံး ပူလောင်ပြီး သေသွားနိုင်တယ်... မင်းရဲ့ကလီစာတွေ ထောင်ကျမ်းသွား နိုင်တယ်... အဟုတ်... အဟုတ်... "

အဘိုးအိုသည် စကားမဆုံးမီမှာပင် ချောင်းဆိုးလာပြန်သည်။

ထိုအခါ...

ယဲ့စီယံသည် အဘိုးအို၏နောက်ကျောအား အသာအယာ နှိပ် ပေးလိုက်၏။

အတန်ကြာမှ... အဘိုးအိုက စကားဆက်လိုက်သည်။

"မင်းပြောပြတဲ့အတိုင်းဆိုရင် မင်းရောက်တဲ့နေရာဟာ သိုင်း ပညာရှင်တစ်ယောက် နေထိုင်သွားတဲ့နေရာ ဖြစ်လိမ့်မယ်... မင်းကသာ ကြေးဒယ်အိုးထက် ရာဖွေကြည့်မယ်ဆိုရင်... ဒုံးထက်မက ရနိုင်တယ် ကွ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ပါတယ်... ဒါပေမယ့်... သူများပစ္စည်းကို ကျွန်တော် မယူချင်ပါဘူး... "

ထိုစကားကြောင့် အဘိုးအိုမှာ သဘောကျသွားသည်။

"ကောင်းတယ်... လူငယ်ဆိုတာ ဒီလိုစိတ်ထားမျိုးရှိရမယ်... "

ယဲ့စီယံသည် နိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

"ဩော်... အဘက ဒီအတိုင်းနေလို့ မဖြစ်ဘူးထင်တယ်... သမားတော်တစ်ယောက်ဆီကို သွားပြရင် မကောင်းဘူးလား... "

အဘိုးအိုက ခေါင်းခါယမ်းပြလိုက်သည်။

"မထူးတော့ပါဘူးကွာ... ငါ့ရဲ့အခြေအနေက တော်တော့်ကို ဆိုးရွားနေပါပြီ... "

ယဲ့စီယံမှာ စိတ်မကောင်းဖြစ်သွားရသည်။

"ကျွန်တော့်ကြောင့် အခုလိုဖြစ်ရတာ... ကျွန်တော် စိတ် မကောင်းပါဘူးဗျာ... "

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကံတရားပေါ့ကွာ... မင်းစိတ်မကောင်းစရာမလိုပါဘူး... အခု လို ငါသေဆုံးကာနီးချိန်မှာ မင်းရဲ့အသက်ကို ဆက်ပေးနိုင်ခဲ့တဲ့အတွက် ငါဝမ်းသာလှပါပြီ... "

ယဲ့စီယံသည် ယခုမှ ထိုအဘိုးအို၏ အမည်ကိုပင် မသိရသေး သည်ကို သတိရလိုက်သည်။

"ဒါနဲ့... အဘက ဘယ်သူလဲခင်ဗျာ... "

အဘိုးအိုက စကားဆက်လိုက်သည်။

"ငါနာမည်က 'ကျွန်း'အော့လို့ခေါ်တယ်... နဂါးစိမ်းဂိုဏ်းချုပ်

ဟောင်းဆိုပါတော့... "

သူသည် ယင်းသို့ပြောပြီး လက်ထဲမှ နဂါးစိမ်းတောင်ဝှေးအား လှမ်းပေးလိုက်သည်။

"ဟောဒါက... နဂါးစိမ်းတောင်ဝှေးပဲ... ငါ့ကို ကူညီတဲ့အနေနဲ့ လက်ရှိ နဂါးစိမ်းဂိုဏ်းချုပ်လက်ထဲ ဒီတောင်ဝှေးကို အပ်ပေးပါ... "

သူသည် ယင်းသို့ပြောပြီး စာအုပ်ယော်တစ်အုပ်အား လှမ်းပေးလိုက်ပြန်သည်။

"ဟောဒါက နဂါးစိမ်းသိုင်းရဲ့ နောက်ဆုံးသိုင်းကွက်ပါတဲ့ သိုင်းကျမ်းစာအုပ်ပဲ... မင်းက ပါသနာပါရင် လူမတွေ့အောင်ဖတ်ပါ... ဒီ့မဟုတ်ရင်... မင်းကို ရန်ရှာကြလိမ့်မယ်... "

ယဲ့စီယံသည် အဘိုးအို၏ ပစ္စည်းများအား လက်ခံလိုက်လေသည်။

"ဟုတ်ကဲ့ပါ အဘ... ကျွန်တော် ပို့ပေးပါ့မယ်... "

အဘိုးအိုသည် သူ၏အတွင်းကလီစာများ နာကျင်နေသော်လည်း မချိတင်ဆဲပြုံးလိုက်လေ၏။

"တစ်ခုတော့... မင်းကို အကူအညီတောင်းပါရစေ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ပြောပါအဘ... ကျွန်တော် တတ်နိုင်ရင် အသက်သေသွားပါစေ ဆောင်ရွက်ပေးပါ့မယ်... ကျွန်တော့် အသက်ဟာ အဘပေးတဲ့ အသက်ပါ... "

အဘိုးအိုက ပြုံးလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်ကွာ... ငါ့ရဲ့ နဂါးစိမ်းဂိုဏ်းကို ငါစိတ်မချဘူးကွ... ဒါကြောင့်... မင်းတစ်နေ့ သိုင်းပညာ အောင်မြင်လာတဲ့အခါ

မှာ ငါတို့ နဂါးစိမ်းဂိုဏ်းကို အစွမ်းကုန် ကူညီပါလို့... "

ယဲ့စီယံက ကတိပေးလိုက်လေသည်။

"စိတ်ချပါအဘ... ကျွန်တော် ကတိပေးပါတယ်... "

ထိုစကားကို ကြားလိုက်ရသောအခါ အဘိုးအိုမှာ စိတ်ချသွားသည်။

"ကောင်းပြီ... မင်းက သိုင်းပညာကိုသင်ကြားပါ... အင်္ကောင်းဆုံးကတော့ ထန်စန်းတောင်ကို သွားပါ... အဟွတ်... ဟွတ်... "

အဘိုးအိုသည် မောပန်းနွမ်းနယ်နေသည့်ကြားမှပင် စကားဆက်လိုက်၏။

"မင်း... မင်းတစ်နေ့ အောင်မြင်လာမှာပါ... ဒါကြောင့်... ငါသေရမှာ ကျေနပ်... "

အဘိုးအိုသည် စကားပင်ဆုံးအောင် မပြောနိုင်တော့ပဲ သေဆုံးသွားလေတော့သည်။

ယဲ့စီယံသည် အဘိုးအိုအား မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီးနောက် ကျို့လင်ကွမ်းမြို့သို့ ဆက်လက်ခရီး ထွက်လာခဲ့သည်။

ထို့နောက်...

သူသည် ကျို့လင်ကွမ်းမြို့သို့ ရောက်သောအခါ သူ၏ဖခင်အကြောင်းများကို စုံစမ်းမေးမြန်းပါသော်လည်း သူ၏ဖခင်အား ရှာမတွေ့ဘဲ ရှိနေ၏။

နောက်ဆုံးတွင်...

သူသည် သူဖခင်အား ထိပ်တန်းသိုင်းသမား များစွာက ပူလဲနှက်သိုင်းကျမ်းကြောင့် ဝိုင်းရံတိုက်ခိုက်ပြီး ငြဉ်းကွယ်သွားသည့်

အကြောင်းများအား ကြားသိလိုက်ရသည်။

ယဲ့စီယံသည် ဖခင်ဖြစ်သူနှင့်တွေ့ရန် မျှော်လင့်ကြီးစွာထားခဲ့သည်။

ယခုမူ...

ဖခင်ဖြစ်သူ၏ သတင်းကို ကြားလိုက်ရသောအခါ စိတ်မာတ်ကျသွားလေတော့၏။

ဤသို့ဖြင့်...

သူသည် အားကိုးရာမဲ့ခြေဦးတည့်ရာ လေလွင့်နေသောအခါ တစ်နေ့ သူသည် ကံအားလျော်စွာ 'ထန်' ဂေဟာမှ မြင်းလှည်းမောင်းသမားနှင့် ဆုံမိကြသဖြင့် ထိုမြင်းလှည်းသမားက သူ့အားသနားသဖြင့် 'ထန်' ဂေဟာထဲသို့ ခေါ်ဆောင်သွားပြီး မြင်းထိန်းသည့်အလုပ်ကို ပေးခဲ့သည်။

သူသည် အလုပ်ကို မခိုမကပ်ဘဲ လုပ်ခဲ့သည်။

ထို့ကြောင့်...

'ထန်' ဂေဟာမှ လူများသည် သူ့အားချစ်ခင်ကြသည်။

ထိုလူများထဲ၌ လောနှင်းစုအမည်ရှိသော အိမ်ဖော်တစ်ယောက်နှင့် ပို၍ရင်းနှီးခဲ့သည်။

လောနှင်းစုသည် သူထက် အသက်လေးနှစ်ကြီးသည်။

သူမသည် 'ထန်' ဂေဟာတွင် အိမ်ဖော်တစ်ယောက်ဖြစ်သော်လည်း ဩဇာအာဏာရှိ၏။

ဤဂေဟာတွင် သူမအမှုထမ်းခဲ့သည်မှာ ကြာမြင့်ခဲ့ပြီကိုး။

သူမကြောင့် ယဲ့စီယံမှာ ကိုယ်ပိုင်အခန်းတွင် နေထိုင်ခွင့်ရှိခဲ့သည်။

သူသည် 'ထန်' ဂေဟာတွင် လပေါင်းများစွာ နေထိုင်လာသောအခါ အလုပ်ကြမ်းများလုပ်ရသောကြောင့် သူ၏ခန္ဓာကိုယ် ထွားကျိုင်းသန်မာလာခဲ့သည်။

သူသည် ထင်းရှူးတောထဲမှ ဖတ်ခဲ့သော စာအုပ်အတိုင်း အားလပ်သောအချိန်၌ တစ်ကိုယ်တည်း လေ့ကျင့်ခဲ့၏။

ဤသို့ဖြင့် နေထိုင်လာခဲ့ရာ အတိုးအိုအား သတိရလာလေသည်။

ထို့အပြင်...

အတိုးအိုအား ပေးခဲ့သော ကတိကိုလည်း သတိရလာလေ၏။

ယခု သူသည် အတောင်အလက် စုံခဲ့ပြီ။ သိုင်းပညာလည်း အသင့်အတင့် တတ်ခဲ့ပြီ။ အတွင်းအားလည်း အတော်အသင့် ရှိခဲ့ပြီ။

ထို့ကြောင့်...

သူသည် 'ထန်' ဂေဟာမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူ၏ဆုံးဖြတ်ချက်ကို လောနှင်းစုအား ဖွင့်ဟပြောပြလိုက်သည်။

"မမ... ကျွန်တော် 'ထန်' ဂေဟာကနေ ထွက်သွားချင်ပြီ..."

လောနှင်းစုက ခေါင်းညိတ်လိုက်သည်။

"မောင်လေးရယ်... အပြင်လောကကြီးဟာ သိပ်ကျယ်ဝန်းပါတယ်... အန္တရာယ်လည်းများတယ်... ဒါပေမယ့် မောင်လေးမှာရည်မှန်းချက်ရှိနေတော့... မမ မတားချင်ပါဘူးကွယ်... မင်းရဲ့ရှေ့ဘဝခရီးအတွက် ဘယ်လိုလျှောက်သင့်သလဲဆိုတာ မမလည်း ဗုဒ်းစဉ်းစားမှာပေါ့ကွယ်..."

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်မမ... ဒီနေ့ည ကျွန်တော်စောင့်နေမယ် မမ လာမယ် မဟုတ်လား... "

လောနှင်းစုလည်း ခေါင်းညိတ်လိုက်ပါသည်။

အခန်း [၅]

ခရီးအဆင့်ဆင့်

ည...

ကောင်းကင်ပေါ်၌ လဝန်းသည် ထိန်ထိန်သာနေ၏။

စိမ်းလန်းသော မြက်ခင်းပြင်ပေါ်တွင် လူနှစ်ယောက်ထိုင်နေ၏။

ထိုလူနှစ်ယောက်မှာ ယဲ့စီယံနှင့် လောနှင်းစုတို့ပင် ဖြစ်ပါသည်။

ယဲ့စီယံသည် အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် မြက်ပင်များကို ငေးစိုက်ကြည့်နေ၏။

လောနှင်းစုသည် သူမ၏ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် နုနယ်ချောမောလှသော ယဲ့စီယံ၏မျက်နှာအား စိုက်ကြည့်နေသည်။

အတန်ကြာမှ...

ယဲ့စီယံသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မမ... ကျွန်တော်... ကျွန်တော့်အဖေကို သိပ်တွေ့ချင်တယ်... ဒါကြောင့်... ကျွန်တော့်အဖေကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်ပြီ... "

လောနှင်းစုက ခေါင်းညိတ်လိုက်သည်။

"သားဆိုတာ အဖေကိုတော့ ဘယ်အဆုံးရှုံးခံနိုင်မှာလဲကွယ်... ရှာရမှာပေါ့... ဒါပေမယ့်... မောင်လေးစဉ်းစားရမှာက မောင်လေးပြောပြသလို သိုင်းလောကသားတွေဟာ မောင်လေးအဖေဆီက သိုင်းကျမ်းကို လိုချင်ကြလို့ ဝိုင်းပြီးတိုက်ခိုက်ရင်း ပျောက်ဆုံးသွားတယ် မဟုတ်လား... "

ယဲ့စီယံသည် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့... ကျွန်တော် စုံစမ်းရင်း ဒီလိုပဲ ကြားခဲ့ပါတယ်... "

လောနှင်းစုက ဆက်ပြောလေ၏။

"မမ အကြံပေးချင်တာကတော့... မောင်လေးအရင်ဆုံး လုပ်ရမယ့် အလုပ်ကတော့ သိုင်းပညာကို ထူးထူးချွန်ချွန်ဖြစ်အောင် သင်ကြားသင့်ပါတယ်... ဒါမှသာ မောင်လေးအတွက် အသက်အန္တရာယ်စိတ်ချရမှာ... "

ယဲ့စီယံက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် သိုင်းပညာသင်ဖို့ မလိုဘူးထင်တယ် မမ... "

လောနှင်းစုမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ မောင်လေး... "

ယဲ့စီယံက ပြုံးလိုက်ပြီး...

"ကျွန်တော်က အဖေကို သွားရှာမယ်လူပဲ... သူများနဲ့ ရန်ဖြစ်စရာမလိုပါဘူး... "

လောနှင်းစုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"အဲဒါ ခက်တာပေါ့... စဉ်းစားကြည့်စမ်း... မောင်လေးက သိုင်းပညာမတတ်ရင်... နောက်ပြီး သိုင်းသမားတွေက မောင်လေးဟာ သူတို့ လိုက်ရှာနေတဲ့လူရဲ့သား ဖြစ်တာကို သိရှိသွားတာနဲ့ မောင်လေးကို ချမ်းသာပေးပါ့မလား... "

လောနှင်းစု၏ စကားသည် စဉ်းစားစရာ ကောင်းသည်။ ထို့ကြောင့် သူစဉ်းစားသည်။

ယဲ့စီယံသည် သဘောပေါက် နားလည်သွားသည်။

ထို့နောက်...

"ဒါလည်း ဟုတ်တာပဲ... ဒါပေမယ့်... ကျွန်တော်ဟာ သိုင်းလောကမှာ လူစိမ်းပဲ... ဘယ်သူက ကျွန်တော့်ကို သိုင်းပညာသင်ပေးမှာလဲ... "

လောနှင်းစုက ပြုံးလိုက်လေသည်။

"အို... သိုင်းပညာတတ်တဲ့ ပုဂ္ဂိုလ်တွေက အများကြီးရှိပါတယ် တစ်ယောက်ယောက်တော့ မောင်လေးကို သင်ပေးမှာပေါ့... "

ယဲ့စီယံသည် တစ်စုံတစ်ခုကို သတိရလာသည်။

"ဟုတ်ပြီ... ကျွန်တော်သတိရလာပြီ... ကျွန်တော်ရဲ့ ကျေးရွာရှင်အဘိုးအိုက ထန်စန်းကောင်ကို သွားခိုင်းတယ် မမရဲ့... "

ထိုစကားကြောင့် လောနှင်းစုမှာ မျက်လုံးပြူးသွားသည်။

"ထန်စန်းကောင်က အတော်ကိုဝေးတယ် မောင်လေးရဲ့... ငါ့မောင်သွားချင်ရင် ရွှေဆေးဂိုဏ်းကို သွားပါ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်... မမ စကားကို ကျွန်တော်နားထောင်ပါ့မယ်... "

သူသည် ယင်းသို့ပြောပြီး လောနှင်းစု၏မျက်နှာကို သေချာစွာစိုက်ကြည့်လိုက်၏။

ယဲ့စီယံ၏ စူးရှလှသော အကြည့်ဒဏ်ကြောင့် လောနှင်းစုမှာ ခေါင်းငုံ့သွားသည်။

သူ၏ပါးပြင်ပေါ်တွင် ရှက်သွေးရောင်များ သမ်းနေသည်။

အတန်ကြာမှ...

ယဲ့စီယံသည် အားမလိုအားမရဟန်ဖြင့် လောနှင်းစု၏နုနယ်လှသော လက်ကလေးတစ်ဖက်အား ဆွဲယူဆုပ်ကိုင်လိုက်ပြီး...

"ကျွန်တော်... မမနဲ့ မခွဲချင်ပါဘူးဗျာ... "

သူ၏အသံသည် သိသိသာသာပင် တုန်ယင်လှိုက်လဲ့နေသည်။

လောနှင်းစုသည် ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ပြီး...

"မမလည်း ဒီအတိုင်းပါပဲ... မောင်လေးရယ်... "

ယဲ့စီယံသည် လောနှင်းစုအား မြတ်နိုးစွာငေးကြည့်လိုက်ပြီး...

"ကျွန်တော် မမကို သံယောဇဉ်ရှိနေပြီဗျာ... "

ထိုစကားကြောင့် လောနှင်းစု၏ လှပသောမျက်နှာလေးမှာ ရှက်သွေးများ လွှမ်းသွားသည်။

"အို... မောင်လေးရယ်... "

ယဲ့စီယံသည် လောနှင်းစု၏လက်ကလေးအား ဖျစ်ညှစ်ဆုပ်ကိုင်ရင်း...

"ကျွန်တော် မမကို မြင်မြင်ချင်း သံယောဇဉ်ရှိခဲ့ပါတယ်... မမကရော ကျွန်တော့်ကို လက်ခံနိုင်ပါ့မလား... "

လောနှင်းစုသည် ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့ရှိုင့်မိသက်နေ၏။

ယဲ့စီယံသည် လောနှင်းစုအား ငေးစိုက်ကြည့်လိုက်ပြီး...

"မမ... ကျွန်တော့်ကို သံယောဇဉ်ရှိတယ် မဟုတ်လား... ဖြေပါဦး မမရယ်... "

သူသည် ယင်းသို့ပြောပြီး အားမလိုအားမရဟန်ဖြင့် လောနှင်းစု၏မျက်နှာလေးအား ဆွဲယူမော့လိုက်လေသည်။

"ဖြေပါဦးမမရယ်... ကျွန်တော် မမနဲ့ခွဲရခါနီးမှာ မမဆီက တိကျတဲ့အဖြေကို လိုချင်တယ်... မမရဲ့အဖြေဟာ ကျွန်တော့်ဘဝအတွက် သိပ်အရေးကြီးနေလို့ပါ... "

ထိုအခါ...

လောနှင်းစုသည် ယဲ့စီယံအား မငံ့မရဲ့ မော့ကြည့်လိုက်ပြီး ဖြည်းညင်းစွာ ပြောလိုက်၏။

"မောင်လေးကို မမ သံယောဇဉ် ရှိပါတယ်ကွယ်... "

ထိုစကားကြောင့် ယဲ့စီယံ၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

သူသည် ဝမ်းသာအားရဖြင့် လောနှင်းစု၏နူးညံ့ချောမွေ့သော ခန္ဓာကိုယ်လေးအား သိမ်းဖက်လိုက်လေတော့သည်။

"မမကို... ကျွန်တော်သိပ်ချစ်ပါတယ်ဗျာ... "

လဝန်းသည် ထိန်ထိန်သာနေ၏။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ လှပစွာ လင်းလက်နေသည်။

ညှဉ်ဦးလေပြည်သည် သိမ်မွေ့စွာ တိုက်ခတ်နေ၏။

လရောင်ဆမ်းသော မြက်ခင်းပြင်ပေါ်တွင် ချစ်သူနှစ်ဦး ချစ်တင်းနှောနေကြသည်။

လောနှင်းစုသည် ယဲ့စိယ်၏ရင်ခွင်တွင်းမှ တိုးထွက်လိုက်သည်။

သူမသည် ယဲ့စိယ်၏မျက်နှာအား မော့ကြည့်လိုက်ပြီး....

"မောင်လေးက ဘယ်တော့သွားမှာလဲ... "

ယဲ့စိယ်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် ချစ်သူအသစ်စက်စက်ကလေး၏ နဖူးပြင်အား ညင်သာစွာ နမ်းလိုက်ပြီး တီးတိုးပြောလိုက်လေ၏။

"ဖြစ်နိုင်ရင် ကျွန်တော် အမြန်ဆုံးသွားချင်ပါတယ် မမရယ်... "

လောနှင်းစုသည် နှမ်းလွသောမျက်နှာလေးဖြင့်...

"ဒါဆို... မောင်လေး မနက်ဖြန်သွားမယ်ပေါ့... "

ယဲ့စိယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့မမ... မနက်ကျရင် ကျွန်တော်သွားတော့မယ်... "

သူ၏စကားကြောင့် လောနှင်းစု၏ မျက်နှာလေးမှာ နှမ်းလွ ညှိုးငယ်သွားသည်။

သူမသည် ယဲ့စိယ်၏ရင်ခွင်တွင်းသို့ တိတ်ဆိတ်စွာ တိုးဝင်လိုက်၏။

ယဲ့စိယ်သည် လောနှင်းစု၏ခန္ဓာကိုယ်လေးအား ထွေးပက်ထားလိုက်လေတော့သည်။

ကောင်းကင်ပေါ်မှ လဝန်းသည် ရှက်ရွံ့သည့်အလား တိမ်

တိုက်ကြားသို့ ဝင်ရောက်ပုန်းကွယ်သွားသည်။

ထို့ကြောင့်...

ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိကျသွားလေတော့သည်။

နံနက်ခင်း၏ နေရောင်ခြည်သည် ကမ္ဘာလောကကြီးတစ်ခုလုံးအား ဖြန့်ကျက်လွှမ်းမိုးထားသည်။ ငှက်ကလေးများ၏ အော်မြည်သံမှအပ ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်။

'ထန်'ဂေဟာ၏ အနောက်ဘက်တံခါး....

ယဲ့စိယ်သည် တိတ်ဆိတ်စွာ ရပ်တန့်နေ၏။

သူ၏စူးရှတောက်ပသော မျက်လုံးအစုံသည် လှပချောမော သော လောနှင်းစု၏မျက်နှာလေးအား ငေးစိုက်ကြည့်နေသည်။

လောနှင်းစု၏ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံကလည်း ယဲ့စိယ်အား ငေးမောကြည့်နေသည်။

အတန်ကြာမှ...

ယဲ့စိယ်သည် လောနှင်းစု၏လက်ကလေးအား ဆွဲယူနမ်းရှိက်လိုက်ပြီး....

"မမ... ကျွန်တော်သွားတော့မယ်... "

လောနှင်းစုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီမောင်လေး... "

လောနှင်းစု၏ အသံသည် သိသိသာသာ တုန်ခါနေသည်။

ယဲ့စိယ်သည် အံ့ကိုတင်းတင်းကြိတ်လိုက်ပြီး...

"ကျွန်တော် အသက်ရှင်နေသရွေ့ မမကို သံယောဇဉ်ရှိနေမယ်... "

သူသည် ယင်းသို့ပြောပြီး လောနှင်းစု၏မျက်နှာလေးအား ငေးကြည့်လိုက်ပြီး ကတိပေးလိုက်သည်။

"ကျွန်တော်သိုင်းပညာ သင်ကြားပြီး... ကျွန်တော့်အဖေကို သိုင်းလောကမှာ ရှာဖွေမယ်... ကျွန်တော့်အဖေကို ပြန်တွေ့တဲ့တစ်နေ့မှာ မမဆီကို အရောက်ပြန်လာခဲ့မယ်... "

လောနှင်းစုသည် လှုပ်ရှားပြီးလိုက်ပြီး...

"မမစောင့်နေပါ့မယ် မောင်လေးရယ်... "

ယဲ့စီယံသည် ဘာမျှပြန်မပြောတော့ပါ။

သူသည် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

ငေးကြည့်နေသည့် လောနှင်းစု၏ မျက်ဝန်းအစုံမှ မျက်ရည်များ တသွင်သွင် စီးကျလာလေတော့သည်။

သူမသည် မျက်ရည်များကြားမှ တဖြည်းဖြည်းဝေးကွာသွားပြီဖြစ်သော ယဲ့စီယံ၏ နောက်ကျောပြင်အား ငေးစိုက်ကြည့်နေသည်။

သူမ၏ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်နေသည်။ နောက်ဆုံး မခံနိုင်တော့သည့်အဆုံးတွင် မြေပြင်ပေါ်သို့ ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ကာ မျက်နှာကို လက်ဖဝါးဖြင့် အုပ်ပြီး တသိမ့်သိမ့်ငိုကြွေးနေလေတော့၏။

♣ ♣ ♣

ရွှေဓားဂိုဏ်း...

ရွှေဓားဂိုဏ်းသည် သိုင်းလောကတွင် အလွန်ကျော်ကြားသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

သိုင်းလောကတွင် သိကျွမ်းသမာဓိရှိသော ဂိုဏ်းလည်းဖြစ်သည်။ အထက်လမ်း ဂိုဏ်းတစ်ဂိုဏ်းဟု သိုင်းလောကက အသိအမှတ်ပြုကြ၏။

ယဲ့စီယံသည် ရွှေဓားဂိုဏ်းဌာနချုပ်ရှေ့သို့ ရောက်ရှိလာသည်။

သူသည် အစောင့်သိုင်းသမားများအား ရွှေဓားဂိုဏ်းချုပ်နှင့် တွေ့ခွင့်ပေးရန် တောင်းပန်လိုက်၏။

"နောင်ကြီး... ရွှေဓားဂိုဏ်းချုပ်ကြီးကို တွေ့ပါရစေ ခင်ဗျာ..."

အစောင့်သည် ခက်ထန်စွာကြည့်ရင်...

"မင်းက ဘာကြောင့်ဂိုဏ်းချုပ်နဲ့ တွေ့ချင်ရတာလဲ... "

ယဲ့စီယံက...

"ဂိုဏ်းချုပ်ကြီးနဲ့ တွေ့တော့မှ ပြောပါရစေဗျာ... "

"မင်းကို တွေ့ခွင့်မပေးနိုင်ဘူး... "

အစောင့်သိုင်းသမားများက တွေ့ခွင့်မပေးကြချေ။

ဤသို့ဖြင့်...

ယဲ့စီယံနှင့် အစောင့်သိုင်းသမားများ စကားများနေချိန်တွင် လူတစ်ယောက်သည် သူတို့အနီးသို့ လျှောက်လာလေ၏။

ထိုလူသည် အသက်လေးဆယ်ကျော်ခန့် ရှိပေလိမ့်မည်။

အစောင့်သိုင်းသမားများသည် ထိုလူအား တွေ့မြင်လိုက်ရသောအခါ ဦးညွတ်အရိုအသေ ပြုလိုက်ပြီး...

"ဆရာ'စီး'... ဒီကောင်လေးက ဂိုဏ်းချုပ်ကြီးကို တွေ့ချင်လို့တဲ့... "

ထိုစကားကြောင့် သိုင်းဆရာ'စီး' မျက်မှောင်ကုတ်သွားသည်။

သူသည် ယဲ့စိယ်အား အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး လေသံမာမာဖြင့် မေးလိုက်လေ၏၊

"မင်းက...ကျွပ်တို့ ဂိုဏ်းချုပ်ကိုဘာကိစ္စနဲ့ တွေ့ချင်တာလဲ..."

ယဲ့စိယ်သည် ဆရာ'စီး'အား ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ..."

ထိုစကားကြောင့် သိုင်းဆရာ'စီး'သည် ယဲ့စိယ်အား စောင်းမြောင်း ကြည့်လိုက်ပြီး...

"မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ..."

ယဲ့စိယ်က ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူကမှ လွှတ်လိုက်တာ မဟုတ်ပါဘူး..."

သိုင်းဆရာ'စီး'က စိတ်မှုန်ညစ်ပတ်ဖြင့်...

"သွားစမ်း... စော်စောစီးစီး လာပြီးမနောင့်ယှက်နဲ့..."

ယဲ့စိယ်က ကြောက်ရွံ့ခြင်းအလျှင်းမရှိဘဲ ထပ်မံတောင်းခံလိုက်သည်။

"ကျွန်တော်ကို ရွှေဓားဂိုဏ်းချုပ်နဲ့ တွေ့ခွင့်ပေးပါ..."

ထိုစကားကြောင့် ဆရာ'စီး'သည် လွန်စွာဒေါသ ထွက်သွားလေ၏။

"ဒီမှာသူငယ်... ဂိုဏ်းချုပ်ကြီးကို တွေ့ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး...သွားစမ်းပါ...ကျွပ် အေးအေးဆေးဆေး ပြောနေတယ်..."

သူသည် စကားဆုံးသည်နှင့် ယဲ့စိယ်အား တွန်းထုတ်လိုက်သည်။

ထိုသို့ တွန်းထုတ်ခြင်းခံလိုက်ရသောကြောင့် ယဲ့စိယ်မှာ မခံမရပ်နိုင်ဖြစ်သွားသည်။

"ကျွန်တော်က ရွှေဓားဂိုဏ်းချုပ်ကို တွေ့ချင်တာ အပြစ်ရှိလား... ဘာဖြစ်လို့... ကျွန်တော့်ကို တွန်းထုတ်ရတာလဲ..."

ဆရာ'စီး'က တင်းမာခက်ထန်သော မျက်နှာထားဖြင့်...

"ကျွပ်ကောင်းကောင်း ပြောနေတာကို မင်း... မသွားသေးဘူးလား... တော်ကြာ... ကျွပ်စိတ်ဆိုးလာရင် ရိုက်ထုတ်စရာမရှိမယ်..."

သူသည် ယင်းသို့ပြောပြီး ယဲ့စိယ်အား ထပ်မံတွန်းထုတ်လိုက်သည်။

ထိုအခါ...

ယဲ့စိယ်မှာ ဒေါသချောင်းချောင်း ထွက်သွားတော့သည်။

"ရွှေဓားဂိုဏ်းဟာ အဲ့တာ့ကို ကြီးကျယ်တာပဲ... တစ်နေ့... ကျွပ်အကြောင်း ကောင်းကောင်းသိစေရမယ်..."

သူသည် ယင်းသို့ကြိုးဝါးပြီး ရွှေဓားဂိုဏ်းမှ ချာခနဲလှည့်ထွက်လာလေတော့သည်။

သူ၏ရင်ထဲ၌ ရွှေဓားဂိုဏ်းပေါ် အခဲမကျေဘဲ ဖြစ်နေသည်။

"ရွှေဓားဂိုဏ်းဟာ တော်တော်ဘဝင်မြင့်တာပဲ... ငွေမရှိရင် သိုင်းပညာမသင်ရဘူးလား... ငွေရှိမှသိုင်းပညာတတ်ရတော့မှာလား..."

သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ရွှေဓားဂိုဏ်းဌာနချုပ်ရှိရာသို့ ကြည့်ကာ အော်ဟစ်ကြိမ်းဝါးလိုက်၏။

"တစ်နေ့... ကျွပ်အကြောင်း တောင်းကောင်းသိစေရမယ်..."

သူသည် စကားဆုံးသည်နှင့် ဒေါသတကြီးဖြင့် လျှောက်လှမ်း

လာရာ မကြာမီ လမ်းခွဆုံတစ်ခုသို့ ရောက်ရှိလာသည်။ သူသည် လမ်းခွဆုံ၌ ခြေနံရပ်လိုက်သည်။

"ငါ... 'ထန်'ဂေဟာကို ပြန်လို့မဖြစ်တော့ဘူး... အခု ငါဘယ်သွားရမလဲ... "

သူသည် ထန်စန်းတောင်သို့ သွားရန်စဉ်းစားမိသည်။

"ထန်စန်းတောင်က အဝေးကြီးလို့ မမက ပြောခဲ့တယ်... ဒီလိုဆိုရင်... ငါ ဘယ်ကိုသွားရမလဲ... "

သူသည် ယင်းသို့စဉ်းစားရင်း ကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချလိုက်၏။

သူ၏ ဦးခေါင်းတစ်ခုလုံး၌လည်း အတွေးများဖြင့် ချာချာလည်နေသည်။

နောက်ဆုံးတွင်...

သူသည် ဝေစမ်းတောင်သို့သွားရန် အကြံရလာတော့သည်။

"ဟုတ်ပြီ... ဝေစမ်းတောင်ကို သွားမယ်... ဝေစမ်းတောင်က သိုင်းသမားတွေဟာ များပညာ သိပ်တော်တယ်လို့ မမကပြောဖူးတယ်... "

ထိုအတွေးကို သူသည် သဘောကျသွားလေ၏။

"ဟုတ်တယ်... ငါ ဝေစမ်းတောင်ကို သွားမယ်... ဝေစမ်းတောင်က သိုင်းသမားတွေဟာ ရွှေမားဂိုဏ်းသားတွေလောက် ဆိုးမှာ မဟုတ်ဘူး... "

သူသည် ယင်းသို့စဉ်းစားမိသည်နှင့် ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

ထို့နောက်...

သူသည် ခြေလှမ်းကျဲကျဲဖြင့် ဝေစမ်းတောင်သို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ယဲစီယံသည် ဆယ်ရက်ခန့် ခရီးနှင်လာရာ ဝေစမ်းတောင်၏ ခြေရင်းသို့ ရောက်ရှိလာသည်။

သူသည် ခရီးကြမ်းများ လျှောက်ခဲ့ရသော်လည်း အနည်းငယ်မျှ မောဟိုက်ခြင်းမရှိချေ။

ယခု...

သူသည် ဝေစမ်းတောင်ခြေရင်းသို့ ရောက်ရှိနေသည်။

ဝေစမ်းဂိုဏ်း၏ ဌာနချုပ်မှာ တောင်ထိပ်ပေါ်တွင် ရှိသည်။

ထို့နောက်...

သူသည် တောင်ထိပ်ပေါ်သို့ တက်လာရာ ကျောက်ဖြင့်ထွင်းထုထားသော လှေကားထစ်များစွာကို ပထမဆုံးတွေ့ကြုံရလေ၏။ လှေကားထစ်ကား ရှည်လျားလှ၏။

သူသည် မျှော်လင့်ချက်ကြီးစွာဖြင့် ထိုကျောက်သားလှေကားထစ်အတိုင်း ပြေးတက်သွားသည်။

ထိုလှေခါးတစ်များကို သူခြေချနင်းမိသောအခါ သူ၏ခြေထောက်များ၌ ထူးခြားမှု ကြုံတွေ့လိုက်ရသည်။

သူ အလွန်အံ့သြသွား၏။

"ဒီ ကျောက်လှေကားက မာသလိုလိုနဲ့ အတော့်ကို ပျော့တာကိုး... "

သူသည် မိမိ၏အတွင်းအားမှာ သူမတူအောင် အင်အားကြီး

မှားနေ ဦးက သိုင်း မကြိုး လေ့ကျင်သားလေ့ကားထစ်မျာ ကလေ့
နေသည်ကို ထင်မြင်မိပါသည်။

ဦးသိုင်းဖြင့်...

သူသည် လေ့ကားထစ်အတိုင်း တက်သွားရာ မကြုံ
တောင်ပိပါပေါ့သို့ ရောက်ရှိသွားလေ၏။

ထိုစဉ်...

ကျောက်လေ့ကားထစ်အတိုင်း တောင်ပေါ်မှလူတစ်ယောက်
ပြေးဆင်းလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသည် အလွန်လျင်မြန်သွက်လက်မှုဖြင့် ပြေးဆင်းလာ
ခြင်း ဖြစ်သည်။

ယဲ့စိယံမျက်လုံးအမြင်သည် အလွန်ကောင်း၏။ ထိုသူကို ဝိသ
ဖွာ တွေ့မြင်ရသည်။

ထိုလူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသော လူငယ်တ
ယောက်ဖြစ်၏။

ထိုလူရွယ်သည် အညိုရောင် ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး
ကာပေါ်တွင် ကေးတစ်လက်ကို လွယ်ပိုးထားသည်။

ထိုလူသည် လွန်လျင်မြန်လှသဖြင့် ခဏကြာမီ သူ၏ရှေ့သို့
ရောက်ရှိလာသည်။

ထိုလူသည် သူအားတစ်ချက်လှည့်ကြည့်ပြီး တောင်အောက်
သို့ ပြေးဆင်းသွားသည်။

ယဲ့စိယံသည် ထိုလူအား တစ်ချက်ကြည့်လိုက်ပြီး သူသည်
ကေ ပေါ်သို့ ဆက်လက်တက်၏။

ဦးသိုင်းဖြင့်...

ဤလူသည် လေ့ကားထစ်အတိုင်း အက်လက်တက်သွားရာ
ကမ်းပေါ်ကျောက်စု သို့ ရောက်ရှိသွားသောအခါ လူနှစ်ယောက် ဆင်းလာ
သည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ အလွန်ရုပ်ရည်ချောမောသော လူငယ်
ယောက်နှင့် အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်လေ
သည်။

ဝိဇိန်းကလေးသည် အလွန်ကျောမောကြောင်းနေ၏။

သူမသည် မမျှော်လင့်ဘဲ ယဲ့စိယံအား တွေ့မြင်လိုက်ရသည်
နှင့် ကြောင်အမ်းအမ်းဖြင့် ခြေလှမ်းရပ်တန့်သွားသည်။

ယဲ့စိယံ ဝတ်ဆင်ထားသော အပြူရောင်ဝတ်စုံရှည်မှာ ခဲ့ရုံး
ဖြင်းနှင်လာရသောကြောင့် ဖုန်တလိမ်းလိမ်း ပေရနေသည်။ ခေး
ညှော် အထပ်ထပ်ဖြစ်နေသည်။

သို့သော်...

သူ၏မျက်နှာမှာ ယောကျ်ားပီသပြီး ခန့်ညားသည်။

ယဲ့စိယံကလည်း ခြေလှမ်းရပ်သွားသည်။

သူသည် ထိုမိန်းကလေး၏ အလှကြောင့် ငြိမ်သက်မိသွား
သည်။

သူ၏မျက်လုံးအစုံသည် ထိုမိန်းကလေး၏ မျက်နှာမှ မခွာနိုင်
ဘဲ ဖြစ်သွားသည်။ ကောင်းကင်မှ နတ်မိမယ်ကလေးတစ်ပါး မြေပြင်သို့
ဆင်းသက်လာသည်ကဲ့သို့ ထင်မှတ်နေမိသည်။

ဝိဇိန်းကလေးသည်လည်း သူအား တအံ့တသြ ပြန်ငေးကြည့်

နေ၏။

"ထိုမိန်းကလေးနှင့် အတူပါလာသော လူငယ်သည် ယုံစိယ်က မိန်းကလေးအား ငေးကြည့်နေသည်ကို တွေ့ရသောအခါ မနာလိုဝန်တို စိတ်များ ပေါ်ပေါက်လာသည်။

သူသည် ယုံစိယ်ရှေ့သို့ လျှောက်လာပြီး...

"မင်းကဘယ်သူလဲ... ဘယ်ကလာတာလဲ... မင်းရဲ့ မျက်လုံးက တော်တော်အကြည့်ရဲတာပဲ... "

ထိုစကားကြောင့် ယုံစိယ်မှာ အံ့အားသင့်သွားသည်။

"ဟောဗျာ... ကျုပ်က ဘယ်သူ့ကို ကြည့်ကြည့် ခင်ဗျားအပူ တစ်ပြားသားပါလို့လား... ခင်ဗျားနဲ့ ကျုပ်နဲ့ဘာမှ မဆိုင်ဘူး... ကျုပ်ကိုလာ မချုပ်ချယ်ပါနဲ့... "

လူငယ်မှာ ဒေါသထွက်သွားသည်။

"မင်းက ကျုပ်စကားကို နားမထောင်ရင်... မင်းရဲ့မျက်လုံးကို ဖောက်ပစ်မယ် သိလား... "

ထိုအခါ...

မိန်းကလေးသည် လူငယ်ဘက်သို့လှည့်၍ ဟန့်တားလိုက်၏။

"မောင်လေး... စကားကို ရိုင်းရိုင်းစိုင်းစိုင်း မပြောနဲ့လေ..."

ယုံစိယ်သည် ထိုလူငယ်အား စေ့စေ့ကြည့်လိုက်ပြီး...

"ကျုပ်နဲ့ ခင်ဗျားက ရန်သူမှမဟုတ်ဘဲ... ဘာဖြစ်လို့ ရန်ဖြစ်ချင်ရတာလဲ... "

သူ၏ စကားဆုံးသွားသည်နှင့် လူငယ်က...

"စကားမများနဲ့ ခံနိုင်ရင် ခံပေတော့... "

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်ဝါးစောင်းဖြင့် ယုံစိယ်၏ ဦးခေါင်းပေါ်သို့ ခုတ်ချလိုက်လေသည်။

ယုံစိယ်သည် ထိုလူက တိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရသောအခါ သူ၏ဘယ်ဘက်လက်သည် အပေါ်သို့ မြှောက်၍ခံပေးလိုက်သည်။

သူ၏ ညာဘက်ခြေထောက်သည် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

ထိုလူငယ်သည် ယုံစိယ်၏ခုခံပုံကို မြင်လိုက်သည်နှင့် ယုံစိယ်မှာ သိုင်းပညာလုံးဝ မတတ်သည်ကို အကဲခတ်လိုက်သည်။

ယခု... ယုံစိယ်သည် ဘယ်ဘက်လက်ကိုမြှောက်၍ ခံပေးခြင်းဖြင့် လက်ကျိုးသွားမည်သာ ဖြစ်သည်။

သို့သော်...

သူ၏လက်ဝါးစောင်းသည် ယုံစိယ်ခံပေးသော လက်ပေါ်သို့ ခုတ်မိလိုက်သောအခါ ယုံစိယ်၏လက်မှ အလွန်ပြင်းထန်သော အင်အားတစ်ခုက တုံ့ပြန်လာလေ၏။

"ဝုန်း... "

ယုံစိယ်သည် မည်သို့မျှမဖြစ်ချေ။ သို့သော်...

ထိုလူငယ်၏ လက်တစ်ဘက်သည် ထုံကျင်သွားသည်။

သူသည် ထိတ်လန့်သွားပြီး နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်သွားလေ၏။

သူ၏မျက်လုံးအစုံသည် ယုံစိယ်အား အံ့သြစွာဖြင့် ကြည့်နေသည်။

ဦးအကြောင်းကို ယဲ့စီယံကလုံးဝမသိပါ။

ထိုလူငယ်က မိမိအပေါ် ညှာတာလိုက်သည်ဟု အထင်မှား သွားသည်။

လူငယ်သည် ဒေါသထွက်သွားကာ သူ၏လက်နှစ်ဖက်ဖြင့် ယဲ့စီယံ၏ ဘယ်ဘက်ပခုံးရိုးရာသို့ တိုက်ခိုက်လိုက်ပြန်သည်။

ယဲ့စီယံသည် ထိုလူငယ်၏ တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်နေသည်ကို တွေ့ခြင်းကြောင့် ထိတ်လန့်သွားလေ၏။

သူသည် နဂါးစိမ်းတောင်ခေါင်းအား လွတ်ချလိုက်ပြီး လက်ငါးချောင်းဖြင့် ထိုးလူငယ်၏ တိုက်ခိုက်မှုကို ခံပေးလိုက်သည်။

ထိုလူငယ်က ကမန်းကတန်း နောက်ဆုတ်သွားသည်။

"နဂါးခြေသိုင်းကွက်ပါလား... "

သူသည် နောက်သို့ခြေနှစ်လှမ်း ဆုတ်လိုက်သည်။

"ငင်းက မိုးကြိုးဂိုဏ်းက မဟုတ်လား... "

ယဲ့စီယံအဖို့ ဘုမသိဘမသိဖြင့် ထိုလူငယ်၏ တိုက်ခိုက်မှုကို ဖြစ်သလို ကာကွယ်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့်...

လူငယ်က ဖော်ပြန်းသည်ကို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒို့ကြီး ဂိုဏ်းကဟုတ်လား... ဘယ်သူတ မိုးကြိုးဂိုဏ်းကလဲ"

ထိုလူငယ်သည် ယဲ့စီယံက ကွယ်ဝှက်ပြောနေသည်ဟု ထင်ခဲ့ပါက ဒေါသမီးတောက်ကျောင်းချောင်း ထွက်လာသည်။

သူသည် ဒေသမိုးဂိုဏ်း၏ အထက်မြက်ဆုံးသော ကျားနှင့် သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

ယဲ့စီယံသည် နောက်သို့ ရှောင်တိမ်းရင်း သူ၏လက်နှစ်ဖက်သည် ဘယ်လောသို့ရောရှိ၍ လူငယ်ကိုကိုက်ခိုက်လိုက်သော သိုင်းကွက်အား ခုခံလိုက်လေသည်။

ပထမတွင် မိန်းကလေးသည် သူ့နှင့်အတူပါလာသော လူငယ်အား ဟန့်တားနေသော်လည်း ယဲ့စီယံက ရှောင်တိမ်းလိုက်သည့် သိုင်းကွက်များမှာ ခိုးကြိုးဂိုဏ်းမှ သိုင်းကွက်များ ဖြစ်နေသည်ကို တွေ့ခြင်းရသဖြင့် သူမသည် ယဲ့စီယံမှာ ခိုးကြိုးဂိုဏ်းမှလူဟု ထင်မှတ်သွားသည်။

သူတို့သည် ယဲ့စီယံအကြောင်း ဘာမှကြားဖူးသိထားကြသူများမှ မဟုတ်ဘဲ။

ထိုအချိန်မှာပင်...

ယဲ့စီယံ အသုံးပြုလိုက်သော သိုင်းကွက်မှာ ရွှေဓားဂိုဏ်း၏ သိုင်းကွက်ဖြစ်နေသည်ကို တွေ့ရပြန်သဖြင့် အံ့သြသွားစိပြန်သည်။

"ဟင်... ဒါက ရွှေဓားဂိုဏ်းရဲ့ သိုင်းကွက်ပါလား... "

လူငယ်သည် နောက်သို့ဆုတ်လိုက်ရလေ၏။

သူသည် ပထမတွင် ယဲ့စီယံအား အသွယ်တကူ နှိပ်လိုသည်မှာ ယူဆထားဇ်။

သို့သော်...

ယဲ့စီယံ၏ သိုင်းကွက်များမှာ အမျိုးမျိုးပြောင်းလဲနေခြင်းသူ့ကိုက်ကွက်များကိုလည်း ခုခံနိုင်နေသဖြင့် အလွယ်တကူ အနိုင်ရမည်မဟုတ်ကောင်းပေ။

သူသည် ပို၍ဒေါသထွက်လာသည်။

ထို့ကြောင့်...

သူတတ်မြောက်ထားသော သိုင်းပညာများဖြင့် အစွမ်းကုန် တိုက်ခိုက်လိုက်လေတော့သည်။

ယဲ့စီယဲ့မှာမူ ထိုလူတိုက်ခိုက်လာသော သိုင်းကွက်များကို ကြည့်၍ ရှောင်တိမ်းဖယ်ရှားနေရ၏။

ထိုမိန်းကလေးမှာ ပို၍အံ့သြသွား၏။

"ဟင်... ဒီသိုင်းကွက်က ကျားနက်ဂိုဏ်းရဲ့ သိုင်းကွက်ပါလား... "

"ဒီသိုင်းကျတော့... ကျားနက်ဂိုဏ်းရဲ့ စွန့်ကုတ်လက်သည်း သိုင်းကွက်ပဲ... "

"ဟော... ဒီသိုင်းကွက်ကျပြန်တော့ တောင်ပင်လယ်ဂိုဏ်းရဲ့ သိုင်းကွက်ပါလား... "

"ဟင်... ဒီသိုင်းကွက်ကတော့ ထူးထူးဆန်းဆန်းပါလား... ဘယ်ဂိုဏ်းက သိုင်းကွက်လဲမသိဘူး... "

သူမသည် ယဲ့စီယဲ့က လူငယ်အား ခုခံတိုက်ခိုက်တိုင်း ယင်းကဲ့သို့ တအံ့တသြပြောဆိုနေမိတော့သည်။

ထိုအခါ...

လူငယ်၏ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားသည်။

သူသည် အားမာန်အပြည့်ဖြင့် ဖိ၍တိုက်ခိုက်သည်။

ထို့ကြောင့်...

ယဲ့စီယဲ့သည် သူဒဏ်ရာမရစေရန် အစွမ်းကုန် ခုခံရလေ၏။

ထိုအခါ...

မိန်းကလေး၏ မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားတော့သည်။

"ဟင်... ဒီသိုင်းကွက်ကျတော့ ဝေစမ်းဂိုဏ်းရဲ့ သိုင်းကွက်ပါလား... "

သူမသည် ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"ဒီလူဟာ ဘယ်ဂိုဏ်းကလဲဆိုတာ ပြောဖို့တော်တော်ခက်တာဘဲ... "

အခန်း [၆]

ဝေစမ်းတောင်၏ ကြိုဆိုမှု

မိန်းကလေးသည် ယဲ့စီယံအပေါ် အထင်မှားနေခြင်းသာ ဖြစ်သည်။

ယဲ့စီယံသည် ယင်းသိုင်းကွက်များအား လုံးဝနားမလည်သော လူတစ်ယောက် ဖြစ်သည်။

လူငယ် စတင်တိုက်ခိုက်ခဲ့တုန်းက သူသည် လူငယ်၏သိုင်းကွက်ကို ကြည့်၍ရောင်တိမ်းဝိုင်ရန် ရှမ်းသမ်း၍ ခုခံတိုက်ခြင်းဖြစ်သည်။

တို့အပြင်...

သူ၏အတွင်းအားမှာ သူမတူအောင် အားအင်ပြည့်ဖြိုးနေသဖြင့် လူငယ်က သူ့အားသိုင်းပညာ အတော်အတန်တတ်မြောက်ထားသည်ဟု အထင်မှားသွားခြင်း ဖြစ်သည်။

ဤသို့ဖြစ်ရခြင်းမှာ...

ယဲ့စီယံသည် ထင်းရှူးတောထဲတွင် အမှတ်မထင် ကွေ့မြင်ခဲ့ရသော သိုင်းကျမ်းစာအုပ်ထဲ၌ နောက်ဆုံးစာမျက်နှာပေါ်တွင် ပါရှိသော စိတ်ဖြင့်လေ့ကျင့်ရသော ပညာရပ်များအား စိတ်ဝင်စားစွာ ဖတ်ရှုခဲ့ဖူးရှိ ဖြစ်ပေသည်။

ထိုစိတ်ပညာ၏ ကုန်ကြားချက်မှာ လူတစ်ယောက်သည် တစ်ရှိန်တည်းနှင့် အကြောင်းအရာ ခုနစ်ခုစလုံးအား တစ်ပြိုင်တည်း မမေ့နိုင်သော စွမ်းရည်ရှိသည်။

သူသည် ထိုကျမ်းစာအုပ်ကို ဖတ်မိသဖြင့် အမှတ်မထင် တို့စိတ်ပညာရပ်များအား တတ်မြောက်ထားသည်ကို မိမိကိုယ်တိုင်ပင် မသိရှိခဲ့ပါချေ။

သိုင်းပညာ၏ သိုင်းကွက်ဟူသည် ရန်သူအား တိုက်ခိုက်ခြင်းသော်လည်းကောင်း၊ ရန်သူ၏ တိုက်ခိုက်ခြင်းအား ကာကွယ်ရန်အတွက် သော်လည်းကောင်း အသုံးပြုရန်တီထွင်ထားသော သိုင်းကွက်များဖြစ်သည်။

ဂိုဏ်းအသီးသီးက ရန်သူနှင့် တိုက်ခိုက်ရာမှ ရန်သူတို့၏ တိုက်ကွက်အား ခုခံနိုင်ရန်အတွက် စဉ်းစားတီထွင်ထားသော သိုင်းကွက်များဖြစ်ပေါ်လာသည်။

သူတို့သည် ယင်းသိုင်းကွက်၏ ဟန်ပန်ကိုကြည့်ကာ သိုင်းကွက်အမည်ကို ပေးကြလေ၏။

ထို့ကြောင့်...

သိုင်းသမားများသည် လူတစ်ယောက်၏ သိုင်းကွက်အား

ကြည့်လိုက်သည်နှင့် ယင်းသိုင်းကွက်မှာ မည်သည့်ဂိုဏ်း မည်သည့်အဖွဲ့၏သိုင်းကွက်ဖြစ်သည်ကို သိရှိကြသည်။

ယခု...

ယဲ့စီယံသည် သိုင်းကွက်အား လုံးဝမသိဘဲ လူငယ်က တိုက်ခိုက်လာသည်ကို သူ၏ဦးနှောက်ဖြင့် မည်ကဲ့သို့ ခုခံရမည်အား လျှပ်တစ်ပြက်စဉ်းစားပြီး ခုခံလိုက်ခြင်းသာဖြစ်သည်။

ထို့အပြင်...

လူငယ်က တိုက်ခိုက်လာသော သိုင်းကွက်များကိုလည်း ချက်ချင်းပင် မှတ်သားထားလေသည်။

တစ်ချိန်တည်းမှာပင်...

ယဲ့စီယံသည် ယင်းသိုင်းကွက်များအား ပြန်လည်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

သူ၏အကြောင်းများအား မသိရှာသော ထိုလူငယ်နှင့် မိန်းကလေးတို့က ယဲ့စီယံသည် ဂိုဏ်းပေါင်းစုံ၏ သိုင်းပညာများကို နားလည်ထားသည်ဟု ထင်မှတ်ကာ အံ့သြထိတ်လန့် နေကြခြင်းဖြစ်လေတော့သည်။

လူငယ်သည် စတင်တိုက်ခိုက်စဉ်တုန်းက ယဲ့စီယံအား အလွယ်တကူ အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ထားသည်။

သို့သော်...

သူသည် ဆက်လက်၍ တိုက်ခိုက်လာသောအခါ ယဲ့စီယံအား အလွယ်တကူနှင့် နိုင်လိမ့်မည်မဟုတ်ကြောင်း တွေ့ရှိလာသည်။

သူသည် တစ်ခါတရံ ယဲ့စီယံအား ထိထိမိမိ တိုက်ခိုက်မိသော်လည်း ယဲ့စီယံ၏အင်အားသာ စုတ်ပြဲသွားသည်။

သို့သော်...

ယဲ့စီယံ၏ ခန္ဓာကိုယ်မှာ လုံးဝထိခိုက်သွားသည်ကို မတွေ့ရပေ။

ထို့ကြောင့်...

သူသည် တိုက်ခိုက်ရင်း ထိတ်လန့်တုန်လှုပ်လာသည်။

အချိန်ကြာလာသောအခါ လူငယ်သည် တဖြည်းဖြည်းမောဟိုက်လာပြီး ချွေးသီးချွေးပေါက်များပင် စိုရွှဲလာသည်။

ထိုအခြေအနေကို မိန်းကလေးက ရိပ်စားမိလိုက်၏။

ထို့ကြောင့်...

သူမသည် အချိန်မီ ဟန့်တားလိုက်လေသည်။

"ရပ်လိုက်... "

မိန်းကလေး၏ ဟန့်တားသံကြောင့် လူငယ်သည် သူ၏တိုက်ခိုက်မှုကို ရပ်ဆိုင်းလိုက်၏။

ယဲ့စီယံမှာ ကပျာကယာ နှောက်ဆုတ်သွားသည်။

မိန်းကလေးသည် သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ...

လူငယ်မှာ မောပန်းနွမ်းနယ်နေပြီး တစ်ကိုယ်လုံးချွေးများဖြင့် စိုရွှဲနေသည်ကို တွေ့မြင်ရလေ၏။

ယဲ့စီယံမှာမူ အဝတ်အစားများ စုတ်ပြဲသွားရံသာ ဖြစ်သည်

သူသည် လုံးဝမောပန်းနွမ်းနယ်ခြင်းမရှိသည်ကို တွေ့မြင်

သည်။

သူမသည် ယဲ့စီယံအား အကဲခတ်သလို တစ်ချက်ကြည့်လိုက်

ပြီး မေးခွန်းထုတ်လိုက်လေ၏။

"ရှင်က ဘယ်သူလဲ... ဘယ်နယ်ကလာတာလဲ... "

ယဲ့စီယံသည် နဂါးစိမ်းတောင်ဝှေးအား ပြန်လည်ကောက်ယူ

လိုက်သည်။

"ကျွပ်နာမည် ယဲ့စီယံပါ... ဟန်မားနယ်ကပါ... "

မိန်းကလေးက သူ့အားဦးညွှတ် အရိုအသေပြုလိုက်ပြီး...

"ကျွန်မမောင်လေးက မှားသွားပါတယ်... ခွင့်လွှတ်ပါရှင်..."

ထိုသို့ တောင်းပန်စကား ဆိုလိုက်သောကြောင့် ယဲ့စီယံမှာ

အားတုံအားနာ ဖြစ်သွားသည်။

"ကျွပ်လည်း မှားသွားပါတယ်... ခွင့်လွှတ်ပါဗျာ... "

မိန်းကလေးသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး စကားဆက်

လိုက်၏။

"ဒါနဲ့... ရှင့်ဆရာက ဘယ်သူလဲ... "

ယဲ့စီယံက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

"ကျွပ်မှာ ဆရာမရှိသေးပါဘူး... "

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... အခု ဝေစမ်းတောင်ကို ဘာကိစ္စနဲ့လာတာလဲ"

ယဲ့စီယံသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"အမှန်အတိုင်းပြောရမယ်ဆိုရင်... ကျွပ်ဝေစမ်းတောင်ကို

လာရတာ သိုင်းပညာသင်ချင်လို့ပါ... "

မိန်းကလေးမှာ အကြီးအကျယ် အံ့သြသွားသည်။

"ဒီလို မပြောပါနဲ့ရှင်... ရှင့်ရဲ့ သိုင်းပညာဟာ တော်တော်ကို

အဆင့်မြင့်နေပြီပဲ... "

ယဲ့စီယံသည် မိမိအား အထင်သေး၍ ပြောလိုက်ခြင်းဟု

အထင်လွဲသွားသည်။

ထို့ကြောင့်...

လူငယ်အား ညွှန်ပြလျက်...

"ကျွပ်ရဲ့ သိုင်းပညာဟာ သူ့ရဲ့တိုက်ခိုက်မှုကို ခုခံရုံလောက်ပဲ

တတ်တာပါ... "

လူငယ်သည် ခံပြင်းစွာဖြင့်...

"မမကြားလား... သူက ကျွန်တော့်ကို သက်သက်စော်ကား

နေတာ... ကျွန်တော် ဆရာ့ကို သွားအကြောင်းကြားလိုက်ဦးမယ်...

သူ့ကို ဘယ်မှမသွားစေနဲ့... "

သူသည် ယင်းသို့ပြောပြီး တောင်ပေါ်သို့ ပြေးလွှားသွားလေ

တော့သည်။

မိန်းကလေးသည် လူငယ်က တောင်ပေါ်သို့ ပြေးတက်သွား

သည်ကို ကြည့်ပြီးနောက် ယဲ့စီယံအား အရိုအသေပြုလိုက်သည်။

"ရှင် တောင်အောက်ကို မြန်မြန်ဆင်းသွားရင် ကောင်းမယ်...

တော်ကြာ မလိုအပ်ဘဲ... ရှင်ဒုက္ခရောက်သွားနိုင်ပါတယ်... "

ယဲ့စိယံမှာ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က ဘာဖြစ်လို့သွားရမှာလဲ... သူက ကျုပ်ကိုဒုက္ခပေးတာ ခင်ဗျားတွေ့ပါတယ်... သူဆရာက အမှားအမှန်ကို နားလည်ရမှာပေါ့... တပည့်က အမှားအမှန်မသိပေမယ့် ဆရာကတော့ သိမှာပေါ့ဗျာ..."

မိန်းကလေးက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ရှင့်ရဲ့သိုင်းပညာက မဆိုးပါဘူး... ဒါပေမယ့်... ရှင့်ထက် သိုင်းပညာတော်တဲ့သူတွေ အများကြီးပဲ... တော်ကြာ... ရှင့်ကို ဖမ်းမိရင် ကောင်းကောင်းဒုက္ခရောက်သွားလိမ့်မယ်... "

ထိုစကားကြောင့် ယဲ့စိယံမှာ စိတ်ရှုပ်သွားလေသည်။

"ဒုက္ခပါပဲ... ကျုပ်က ဘယ်ကိုမှ သွားစရာမရှိပါဘူးဗျာ... "

မိန်းကလေးမှာ အံ့သြသွားလေသည်။

"ရှင့်မှာ နေစရာမရှိဘူးလား... "

ယဲ့စိယံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်မှာ နေစရာမရှိလို့ ဒီတောင်ပေါ်မှာ နေ့မလား လို့ လာခဲ့တာပါ... "

ထိုအခါ...

မိန်းကလေးသည် သူမ၏လက်တွင် စွပ်ထားသော လက်စွပ်အား ဖြုတ်ယူ၍ လှမ်းပေးလိုက်လေသည်။

"ရှင်နေစရာမရှိဘူးဆိုရင် မဟူရာရဲတိုက်ကိုသွားပါ... ဒီမဟူရာ

လက်စွပ်ကိုပြပြီး ကျွန်မက လာနိုင်းတယ်လို့ပြောပါ... ဒီလိုဆိုရင်...သူတို့က လက်ခံပါလိမ့်မယ်... "

ယဲ့စိယံမှာ အားတို့အားနာ ဖြစ်သွားသည်။

"အားနာလိုက်တာဗျာ... "

မိန်းကလေးက လက်ကာပြလိုက်သည်။

"အားမနာပါနဲ့... မြန်မြန်သာ တောင်အောက်ကို ဆင်းသွားပါရှင်... "

ယဲ့စိယံသည် ထိုမိန်းကလေးအား ဦးညွတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ... "

သူသည် ယင်းသို့ပြောပြီး နောက်သို့ ချာခနဲလှည့်ကာ တောင်အောက်သို့ ပြေးဆင်းသွားလေတော့သည်။

သူသည် ကိုယ်ဖော့ပညာမတတ်ပါ။ ထို့ကြောင့် အမြန်ဆုံးပြေးဆင်းသွားသည်။ တောင်ပေါ်မှ အဆင်းဖြစ်သဖြင့် ကိုယ်ဖော့ပညာမလိုတော့ပါ။

သူသည် ကျောက်လှေကားထစ်များအတိုင်း ပြေးဆင်းသွားရာ ကိုယ်ဖော့ပညာ တတ်မြောက်ထားသောသူထက်ပင် လျင်မြန်လှပေသည်။

သူသည် လှေကားထစ် တစ်ရာကျော်ခန့် ဆင်းမိလာသည်နှင့် ခြေလှမ်းရပ်တန့်သွားသည်။

"ဟောဗျာ... ငါ့ကို ကူညီတဲ့မိန်းကလေး နာမည်ဘယ်သူလဲဆိုတာ မမေးမိပါလား... "

သူသည် တွေဝေသွားလေ၏။

"အို... ငါ မြန်မြန်ဆင်းသွားတာပဲ ကောင်းတယ်... သူ ဘယ် သူလဲဆိုတာ တစ်နေ့ သိရမှာပေါ့... "

ထို့နောက်...

ယဲ့စီယံသည် တောင်အောက်သို့ ပြေးဆင်းသွားလေတော့ သည်။

သူသည် တောင်အောက်သို့ မရောက်မီ သူ၏သွားလမ်းအား အညိုရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ကဝိတ်၍ ရပ်နေသည် ကို တွေ့မြင်လိုက်ရလေ၏။

ထိုအညိုရောင်ဝတ်ဆင်ထားသူမှာ သူ တောင်ပေါ်သို့ တက် ခဲ့စဉ်တုန်းက တွေ့ခဲ့ရသော လူရွယ်ပင်ဖြစ်သည်။

ထို့ကြောင့်...

ယဲ့စီယံသည် ခြေလှမ်းရပ်တန့်လိုက်၏။

"ခင်ဗျားက ဘာဖြစ်လို့ ကျွပ် သွားမယ့်လမ်းကို ဝိတ်ထားရ တာလဲဗျ... "

အညိုရောင်ဝတ်ဆင်ထားသူသည် သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

"မင်းဟာ အသက်ငယ်ငယ်နဲ့ အတော်အတွင်းအားကောင်း တာပဲ... ဒါနဲ့... မင်းက တောင်ပေါ်ကို ဘာတက်လုပ်တာလဲ... "

ယဲ့စီယံမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်ဗျားက ဘာတွေမေးနေတာလဲ... ကျွပ် နားမလည်ဘူး"

အညိုရောင်ဝတ်ဆင်ထားသူသည် ကျောက်သားလေ့ကား ဆစ်များတွင် ထင်ကျန်နေသော ခြေရာများအား လက်ညှိုးဖြင့် ထိုးပြ လိုက်ပြီး...

"မင်းက ကျွပ်တို့ကို အတွင်းအားကောင်းကြောင်း သက် သက်မဲ့ လုပ်ပြနေတာ မဟုတ်လား... "

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး စကားဆက်လိုက်၏။

"မင်းက ကျွပ်တို့ ဝေစမ်းဂိုဏ်းကို အထင်သေးလွန်းလား"

ယဲ့စီယံက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားနေပြီ... ကျွပ်ဟာ သိုင်းပညာလုံးဝမတတ်ပါ ဘူး... အခုလည်း တောင်ပေါ်ကိုသွားပြီး သိုင်းပညာသင်ပေးဖို့ လူ တစ်ယောက်ဆီက အကူအညီတောင်းမလို့ပါ... "

ထိုအခါ...

အညိုရောင်ဝတ်ဆင်ထားသူသည် ခေါသထွက်သွား၏။

"မင်းက အသက်ငယ်ငယ်နဲ့ လိမ်ညာပြောဆိုတတ်ပါလား... မင်းပြောသလို သိုင်းပညာသင်ဖို့ လာတာဆိုရင် အခု ဘာဖြစ်လို့ ပြန် ဆင်းလာတာလဲ... "

ယဲ့စီယံမှာ အခက်ကြုံသွားလေသည်။

သူသည် တောင်ပေါ်၌ ရှုံးဖြစ်ခဲ့သည့်အကြောင်းများအား ပြောဆိုရန်မသင့်ဟု ထင်မိသဖြင့် မည်ကဲ့သို့ ပြောရမှန်းမသိဖြစ်နေ သည်။

အညိုရောင်ဝတ်ဆင်ထားသူသည် ယဲ့စီယံမှာ မည်သို့မျှ ပြန်

မပြောနိုင်ဘဲ တွေ့ရသဖြင့် မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ... မင်း ဘာပြောချင်သေးသလဲ... ဒါနဲ့... မင်းဆရာက ဘယ်သူလဲ... "

ယဲ့စီယံက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာ ဆရာ မရှိပါဘူး... "

ထိုစကားကြောင့် အညိုရောင်ဝတ်ဆင်ထားသူသည် ဒေါသထွက်သွားလေ၏။

"မင်း မပြောချင်ရင် မင်းရဲ့သိုင်းကွက်နှစ်ကွက်လောက်တော့ ကျုပ်ကို ပြပေးပါ... "

ယဲ့စီယံသည် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး...

"ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ... ကျုပ် အမှန်တွေကိုပြောနေတာပါ... ဒါကို ခင်ဗျားတို့က မယုံကြဘူးဗျာ... "

ထိုအခါ...

အညိုရောင်ဝတ်ဆင်ထားသူသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"စကားမများနဲ့ သတိသာထားပေတော့... "

ယဲ့စီယံသည် ရင်ထိတ်သွားသည်။

သူသည် နောက်သို့ ဆုတ်သွားပြီး ထပ်မံ၍ တောင်းပန်လိုက်လေ၏။

"ကျုပ်ကို မတိုက်ခိုက်ပါနဲ့ဗျာ... ကျုပ် လူကောင်းပါ... "

အညိုရောင်ဝတ်ဆင်ထားသူသည် ရှေ့သို့ ခြေတစ်လှမ်းလှမ်း

လာပြီး ဘယ်ဘက်လက်သီးဖြင့် ယဲ့စီယံ၏လက်ဝါးသို့ ထိုးသွင်းလိုက်ပြီး...

"မင်းက မသေချင်ရင်တော့ ခုခံပါ... "

ယဲ့စီယံသည် အညိုရောင်ဝတ်ဆင်ထားသူ တိုက်ခိုက်လာသည်ကိုတွေ့ရသောအခါ ထိတ်လန့်သွားပြီး နောက်သို့ခုန်၍ဆုတ်သွားသည်။

သူသည် နောက်သို့ ခြေသုံးလေးလှမ်းခန့် ဆုတ်သွားသောကြောင့် အညိုရောင်ဝတ်ဆင်ထားသူ၏ တိုက်ကွက်ကို သိသိကလေးရှောင်တိမ်းနိုင်ခဲ့သည်။

ဝေစမ်းမှပုဂ္ဂိုလ်သည် ဒေါသထွက်လာလေ၏။

"ဝေစမ်းဂိုဏ်းဟာ တရားမျှတတဲ့ ဂိုဏ်းတစ်ဂိုဏ်းပါပဲ... ဘာဖြစ်လို့ အခုလို မတရားသဖြင့် တိုက်ခိုက်ချင်ရတာလဲ... "

ယဲ့စီယံသည် စိတ်ထဲ၌ ကြိတ်၍ ပြစ်တင်လိုက်မိလေတော့သည်။

အညိုရောင်ဝတ်ဆင်ထားသူသည် ယဲ့စီယံမှာ ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ မိမိတိုက်ကွက်အား နောက်သို့ဆုတ်၍ ရှောင်တိမ်းသွားသည်ကို တွေ့ရသဖြင့် သူသည် ယဲ့စီယံက မိမိအပေါ် အထင်သေးသည်ဟု အထင်မှားသွားပြန်သည်။

သူသည် ဝို၍ခံပြင်းလာလေသည်။

သူ၏အထက်မြက်ဆုံးသော ကျားနှိုင်သိုင်းကွက်အား အသုံးပြုလိုက်သည်။

သူသည် အတွင်းအား အလွန်ကောင်းသော သိုင်းသမား တစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

ကျားနီငှက်သိုင်းကွက်အား အသုံးပြုလိုက်သောအခါ ပထမဆုံး တိုက်ခိုက်ခဲ့သော လူငယ်ထက် များစွာအားမာန်ပြင်းထန်လှသည်။

ယဲ့စီယံသည် နောက်သို့တစ်ဆုတ်တည်း ဆုတ်နေရသည်။

အညိုရောင်ဝတ်ဆင်ထားသူက ရှေ့သို့တိုး၍ ပြင်းထန်စွာ တိုက်ခိုက်လေ၏။

နောက်ဆုံးတွင် ယဲ့စီယံသည်...

နောက်သို့ဆုတ်ရန် လမ်းမရှိတော့သဖြင့် သူ၏လက်ထဲမှ နဂါးစိမ်းတောင်ဝှေးကို မြေပေါ်သို့ ချထားလိုက်ပြီး ပြန်လည်တိုက်ခိုက်ရလေတော့၏။

အညိုရောင်ဝတ်ဆင်ထားသူသည် ယဲ့စီယံ၏သိုင်းကွက်များအား ကြည့်ရင်း သူ၏မျက်နှာပြင်ပေါ်တွင် အံ့သြထိတ်လန့်လာသည်။

အဘယ်ကြောင့်ဆိုသော်...

ယဲ့စီယံအသုံးပြုလိုက်သော သိုင်းကွက်မှာ ဝေစမ်းတောင်၏ ကိုယ်ပိုင်တီထွင်ထားသော ကျားနီသိုင်းကွက်များ ဖြစ်နေသောကြောင့် တည်း။

ယဲ့စီယံသည် ဝေစမ်းဂိုဏ်း၏ကျားနီသိုင်းကွက်အား တတ် မြောက်ခဲ့လေပြီ။

တတ်မြောက်ခဲ့ခြင်းမှာလည်း ရှင်းရှင်းလေးပင်။ စောစောက

လူငယ်လေးတိုက်ခိုက်ခဲ့သော ကျားနီသိုင်းကွက်များနှင့် ယခု လူငယ် တိုက်ခိုက်သည့် ကျားနီသိုင်းကွက်များကို သူ ခုခံပြီး သင်ယူတတ် မြောက်ခဲ့ခြင်းပင်တည်း။

သူသည် တောင်ပေါ်သို့ တက်ခဲ့စဉ်က ထိုလူငယ်နှင့်တိုက် ခိုက်ရာတွင် လူငယ်က တိုက်ခိုက်လိုက်သော ကျားနီသိုင်းကွက်ကို သူ ကောင်းစွာ မှတ်မိခဲ့သည်။

ယခု...

အညိုရောင်ဝတ်ဆင်ထားသူက ကျားနီသိုင်းကွက်ဖြင့် တိုက် ခိုက်လာသောအခါ သူသည် ပို၍ မှတ်မိကျွမ်းကျင်သွားသည်။

ထို့ကြောင့်...

သူသည် နောက်သို့ဆုတ်ရန် နေရာမရှိသောအခါ ထိုကျားနီသိုင်းကွက်အား ပြန်လည်အသုံးချနိုင်ခြင်းဖြစ်လေတော့သည်။

ယဲ့စီယံ၏အတွင်းအားသည် အခြားသိုင်းသမားများထက် သာလွန်ကောင်းမွန်နေ၏။

ထို့ကြောင့်...

သူ တိုက်ခိုက်လိုက်သော ကျားနီသိုင်းကွက်သည် အားမာန် ပြင်းထန်လှသည်။

သို့သော်...

သူသည် အသေကျက်မှတ်ထားရသောကြောင့် ထိုသိုင်းကွက် ၏ အစွမ်းထက်ပုံကို ကောင်းစွာနားမလည်နိုင်ဘဲ ဖြစ်နေ၏။

တစ်နည်းဆိုရလျှင်...

သူသည် ကျားနိုင်သိုင်းကွက်အား အသေကျက်မှတ်ထား သောကြောင့် ကျားနိုင်သိုင်းကွက်၏ ထက်မြက်သော အရာများအား နားမလည်ဘဲရှိနေခြင်း ဖြစ်သည်။ ကျားနိုင်သိုင်းကွက်များကို သူ သုံးလေးကြိမ်ကစားပြီးသောအခါမှ စွမ်းရည်ကို သဘောပေါက်မည်ဖြစ် သည်။

ထို့ကြောင့်...

အညိုရောင်ဝတ်ဆင်ထားသူသည် အခွင့်သာသွားလေသည်။

သူ၏လက်သီးချက်များသည် ယဲ့စီယဲ့၏ခန္ဓာကိုယ်ပေါ်သို့ အကြိမ်ကြိမ် ထိမှန်မည်ကဲ့သို့ ဖြစ်သွားသည်။

သို့သော်...

ယဲ့စီယဲ့၏ခန္ဓာကိုယ်ပေါ်တွင် မတွေ့မြင်ရသော အင်အား တစ်ခုက သူ၏လက်သီးချက်များအား တန်ပြန်တွန်းထုတ်လိုက်သည့် အတွက် အညိုရောင်ဝတ်လူငယ် လွန်စွာအံ့အားသင့်သွားသည်။

ယဲ့စီယဲ့၏အတွင်းအားမှာ အလွန်ပြင်းထန်နေသည်ကို တွေ့ မြင်ရသဖြင့် သူသည် ယဲ့စီယဲ့၏သွေးကြောနေရာသို့ တိုက်ခိုက်လိုက် သည်။

"ဒွန်း..."

သူ၏လက်သီးချက်များသည် ယဲ့စီယဲ့၏ခန္ဓာကိုယ်ပေါ်သို့ တစ်ချက်ပြီးတစ်ချက် ဆက်တိုက်တိုးမိသွားသည်။

ထိုအခါ ယဲ့စီယဲ့၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားသည်။

သူသည် အခြေအနေမဟန့်မှန်းသိလိုက်သဖြင့် မြေပြင်ပေါ်မှ

နဂါးစိမ်းတောင်ဝှေးအား ကောက်ယူလိုက်ပြီး အညိုရောင်ဝတ်ဆင် ထားသူအား ဖြစ်သလိုရိုက်ချလိုက်လေတော့သည်။

ထိုအခါ....

အညိုရောင်ဝတ်ဆင်ထားသူသည် နောက်သို့ ကျွာကယာ ခုန်ဆုတ်သွားပြီး သူ၏ခါးတွင်ချိတ်ထားသောဓားကို ဆွဲထုတ်လိုက်ပြီး တိုက်ခိုက်ပြန်သည်။

"ချွမ်း..."

အညိုရောင်ဝတ်ဆင်ထားသူက ဓားဖြင့် တိုက်ခိုက်လိုက် သောအခါ ယဲ့စီယဲ့မှာ နောက်သို့ဆုတ်သွားရပြန်၏။

"ယား..."

အညိုရောင်ဝတ်ဆင်ထားသူသည် မာန်သွင်းအော်ဟစ်လိုက် ပြီး သူ၏ခန္ဓာကိုယ်မှာ လေထဲသို့ ခုန်တက်သွားကာ သူ၏ဓားဖြင့် ယဲ့စီယဲ့၏ဦးခေါင်းပေါ်သို့ အားနှင့်ခုတ်ချလိုက်လေ၏။

ထိုအခါ...

ယဲ့စီယဲ့ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် နဂါးစိမ်းတောင်ဝှေးဖြင့် ဦးခေါင်းပေါ်သို့ မြှောက်၍ ခံပေးလိုက်သည်။

"ချွမ်း..."

အညိုရောင်ဝတ်ဆင်ထားသူ၏ဓားသည် နဂါးစိမ်းတောင်ဝှေး အား ခုတ်မိသွားသည်။

သို့သော်...

နဂါးစိမ်းတောင်ဝှေးမှာ အနည်းငယ်မျှ ပွန်းပဲ့မသွားပါဘူး။

အညိုရောင်ဝတ်ဆင်ထားသူ၏မှားသည် ဘေးသို့ ချော်သွားပြီး ယဲ့စီယံ၏ပခုံးပေါ်သို့ ရှုပ်၍ခုတ်မိသွားလေသည်။

ထိုဒဏ်ရာမှ သွေးများဖြာထွက်ကျလာသည်။

သွေးများသည် ယဲ့စီယံ၏အဖြူရောင်အင်္ကျီရှည်အား စွန်းထင်းသွားလေတော့သည်။

ယဲ့စီယံသည် မြေပေါ်သို့ လဲကျသွားလေ၏။

သူသည် အံကိုတင်းတင်းကြိတ်ကာ အညိုရောင်ဝတ်ဆင်ထားသူအား စိုက်ကြည့်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် ဒေါသကြောင့် နီရဲနေ၏။

အညိုရောင်ဝတ်ဆင်ထားသူသည် ရင်ထိတ်သွားသည်။

သူသည် စိုးရိမ်စိတ်ကို ချုပ်ထိန်းလိုက်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ယဲ့စီယံသည် ပခုံးပေါ်မှ ဒဏ်ရာအား သတိမပြုနိုင်ပါ။

သူသည် နဂါးစိမ်းတောင်ဝှေးကိုကိုင်၍ အဘိုးအိုသေဆုံးခါနီးတွင် ပေးသွားသော နဂါးစိမ်းသိုင်းကျမ်းအား သတိရလာလေသည်။

သူသည် ယင်းစာအုပ်အား တစ်ကြိမ်သာဖတ်မိခဲ့သည်။

ယခု...

သူသည် သိုင်းကျမ်းပေါ်မှ ရေးသားထားသော သိုင်းကွက်များအား ပြန်လည်စဉ်းစားနေခြင်း ဖြစ်သည်။

ထိုစဉ်မှာပင်...

အညိုရောင်ဝတ်ဆင်ထားသူသည် တိုက်ခိုက်ရန် ပြေးဝင်လာလေသည်။

"ဟိုက်..."

ယဲ့စီယံသည် ယင်းသို့ ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလိုက်လေ၏။

ထို့နောက်...

သူ၏လက်ထဲမှ နဂါးစိမ်းတောင်ဝှေးအား စက်ဝိုင်းပမာ ဝှေ့ယမ်းလိုက်သည်။

အညိုရောင်ဝတ်ဆင်ထားသူသည် တိုက်ခိုက်ရန် ပြေးဝင်လာသောအခါ သူ၏မြင်ကွင်းတစ်ခုလုံးမှာ ရာပေါင်းများစွာသော နဂါးစိမ်းတောင်ဝှေး၏ အရိပ်ကို မြင်တွေ့လိုက်ရတော့သည်။

သူသည် ဝေစမ်းတောင်၏အထဲက်မြက်ဆုံး ခြောက်ကွက်များသိုင်းထဲမှ စကြာသိုင်းကွက်အား အသုံးပြုလိုက်၏။

သူ၏မှားသည် အလွန်အရှိန်အဟုန် ပြင်းထန်သော မြားတစ်စင်းပမာ အစိမ်းရောင် လွှမ်းမိုးနေသော နဂါးစိမ်းတောင်ဝှေး၏ အရိပ်များကြားထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေ၏။

သူ၏မှားသည် နဂါးစိမ်းတောင်ဝှေးအရိပ်များထဲသို့ ထိုးဖောက်ဝင်ရောက်သွားမိသောအခါ အလွန်ပြင်းထန်သော လေပွေတစ်ခုနှင့် ထိတွေ့လိုက်သည့်အလား သူ၏မှားသည် လက်ထဲမှ လွတ်ထွက်သွားလေတော့သည်။

"ရှီး..."

အလင်းရောင်တန်းတစ်စုံသည် အသံများမြည်ဟီးကာ အပေါ်သို့ ထောင်တက်သွားပြီး တောင်အောက်သို့ ထိုးကျသွားလေတော့သည်။

ပတ်ဝန်းကျင်းတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွား၏။

အညိုရောင်ဝတ်ဆင်ထားသူသည် လက်ထဲမှ ဓားလွတ်ကျသွားသဖြင့် ကျောက်ရုပ်ကြီးပမာ ငြိမ်သက်စွာရပ်နေသည်။ သို့သော် သူမျက်နှာကား ညှို့မှိုင်းနေသည်။

သူ၏မျက်ဝန်းအစုံသည် ယဲ့စိယ်အား အံ့သြတကြီး ငေးမောကြည့်နေသည်။

သူသည် ဝေစမ်းဂိုဏ်းချုပ်၏ ကိုယ်ရံတော်သိုင်းသမားများထဲ၌ အထက်မြက်ဆုံးသိုင်းသမားတစ်ယောက် ဖြစ်သည်။ ဂိုဏ်းချုပ်ကြီး ပြီးလျှင် သူသာ အထူးချန်ဆုံးဟု သတ်မှတ်ခံထားရသည်။

သူ၏ခြောက်ကွက်မားသိုင်းအား ကျန်ရှိသော ကိုယ်ရံတော်ဂိုဏ်းသားများ တစ်ယောက်မျှမယှဉ်နိုင်ခဲ့ပေ။

ထို့အခြင်...

သူသည် နောင်လာမည့် ဝေစမ်းဂိုဏ်းချုပ်လောင်းနေရာလျာထားခြင်းခံရသော လူရွယ်တစ်ယောက်လည်း ဖြစ်နေပေသေးသည်။

သိုင်းလောကတစ်ခုလုံးကလည်း သူ့အား အထင်ကြီးလေးစားကြသည်။

ယခုမူ...

သူသည် မမျှော်လင့်ဘဲ အညတရ လူငယ်တစ်ယောက်၏လက်ချက်ဖြင့် ရှုံးနိမ့်သွားခဲ့ရပေပြီ။

သူသည် တဖြည်းဖြည်း ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

ယဲ့စိယ်သည် ငေးကြောင်ရပ်နေမိသည်။

သူသည် မိမိက အညိုရောင်ဝတ်ဆင်ထားသူအား ယခုကဲ့သို့ အနိုင်ရရှိလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားပေ။ ယခုမူ မမျှော်လင့်ဘဲ အနိုင်ရလိုက်ပေပြီ။

သူ မယုံကြည်နိုင်ပေ။ ဤလူငယ်ကို သူ အနိုင်ရရှိမည်ဟု မယုံကြည်ခဲ့ပေ။

ထိုအချိန်မှာပင်...

တောင်ပေါ်မှလူတချို့ ပြေးဆင်းလာ၏

"ဟိုမှာဂိုဏ်းချုပ်ကြီး ကျွန်တော်တို့တောင်ပေါ်ကိုလာပြီး စော်ကားတဲ့လူ..."

ထိုအသံကိုကြားလိုက်ရသောအခါမှ ယဲ့စိယ်မှာ သတိဝင်လာမိသည်။

ယဲ့စိယ်သည် တောင်ပေါ်သို့ ခေါင်းမော့ကြည့်လိုက်ရာ မီးခိုးရောင် ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် လျင်မြန်စွာ ပြေးဆင်းလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုအခါ...

ယဲ့စိယ်သည် အခြေအနေမဟန့်မှန်း နားလည်လိုက်သည်။

ထို့ကြောင့် သူသည် တစ်ချက်မျှလှည့်မကြည့်တော့ဘဲ တောင်

အောက်သို့ ပြေးဆင်းသွားလေတော့၏။

အဘိုးအိုသည် ထိုနေရာသို့ ရောက်ရှိသွားသောအခါ ယုံစိယံသည် အတော်ဝေးဝေးသို့ ရောက်ရှိသွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအို၏ ဥပမိရုပ်သည် တည်ကြည်ခန့်ညားလှ၏။

သူသည် အညိုရောင်ဝတ်ဆင်ထားသူထံသို့ ရောက်ရှိသွားသောအခါ အညိုရောင်ဝတ်ဆင်ထားသူသည် ခေါင်းငိုက်စိုက်ကျကာ ရပ်နေဆဲကို တွေ့မြင်လိုက်ရသည်။ အဘိုးအိုသည် မမေးတဲ့သိလိုက်သည်။ သူ့တပည့် ရှုးနိမ့်သွားပြီဖြစ်ကြောင်း အလိုအလျောက် သိရှိသွားလေ၏။

အဘိုးအိုသည် အားပေးသောအပြုံးကို ပြုံးလိုက်သည်။

"ထိဟန်... စိတ်မပျက်ပါနဲ့ကွာ... သိုင်းသမားကောင်းတစ်ယောက်ဆိုတာ ရှုးနိမ့်မှုဒဏ်ကို ခံနိုင်ရည်ရှိရမယ်... တစ်ကြိမ်မှ မရှုးနိမ့်တဲ့ သိုင်းသမားဆိုတာ မရှိခဲ့ဖူးပါဘူး..."

ထိဟန်ဆိုသော အညိုရောင်ဝတ်ဆင်ထားသူသည် အဘိုးအိုအား ဦးညွတ်အရိုအသေပြုလိုက်ပြီး ကြေကွဲစွာပြောလိုက်လေ၏။

"ဂိုဏ်းချုပ်ကြီး... ကျွန်တော် ရှုံးသွားပါပြီ..."

အဘိုးအိုသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းနဲ့ယှဉ်ပြိုင်တဲ့ ကောင်လေးက ဘယ်သူလဲသိလား..."

ထိဟန်က ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူး..."

အဘိုးအိုမှာ မျက်မှောင်ကုတ်သွားလေသည်။

"ဒါဖြင့်... သူနဲ့ ဘယ်လိုလုပ်ပြီး ရန်ဖြစ်ရတဲ့အထိ ဖြစ်ရတာလဲ"

ထိဟန်က သက်ပြင်းတစ်ချက်ချလိုက်[illegible]

"သူက တောင်ပေါ်ကို တက်လာပြီး [illegible]လှေကားထစ်ပေါ် ခြေရာထင်အောင် လုပ်ခဲ့လို့ သူကို မေးမိတာနဲ့ [illegible]လို တိုက်ခိုက်ခဲ့ကြတာပဲ ဂိုဏ်းချုပ်ကြီး..."

အဘိုးအိုသည် ထိဟန်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"သူက ဘယ်ဂိုဏ်းကလဲဆိုတာကော သိလား..."

ထိဟန်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့်...

"သူ့ရဲ့ သိုင်းကွက်တွေကတော့ တော်တော်ကျယ်ပြန့်ပါတယ် ဂိုဏ်းချုပ်ကြီး... နောက်ဆုံး ကျွန်တော်တို့ဂိုဏ်းက ကျားနိုင်သိုင်းကွက်ကိုတောင် အသုံးပြုလာနိုင်တဲ့အတွက် သူကို ဘယ်လိုမှ မှန်းဆလို့မရပါဘူး ခင်ဗျာ..."

ထိုစကားကြောင့် အဘိုးအို အတွေးရခက်သွားလေတော့၏။

"ခုနက လျောင်ရမ်းလာပြီး ပြောသွားတယ်... ကောင်လေးတစ်ယောက်ဂိုဏ်းပေါင်းစုံက ကျော်ကြားတဲ့သိုင်းကွက်တွေကို အသုံးပြုသွားတယ်တဲ့... ငါလည်း မယုံလို့ လိုက်လာတာ... ဒါနဲ့... မင်း ဘယ်နည်းဘယ်ပုံ သူ့ကိုရှုံးသွားတာလဲ..."

ထိဟန်က စိတ်ပျက်စွာဖြင့် ပြောပြလိုက်သည်။

"ပထမတုန်းက ဒီကောင်လေးကို သိုင်းပညာမတတ်ဘူးလို့

"ဂိုဏ်းချုပ်ကြီး... ဟိုလူကို ဖမ်းမိလိုက်လား... "

အဘိုးအိုသည် စိတ်ရှုပ်နေသည့်အထဲ ထိုလူငယ်၏အလိုက်ကန်းဆိုးမသိ မေးမြန်းလိုက်သော မေးခွန်းကြောင့် ပို၍ဒေါသထွက်သွားသည်။

"ဘာတွေ လာမေးနေတာလဲ... မင်းကြောင့် အခုလိုပြဿနာတက်တာကွ... နားလည်လား... သွားစမ်း... ဘာမှလာမမေးနဲ့... "

လူငယ်သည် အခြေအနေမဟန်မှန်း နားလည်လိုက်သဖြင့် တောင်ပေါ်သို့ ပြန်တက်သွား၏။

ထိုအခါ...

မိန်းကလေးသည်လည်း သူ၏နောက်မှ လိုက်တက်သွားသည်။

သူမသည် ယဲ့စိယံက မိမိမှာကြားထားသည့်အတိုင်း မဟူရာရဲတိုက်သို့ သွားမှသွားပါမည်လားဟု စိုးရိမ်နေမိသည်။ သူမသည် မြင်မြင်ချင်း ယဲ့စိယံကို စိတ်ဝင်စားမိလေ၏။

"မနက်ဖြန် ဆရာ့ဆီခွင့်တောင်းပြီး ရဲတိုက်ကို တစ်ခေါက်ပြန်သွားရင်တော့ သိရမှာပေါ့လေ... "

သူမသည် ထိုသို့ တီးတိုးရေရွတ်မိလေ၏။

ကျွန်တော် ယူဆမိတယ်... ဒါကြောင့်... သူ့ပခုံးမှာ ဒဏ်ရာရသွားပါတယ်... နောက်တော့... သူက နဂါးစိမ်းတောင်ဝှေးနဲ့ တိုက်ခိုက်လာပါတယ်... ကျွန်တော်က သိုင်းခြောက်ကွက်နဲ့ တိုက်ခိုက်တဲ့အခါမှာ ကျွန်တော့်ဓား လွှင့်ထွက်သွားတာပဲ ဂိုဏ်းချုပ်ကြီး ခင်ဗျာ... "

အဘိုးအိုမှာ မျက်မှောင်ကုတ်သွားမိသည်။

"ဘယ်လို နဂါးစိမ်းတောင်ဝှေးလဲ... "

ထိုအခါ...

ထီဟန်သည် ယဲ့စိယံ၏လက်ထဲတွင် တွေ့ရှိခဲ့ရသော နဂါးစိမ်းတောင်ဝှေး၏ပုံသဏ္ဌာန်အား ပြောပြလိုက်လေ၏။

အဘိုးအိုသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်...

"ဟုတ်ပြီ... ဒီနဂါးစိမ်းတောင်ဝှေးဟာ နဂါးစိမ်းဂိုဏ်းက ဂိုဏ်းချုပ်ရဲ့ပစ္စည်းပဲ... ဒါဖြင့်... ဒီလူငယ်ဟာ နဂါးစိမ်းဂိုဏ်းကပဲ ဖြစ်ရမယ်... "

ထီဟန်က ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး... နဂါးစိမ်းဂိုဏ်းမှာ ဒီလိုသိုင်းဂိုဏ်းပေါင်းစုံက သိုင်းပညာတတ်ကျွမ်းထားတဲ့ လူငယ်ရှိတာကို မကြားဖူးပါဘူး ခင်ဗျာ... "

ထိုစဉ်...

တောင်ပေါ်မှ လူနှစ်ယောက် ပြေးဆင်းလာလေတော့သည်။

ထိုလူနှစ်ယောက်မှာ လူငယ်နှင့်မိန်းကလေးပင် ဖြစ်သည်။

လူငယ်သည် အဘိုးအိုအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

အခန်း [၇]

မဟူရာရဲတိုက်နှင့်အခက်အခဲ

နံနက်ခင်း၏နေရောင်ခြည်သည် ကမ္ဘာလောကကြီးတစ်ခုလုံးအား ဖြန့်ကျက်လွှမ်းမိုးထားသည်။

ကျောက်စီလမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းခင်းများ စိုက်ပျိုးထားသည်။

ဝေယမ်းတိုက်ခတ်လာသော လေနုအေးထဲတွင် ပန်းရနံ့များ မွှေးပျံ့နေသည်။

ထိုအချိန်...

အဖြူရောင်ဝတ်ဆင်ထားသော စာပေသမားတစ်ယောက်သည် ကျောက်စီလမ်းကလေးအတိုင်း အေးဆေးစွာ လျှောက်လာနေလေ၏။

ထိုလူသည် အသက်ဆယ့်ခုနစ်နှစ်ခန့်သာရှိသေးသော လူငယ်တစ်ယောက် ဖြစ်သည်။

ထိုလူငယ်သည် ကျောက်စီလမ်းကလေး၏အဆုံး၌ရှိသော ထင်းရှူးပင်ကြီးအောက်သို့ ရောက်သောအခါ ခြေလှမ်းရပ်လိုက်သည်။

ထို့နောက်...

သူသည် လှပစွာ ဖူးပွင့်နေသော ရောင်စုံပန်းခင်းအား ငေးကြည့်ရင်း တီးတိုးရေရွတ်မိသည်။

"မမရယ်... ကျွန်တော် မမကို သိပ်လွမ်းနေပြီ... မမကော ကျွန်တော့်လိုပဲ လွမ်းနေမှာလား... ကျွန်တော့်ဖေဖေကို ပြန်တွေ့ရင် မမဆီကို ကျွန်တော် အမြန်ဆုံး ပြန်လာမှာပါဗျာ..."

သူ၏မျက်ဝန်းအစုံသည် ရောင်စုံပန်းခင်းလေးအား ငေးမောကြည့်နေသော်လည်း ပန်းခင်းလေးအား မမြင်နိုင်ပါ။

လွန်စွာချောမောလှပသော ချစ်သူမျက်နှာလှလှကိုသာ မြင်ယောင်နေမိသည်။

ထိုလူငယ်မှာ ယဲ့စီယံပင် ဖြစ်ပါသည်။

ထိုစဉ်...

ချိုလွင်သာယာသော အသံလေးတစ်သံ ထွက်ပေါ်လာသည်။

"ဘယ်လိုလဲရှင့်... ကဗျာဆရာကြီး ကဗျာစပ်နေပြီထင်တယ်"

ယဲ့စီယံသည် အသံကြားရာနောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ...

သူ၏မြင်ကွင်းထဲသို့ နွဲ့နောင်းသွယ်လျသော မိန်းကလေးတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် သူအား ပြုံးပြနေ၏။

ယဲ့စီယံသည် ထိုမိန်းကလေးအား ဦးညွှတ်အရိုအသေပြုလိုက်ဖြီး...

"သခင်မလေးလျှုဝမ်းအော့ကို ဂါရဝပြုပါတယ်... "

လျှုဝမ်းအော့ဆိုသော မိန်းကလေးက ကဗျာကဖာ လက်ကာပြလိုက်သည်။

"ကျွန်မကို ဘာဖြစ်လို့ ဂါရဝပြုတာလဲ... "

ယဲ့စီယံက ပြုံးလိုက်ပြီး...

"ခင်ဗျားဟာ မဟူရာရဲတိုက်ပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သမီးပါ... နောက်ပြီး... ဝေစမ်းတောင်က ဝေစမ်းဂိဏ်းချုပ်ရဲ့ တပည့်မလည်း ဖြစ်ပါတယ်... ဒီတော့ ကျွန်တော်က ဂါရဝမပြုလို့ ဘယ်သင့်တော်ပါ့မလဲ... "

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ ကျွန်မ နားမလည်ဘူး... ဒါပေမယ့်... ကျွန်မကို ဂါရဝမပြုပါနဲ့... ဒါကတော့ ကျွန်မရဲ့ အမိန့်ပဲ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... မပြုနဲ့ဆိုလည်း မပြုတော့ပါဘူးဗျာ... "

သူသည် ယင်းသို့ပြောပြီး လျှုဝမ်းအော့အား အကဲခတ်သလို ကြည့်လိုက်ပြီး...

"ဒါနဲ့... ခင်ဗျားက ဘယ်သွားမလို့လဲ... "

လျှုဝမ်းအော့က ပြုံးလိုက်ပြီး...

"ညနေဆိုရင် ကျွန်မတို့ ကောင်းဂူးတောင်ကိုသွားပြီး အမဲပစ်မလို့... ရှင်လိုက်ခဲ့ပါလား... "

ယဲ့စီယံက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျွန်တော်က သိုင်းပညာမှမတတ်ဘဲ... လိုက်လို့ဘယ်ဖြစ်ပုံမလဲဗျာ... "

ထိုစကားကြောင့် လျှုဝမ်းအော့မှာ မကျေမနပ်ဖြစ်သွားသည်။

"ရှင်က သိပ်လျှို့ဝှက်တဲ့လူပဲ... ကျွန်မ ဂိဏ်းတူအစ်ကိုထီဟန်ကိုတောင် နိုင်အောင်ယှဉ်ပြိုင်ခဲ့တာပဲ... ဒါနဲ့တောင် သိုင်းပညာမတတ်ဘူးလို့ ပြောသေးတယ်... "

ယဲ့စီယံက ပြုံးလိုက်ပြီး...

"အဲဒီတုန်းက သူက ပေါ့ဆလို့ပါ... ကျွန်တော်ကလည်း ကံကောင်းလို့ အနိုင်ရခဲ့တာပါ... မယုံမရှိပါနဲ့ဗျာ... "

လျှုဝမ်းအော့က ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"ရှင်ကသာ ပြောနေ... ကျွန်မအစ်ကိုကတော့ ရှင့်ကို ကလဲစားချေဖို့ နေတိုင်း သိုင်းပညာကို ပြင်းပြင်းထန်ထန် လေ့ကျင့်နေတယ် ရှင့်... "

ယဲ့စီယံက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ခက်တာပဲဗျာ... ကျွန်တော်က သိုင်းပညာမဆိုထားနဲ့... ကျွန်တော့်ကို သိုင်းပညာသင်ပေးမယ့်ဆရာတောင် မရှိသေးပါဘူး"

လျှုဝမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"ရှင် ကျွန်မကို မလိမ်ပါနဲ့... ကျွန်မတို့ဂိဏ်းချုပ်က ရှင်ဟာ နဂါးစိမ်းဂိဏ်းကလူလို့ ပြောပြီးပါပြီ... "

ယဲ့စီယံမှာ စိတ်ရှုပ်သွားသည်။

"ခင်ဗျားမယုံလည်း မတတ်နိုင်ပါဘူးဗျာ... ဒါနဲ့... ခင်ဗျားကို ပြောရဦးမယ်... ကျွန်တော် ဒီမဟူရာရဲတိုက်နေ ထွက်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ... "

ထိုစကားကြောင့် လျှုဝမ်းအော့မှာ ထိတ်ထိတ်ပျာပျာဖြစ်

သွားသည်။

"ဘာဖြစ်လို့လဲရှင်... ကျွန်မတို့က ဧည့်ဝတ်မကျေလို့များလားရှင်... "

ယဲ့စီယံက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ... ခင်ဗျားက ကျွန်တော့်အပေါ်မှာ ကျေးဇူးအများကြီးရှိပါတယ်... ကျွန်တော် အခုလို ထွက်သွားမှာက လူတစ်ယောက်ကိုရှာဖို့ပါ... "

လျူဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားလေသည်။

"ဘယ်သူ့ကို ရှာမလို့လဲ... ကျွန်မကိုပြောလေ... ကျွန်မလည်း ဝိုင်းကူရှာပေးမှာပေါ့... တစ်ယောက်တည်းရှာတာနဲ့... အများဝိုင်းရှာတာ ဘယ်တူနိုင်ပါ့မလဲ... "

ယဲ့စီယံက ပြုံးလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်ဗျာ... အခုလုပ်ရမယ့်ကိစ္စက ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာဖြစ်နေလို့ တခြားလူ လုပ်ပေးလို့မရပါဘူး... "

လျူဝမ်းအော့သည် ယဲ့စီယံအား စေ့စေ့ကြည့်လိုက်ပြီး...

"ရှင် ဒီက ထွက်သွားတာကို ဖေဖေက လက်ခံမှာမဟုတ်ဘူး"

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ဒါကို ကျွန်တော် သိထားလို့ ခင်ဗျားကိုဖြေရှင်းမလို့ပါ... "

လျူဝမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"ရှင် ဘယ်မှမသွားရဘူး... "

ယဲ့စီယံမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်လို့လဲ... "

လျူဝမ်းအော့သည် နှုတ်ခမ်းစူလိုက်ပြီး...

"ရှင် မသိဘူး ဟုတ်လား... ဘာဖြစ်လို့လဲဆိုတာ ရှင်အသိဆုံးပါ... "

သူသည် ယင်းသို့ပြောပြီး ယဲ့စီယံအနီးမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ယဲ့စီယံမှာ ကြောင်အမ်းအမ်းဖြင့် လျူဝမ်းအော့၏နောက်ကျောအား ငေးကြည့်ကာ ကျွန်ရစ်ခဲ့ရလေ၏။

ယဲ့စီယံသည် လျူဝမ်းအော့၏နောက်ကျောအား ငေးကြည့်ရင်း သူ၏အကြောင်းများကို ပြန်စဉ်းစားနေမိ၏။

သူသည် ဝေစမ်းတောင်မှ ဆင်းလာသောအခါ မည်သည့်နေရာသို့ သွားရမှန်းမသိဘဲ အခက်ကြုံနေစဉ် လှပသော မိန်းကလေးက သူ့အား မဟူရာရဲတိုက်သို့ သွားရောက်ရန် မှာကြားထားသည်ကို သတိရလာသဖြင့် သူသည် မဟူရာရဲတိုက်သို့ ရောက်ရှိလာသည်။

သူသည် မဟူရာရဲတိုက်သို့ ရောက်သောအခါမှ သူတွေ့ဆုံခဲ့ရသော မိန်းကလေးမှာ မဟူရာရဲတိုက်ပိုင်ရှင်၏သမီး လျူဝမ်းအော့ဖြစ်နေသည်ကို သိရှိလိုက်ရ၏။ ရဲတိုက်ပိုင်ရှင်သည် အလွန်သဘောကောင်းသူဖြစ်၍ သူ့အား လှိုက်လဲစွာ နေထိုင်ခွင့်ပြုခဲ့သည်။

နေထိုင်ရာတွင် အလကားနေထိုင်ခွင့်ရသည်တော့ မဟုတ်ပေ။ သူ အဖိုးအခကို ပေးရသည်။ ထိုအဖိုးအခကား မဟူရာရဲတိုက်ကို စောင့်ရှောက်ရန်ပေတည်း။

ရဲတိုက်ပိုင်ရှင် မိသားစုနှင့် အတူ ရဲတိုက်ကြီးကို စောင့်ရှောက်ပေးရမည်ဟု ရဲတိုက်ပိုင်ရှင်က ပြောဆိုခဲ့သည်။ သူကလည်း အာမခံခဲ့သည်။ ရဲတိုက်ထဲတွင် သူနေထိုင်ခွင့်ရခဲ့သဖြင့် ရဲတိုက်ပိုင်ရှင်၏သမီး

လျှုဝမ်းအော့နှင့် အထိအတွေ့များလာခဲ့သည်။

သူသည် လျှုဝမ်းအော့နှင့် နီးနီးကပ်ကပ် ဆက်ဆံလာသော အခါ လျှုဝမ်းအော့က မိမိအပေါ် မေတ္တာရှိနေကြောင်း သိရှိလိုက်သည်။

လျှုဝမ်းအော့သည် လွန်စွာရုပ်ရည်ချောမောသည်။ သိုင်းပညာလည်း ထူးချွန်၏။

သို့သော်...

သူ၏နှလုံးသားထဲတွင် လောနှင်းစုတစ်ယောက်သာ ရှိသည်။ လျှုဝမ်းအော့ သူ့ကို ချစ်နေကြောင်း သူသိသော်လည်း မသိဟန်ဆောင်ခဲ့ပေသည်။

ထို့ကြောင့်...

သူသည် ဤမဟူရာရဲတိုက်ထဲ၌ ဆက်လက်နေထိုင်သွားလျှင် မလိုအပ်သော ပြဿနာများ ဖြစ်ပေါ်လာလိမ့်မည်ဟု တွက်ဆမိသည်။

ထို့ကြောင့်...

သူသည် မဟူရာရဲတိုက်မှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

ယဲ့စီယံသည် သူ၏အခန်းထဲသို့ ပြန်လည်ရောက်ရှိလာသည်။

ထို့နောက်...

သူသည် အခန်းတံခါးကိုပိတ်ကာ တင်ပျဉ်ခွေထိုင်၍ အတွင်းအားကို လေ့ကျင့်လိုက်သည်။

တစ်ခဏအကြာတွင်...

သူ၏ငယ်ထိပ်ပေါ်၌ အနိုးအငွေ့များ တထောင်းထောင်းထလာသည်။

ထိုအခါ...

သူ၏ညာဘက်လက်သည် ဟိုဟိုသည်သည် ဝေ့ယမ်းရေးခြစ်နေ၏။

သူ၏ဘယ်ဘက်လက်သည် စက်ဝိုင်းပုံသဏ္ဌာန်များအား အဆက်မပြတ် ဝေ့ယမ်းနေသည်။

သူ၏လက်နှစ်ဖက် လှုပ်ရှားမှုသည် တစ်ဘက်နှင့်တစ်ဘက် လုံးဝကိုက်ညီခြင်းမရှိချေ။

သီးခြားလှုပ်ရှားနေခြင်းဖြစ်သည်။

သူသည် စက်ဝိုင်းအကြီးအသေးအလတ်ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဝေ့ယမ်းလှုပ်ရှားရင်း တဖြည်းဖြည်း နှေးကွေးလာသည်။

နောက်ဆုံးတွင်...

လှုပ်ရှားမှုများရပ်တန့်သွားပြီး မျက်လုံးများပွင့်လာသည်။

"သူတို့က အတွင်းအားလို့ ပြောနေကြတယ်... အဲဒါကို တတ်ထားလို့ တော်တော့်ကို ဂုဏ်ယူနေကြတယ်... ငါ အခုလေ့ကျင့်လိုက်တော့ ဘာမှလည်း မခက်ခဲပါလား... တော်တော်ရယ်စရာကောင်းတဲ့လူတွေပဲ..."

သူသည် တီးတိုးပြောရင်း ပြုံးလိုက်မိသည်။

ယခု...

သူ လေ့ကျင့်နေသော ပညာရပ်များမှာ အဘိုးအိုက သူအားပေးခဲ့သော သိုင်းကျမ်းပေါ်မှ ရေးသားထားသော သိုင်းပညာရပ်များ ဖြစ်သည်။

သူသည် အားလပ်သောအချိန်များ၌ သိုင်းကျမ်းစာအုပ်အားတစ်ရူးလေ့လာခဲ့၏။

ပထမတွင် သူသည် လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေသည်။ သင်္ကေတနှင့် အသုံးအနှုန်းများကို သူ နားမလည်ခဲ့ခြင်းဖြစ်သည်။

သို့သော်...

ရက်ပေါင်းအတော်ကြာလာသောအခါ သဘောတရားများကို တဖြည်းဖြည်း နားလည်သဘောပေါက်လာလေသည်။ သင်္ကေတများကိုလည်း နားလည်လာသည်။

ထိုအခါ သူကိုသိုင်းကျမ်းသည် အလွန်စိတ်ဝင်စားစေခဲ့တော့သည်။ မည်မျှစိတ်ဝင်စားသနည်းဟူမူ စာအုပ်နှင့်မျက်နှာ မခွာနိုင်သည် ဖြစ်လာခဲ့သည်။ ထို့နောက် သူသည် သိုင်းကျမ်း၏လေ့ကျင့်ပုံများကို ကြိုးစား၍ လေ့ကျင့်သောအခါ အလွန်တိုးတက်လာခဲ့သည်။

ထိုစဉ်...

"ဟား... ဟား... ဟား..."

တံခါးဝ၌ရယ်မောသံတစ်သံ ထွက်ပေါ်လာလေသည်။

ယဲ့စီယံသည် ကပျာကယာထ၍ ကြည့်လိုက်ရာ အခန်းထဲသို့ မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ဝင်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ မဟူရာရဲတိုက်ပိုင်ရှင် လျူယန်ချန်းပင် ဖြစ်ပါသည်။

ယဲ့စီယံသည် လျူယန်ချန်းအား ဦးညွှတ်အရိုအသေပြုလိုက်သည်။

"ရဲတိုက်သခင်ကြီးကို ဂါရဝပြုပါတယ်..."

လျူယန်ချန်းက လက်ကာပြလိုက်သည်။

"ရတိတယ်... မင်း ဒီမှာနေရတာ သဘောကျရဲ့လား..."

ယဲ့စီယံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... အားလုံးအဆင်ပြေပါတယ်... ရဲတိုက်အမှုထမ်းတွေဟာ ကျွန်တော့်အတွက် အစစအရာရာလိုလေသေးမရှိ ဆောင်ရွက်ပေးကြပါတယ်..."

"ညနေကျရင်... ငါတို့အမဲလိုက်သွားမယ်... မင်းလည်းလိုက်ခဲ့ပါ..."

ယဲ့စီယံမှာ တွေဝေသွားလေ၏။ လျူဝမ်းအော့၏လက်ချက် ပင်တည်း။

မိမိအား ယခုကဲ့သို့ ရဲတိုက်ပိုင်ရှင်ကိုယ်တိုင် လာရောက် ဖိတ်ကြားသည်မှာ လျူဝမ်းအော့၏ ဆန္ဒအရဖြစ်သည်ဟု နားလည်လိုက်သည်။ ရဲတိုက်ပိုင်ရှင်ကြီးသည် သူ့သမီးကို အလွန်ချစ်သည်။

ထို့အပြင်...

မိမိအား အမဲလိုက်ခွားရန် မရမကဖိတ်ခေါ်နေခြင်းမှာ မိမိ၏သိုင်းပညာအခြေအနေကို သိရှိရန်ဖြစ်သည်ကိုလည်း သဘောပေါက်နားလည်လိုက်သည်။

ထို့ကြောင့်...

သူသည် ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပါပြီ... ကျွန်တော် အဆင်သင့်လုပ်ထားပါ့မယ်"

"ဒီလိုမှပေါ့... အားလုံးစိတ်ရှင်းလန်းအောင် ကျုပ်က စီစဉ်တာပါ..."

ရဲတိုက်ပိုင်ရှင်သည် ယဲ့စီယံ၏ပခုံးအား အသာအယာပုတ်ပြီး အခန်းထဲမှ ထွက်ခွာသွားလေ၏။

ယဲ့စီယံသည် အခန်းဝအထိ လိုက်လံပို့ဆောင်ပေးသည်။

ထို့နောက်...

သူသည် ရဲတိုက်ပိုင်ရှင်၏ နောက်ကျောကိုကြည့်ကာ စိတ်ထဲမှ တီးတိုးပြောမိလေ၏။

"ဘယ်ရမလဲ... ငါက သိုင်းပညာမတတ်အောင် ဟန်ဆောင်ထားမှာပေါ့... သူ စမ်းချင်သလိုစမ်း... နောက်ဆုံးလက်မှိုင်ချသွားရမှာပေါ့... "

ညနေခင်း...

မဟူရာရဲတိုက်ပိုင်ရှင်လျူဟန်ချန်း ဦးဆောင်သော အမဲလိုက်လူစုများသည် မဟူရာရဲတိုက်မှ ထွက်ခွာလာခဲ့ကြသည်။

ထိုလူစုထဲတွင် လျူဝမ်းအော့ကား မပါမဖြစ် ပါဝင်နေခဲ့လေ၏။

အမဲလိုက်ရန် အကြံအစည်ကို လျူဝမ်းအော့က စတင်ခဲ့သည် မဟုတ်ပါလော။

လျူဝမ်းအော့၏အနီးတွင် ကိုယ်ရံတော်လူရွယ်နှစ်ယောက်က ထက်ကြပ်မကွာ လိုက်လေ၏။

ထိုလူရွယ်နှစ်ယောက်မှာ ရဲတိုက်ပိုင်ရှင်လျူယန်ချန်း၏ အားအထားရဆုံးသော တပည့်နှစ်ယောက်ဖြစ်ကြသည်။

သူတို့သည် လျူဝမ်းအော့အား လောကွတ်ချော်နေကြ၏။

ထိုကိုယ်ရံတော်နှစ်ယောက်သည် သူတို့၏သခင်မလေး လျူဝမ်းအော့၏ အရေးယူအားပေးမှုကို ခံယူလိုကြသော လူရွယ်များဖြစ်

ကြသည်ကို ယုံစိယံ သိရှိသည်။

ထို့ကြောင့်...

သူသည် နောက်ချန်၍ အခြားသိုင်းသမားများနှင့်သာပူးပေါင်းသွားနေ၏။

သူတို့သည် ခရီးပြင်းနှင်လာခဲ့ကြရာ အမှောင်ထုက စိုးမိုးလာသောအခါမှ ကောင်းဝူးတောင်ခြေရင်းသို့ ရောက်ရှိလာကြသည်။

ထိုတောင်ခြေရင်းတွင် ဧရပ်ငယ်တစ်ခု ရှိ၏။

လျူယန်ချန်းခေါင်းဆောင်သောလူစုသည် အမြဲတစေ အမဲလိုက်ထွက်လေ့ရှိရာ အိပ်စက်အနားယူနိုင်ရန်အတွက် ဤတောင်ခြေရင်းတွင် ထိုင်ဧရပ်ငယ်အား တည်ဆောက်ထားခြင်းပင် ဖြစ်ပါသည်။

သူတို့သည် နောက်တစ်နေ့၌ အမဲလိုက်ရန် ဤဧရပ်၌အား ဖြည့်. အနားယူကြလေ၏။

ဤသို့ဖြင့် နောက်တစ်နေ့နံနက်သို့ ကူးသွားသည်။

လျူယန်ချန်းတို့လူစုသည် အမဲလိုက်ခွေးများနှင့်တကွ တောင်ပေါ်သို့ စတင်တက်လာခဲ့ကြသည်။

ယနေ့...

လျူဝမ်းအော့သည် အခြားနေ့များထက် ပို၍လှုပ်ဆောင် ဝတ်ဆင်ထားသည်။

သူမသည် ယုံစိယံက အမဲလိုက်ရာတွင် မလိုက်ပါလိုဟု ငြင်းပယ်ခဲ့သဖြင့် ယုံစိယံကို စိတ်ဆိုးနေသည်။

ယုံစိယံကလည်း သူမနှင့်စကားမပြောလိုပါ။

ထို့ကြောင့်...

သူသည် လျှူဝမ်းအောနှင့်ဝေးအောင် ရှောင်နေလိုက်၏။

သူတို့လူစုသည် တောင်ခါးပန်းအလယ်သို့ ရောက်ရှိလာသော အခါ လူစုခွဲလိုက်ကြသည်။

ယဲ့စီယံမှာမူ ရဲတိုက်ပိုင်ရှင် လျှူယန်ချန်း၏တပည့်ဖြစ်သူ 'ထိမုံချူး'တို့နှင့် တစ်ဖွဲ့တည်းကျသည်။ ထိမုံချူးသည် ယဲ့စီယံကို မလိုလားသောသူဖြစ်သည်။

သူတို့သွားရာလမ်းကြောင်းမှာ အနောက်ဘက်မှ တောင်ကလပ်ပေါ်သို့ တက်ရန်ဖြစ်သည်။

ရဲတိုက်ပိုင်ရှင်သည် လူစုခွဲပြီး တောင်တက်ရန် ထွက်ခွာသွား၏။

ထိုအခါ...

ယဲ့စီယံမှာ သူ၏အစီအစဉ်ကို စတင်လိုက်သည်။

"ရဲတိုက်သခင်ကြီး ခင်ဗျား... ကျွန်တော်က သိုင်းပညာမတတ်တော့ ရှေ့ခရီးကိုလိုက်လို့ ဖြစ်မှာမဟုတ်ဘူး... ဒါကြောင့်... ကျွန်တော် တောင်အောက်က ဧရပ်မှာပဲနေပြီး ရဲတိုက်သခင်ကြီးတို့ကို စောင့်နေပါ့မယ်..."

ရဲတိုက်ပိုင်ရှင်က ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးထင်တယ်... မင်းတစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မလဲ... ဒီမှာ တောရိုင်းတိရစ္ဆာန်တွေနဲ့ မင်း ဒုက္ခရောက်သွားလိမ့်မယ်... ဒီတောတောင်တစ်ဝိုက်မှာ ဘယ်သူမှတစ်ယောက်တည်း မနေရဲဘူးကွ..."

ယဲ့စီယံသည် ငြင်းပယ်၍မရသဖြင့် သူတို့နောက်သို့ လိုက်

သွားရလေတော့သည်။

အမဲလိုက်ခွေးငါးကောင်သည် ရှေ့မှပြေးလွှားနေ၏။

ရဲတိုက်ပိုင်ရှင်လျှူယန်ချန်းနှင့် ယဲ့စီယံတို့သည် နောက်မှ လိုက်သွားကြသည်။

ထိမုံချူးသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီးနောက်မှ လိုက်သွား၏။

သူတို့သည် တောအုပ်တစ်ခုထဲသို့ ဝင်ရောက်သွားကြသည်။

ယဲ့စီယံသည် ရှေ့ဘက်ကို စဉ်းစားလာ၏။ သူဖခင်၏သတင်းကိုကြားပြီး ဖြစ်သော်လည်း သူ စိတ်မလျှော့ချင်သေးပေ။

သူသည် စဉ်းစားရင်းလျှောက်လာစဉ် သူ၏နောက်တွင် တစ်စုံတစ်ယောက်က အတင်းဝင်တိုက်ခိုက်လာသည်ကို ရိပ်စားမိလိုက်လေသည်။

ထို့ကြောင့်...

သူသည် ခေါင်းငုံ၍ရှောင်တိမ်းလိုက်သည်။

ထိုအချိန်...

မိမိမှာ သိုင်းပညာမတတ်ဟု ပြောထားသည်ကို သတိရလာသဖြင့် မြေပြင်ပေါ်သို့ ကမန်းကတန်း မှောက်ချလိုက်လေသည်။

သူသည် ခလုတ်တိုက်မိ၍ လဲကျသွားဟန်ဆောင်လိုက်ခြင်းဖြစ်သည်။

သူနောက်တွင် လိုက်ပါလာသော ထိမုံချူးက သူ့အား လာရောက်ဖေးတူလိုက်သည်။

သူ၏ဘယ်ဘက်လက်သည် ယဲ့စီယံ၏လက်ကို ဆွဲလိုက်လေ

သည်။

သူ၏ညာဘက်လက်သည် ယဲ့စိယ်၏ညာဘက်လက်မောင်းအား သွေးကြောပိတ်ရန် ဟန့်ပြင်လိုက်၏။

ထိုအခါ...

ယဲ့စိယ်သည် မသိမသာဖြင့် သူ၏ညာဘက်တစ်တောင်ဆစ်နှင့် ထိမုံချူး၏ ချိတိသွေးကြောနေရာသို့ထောက်လိုက်လေသည်။

ထိမုံချူး၏လက်နှစ်ဖက်လုံး ထုံကျင်သွားလေသည်။

ထိုစဉ်...

ယဲ့စိယ်သည် လဲကျနေရာမှထလိုက်ပြီး သူ့အား ပြုံးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ... "

ရဲတိုက်မှူးလျူယန်ချန်းသည် သူတို့ထံသို့ပြန်လျှောက်လာပြီး...

"မင်းတို့ ဘာတွေဖြစ်နေကြတာလဲ... "

ယဲ့စိယ်သည် ပြုံးပြလိုက်ပြီး အေးဆေးစွာ ပြောလိုက်လေ၏။

"ကျွန်တော် မတော်တဆ ခလုတ်တိုက်မိပြီး လဲကျသွားလို့ ဒီအစ်ကိုကြီးက ဆွဲထူပေးနေတာပါ... "

ထိမုံချူးသည် မချိပြုံးပြုံးလိုက်သည်။

ရဲတိုက်မှူးလျူဟန်ချန်းသည် အလွန်ပါးနပ်သောလူတစ်ယောက်ဖြစ်သည်။

သူသည် ထိမုံချူး၏ဟန်အမူအရာအား တွေ့မြင်လိုက်သည်နှင့် ရိပ်စားမိသွားသည်။

"ကဲ... သွားကြမယ်... "

သူတို့သည် အမဲလိုက်ခွေးများနောက်သို့ ဆက်လက်လိုက်သွားကြလေတော့သည်။

လျူယန်ချန်း ဦးဆောင်သောလူစုသည် တောအုပ်ကလေးအား ဖြတ်ကျော်ရင်း ကောင်းဝှေးတောင်ပေါ်သို့တက်လာခဲ့ကြသည်။

ဤသို့ဖြင့်...

သူတို့သည် ကျယ်ပြန့်သော ကောင်းဝှေးတောင်ကလပ်ပေါ်သို့ ရောက်ရှိလာလေ၏။ တောင်ကလပ်တွင် သစ်ပင်များထူထပ်စွာ ပေါက်နေသည်။

လျူယန်ချန်းသည် ယဲ့စိယ်အား ပြုံးပြလိုက်သည်။

"ဟောဒီတောင်ရဲ့ တစ်ဘက်မှာ အလွန်နက်ရှိုင်းတဲ့ ချောက်ကမ်းပါးရှိတယ် မဟုတ်လား... ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ ဘယ်သူကမှ မသိဘူး... "

သူသည် ယဲ့စိယ်အား တစ်ချက်ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"တကယ်လို့ ငကျောက်တုံးတစ်တုံးကို ပစ်ချလိုက်ရင်အတော့်ကိုကြာမှ အသံသဲ့သဲ့ပဲ ကြားရတယ်... ဒါတောင်မှ ရာသီဥတုသာယာတဲ့နေ့မှပဲ ကြားနိုင်တယ်... မင်းကော ကြားချင်သလား... "

ယဲ့စိယ်က ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော်က ငယ်ငယ်ကတည်းက ကျန်းမာရေးချို့တဲ့ခဲ့တယ်... ဒါကြောင့် ချောက်ကမ်းပါးအောက်ကို ငုံ့ကြည့်ရင် မူးသွားလိမ့်မယ်... "

လျူယန်ချန်းသည်ဲ့ ရယ်မောလိုက်လေ၏။

"ဟား... ဟား... ဟား... သိုင်းဆရာကြီးရယ်... ငါ့ကိုမျှား ဖုံးကွယ်ထားချင်သေးလို့လား... "

ထိုစကားကြောင့် ယဲ့စီယဲမှာ အံ့အားသင့်သွားသည်။

"ကျွန်တော်က ဘာမျှားဖုံးကွယ်ထားလို့လဲ ခင်ဗျာ... "

လျူယန်ချန်းသည် ယဲ့စီယဲအား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းက သိုင်းပညာမတတ်ဘူး မဟုတ်လား... "

ယဲ့စီယဲက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် သိုင်းပညာမသင်ခဲ့ဖူးပါဘူး... "

လျူယန်ချန်းသည် သူ၏တပည့် ထိမုံချူးအား တစ်ချက်လှမ်း ကြည့်လိုက်ပြီး...

"မင်းက သူ့ရဲ့သိုင်းပညာကို နည်းနည်းပါးပါး တီးခေါက် ကြည့်စမ်း... "

ထိမုံချူးသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ဆရာယဲ့စီယဲ... ကျွန်တော့်ကို သိုင်းပညာ လေ့လာခွင့်ပြုပါ"

သူသည် ယင်းသို့ပြောရင်း တိုက်ခိုက်ရန်အသင့် ပြင်ဆင်လိုက် သည်။

ယဲ့စီယဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"မလုပ်ပါနဲ့ဗျာ... "

လျူယန်ချန်းသည် ထိမုံချူးအား စေ့စေ့ကြည့်လိုက်ပြီး...

"ကဲ... မင်းကပဲ စပြီးတိုက်ခိုက်လိုက်ပါ... သူက မင်းကို ညာညာတာတာပဲ တိုက်ခိုက်မှာပါ... "

ထိမုံချူးသည် ခေါင်းညိတ်ပြလိုက်ပြီး ညာဘက်ခြေကို ရှေ့

သို့တစ်လှမ်းတိုးလိုက်၏။

ထို့နောက်...

သူ၏ညာဘက်လက်ဝါးဖြင့် ယဲ့စီယဲ၏ရင်ဝသို့ ရိုက်ချလိုက် လေတော့သည်။

ထို့အပြင်...

သူ၏ဘယ်ဘက်လက်သီးချက်သည် ယဲ့စီယဲ၏မျက်နှာတည့် တည့်သို့ ထိုးသွင်းလိုက်လေ၏။

သူ၏တိုက်ခိုက်မှု နှစ်ကွက်စလုံး လျှပ်တစ်ပြက် လျင်မြန်လှ သည်။

ယဲ့စီယဲသည် လက်နှစ်ဘက်ဖြင့် မျက်နှာအား ကာကွယ်လိုက် ပြီး နောက်သို့ ဆုတ်သွားလိုက်၏။

ထိုအခါ...

ထိမုံချူးသည် အဆက်မပြတ် တိုက်ခိုက်တော့သည်။

ယဲ့စီယဲကလည်း နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေ လေ၏။

ထို့ကြောင့်...

ထိမုံချူး၏တိုက်ခိုက်မှုများသည် အရာမရောက်ဘဲဖြစ်နေ သည်။ သူသည် ထို့ထက်ပို၍လည်း ယဲ့စီယဲအား ထိအောင်မတိုက်ခိုက် နိုင်ချေ။

ထိမုံချူးသည် ဒေါသထွက်လာသည်။

သူသည် တောဝါဖြူလက်သီးတိုက်ကွက်ဖြင့် ဝင်၍တိုက်ခိုက် တော့သည်။

သူ၏တောင်ပြိုလက်သီး အလွန်ပြင်းထန်လှသည်။

ယဲ့စီယံသည် ရှောင်တိမ်းနေ၍ မရနိုင်တော့ပါ။

ထို့ကြောင့်...

လောလောဆယ်ဆယ် သူ တတ်မြောက်ထားသော ကျားနိုင်ဆိုင်းကွက်များဖြင့် ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

ထိုအခါ...

ထိမုံချူးသည် ရှေ့သို့မတိုးနိုင်တော့ဘဲ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားရလေတော့သည်။

သူ အတောမသတ်နိုင်အောင် နောက်ဆုတ်နေရသည်။

ထို့ကြောင့် သူသည် ရုတ်လည်းရုတ် ဒေါသလည်း ထွက်လာသည်။

သူသည် ခါးတွင်ထိုးထားသော လုံတိုတစ်ချောင်းအား ဆွဲထုတ်လိုက်သည်။

လေးပေခန့်ရှည်သော လုံတိုတစ်လက်ပေတည်း။

အသွားမှာ 'မြ' နေသည်။ အလွန်ချွန်ထက်သည်။ သူသည် လုံတိုပညာကို တတ်ကျွမ်းသူပေလော။

ယဲ့စီယံသည် အားလပ်သောအချိန်၌ မဟူရာရဲတိုက်မှ သိုင်းသမားများ သိုင်းပညာလေ့ကျင့်နေသည်ကို အမြဲတစေ သွားရောက်ကြည့်ရှုတတ်၏။

သူ၏မှတ်ဉာဏ်သည် သူမတူအောင် ကောင်းမွန်လှသဖြင့် တစ်ကြိမ်တည်း ကြည့်ဖူးလိုက်သည်နှင့် ထိုသိုင်းကွက်ကို သူ မှတ်မိသွားတတ်သည်။

သူသည် တွေ့မြင်လိုက်ရသော သိုင်းကွက်အား အခန်းထဲ၌ ပြန်လှန်လေ့ကျင့်သောအခါ ထိုသိုင်းကွက်ကို တတ်မြောက်သွားတော့သည်။

သူသည် ၎င်းသိုင်းပညာရပ်များအား တတ်မြောက်ထားသော်လည်း တိုက်ပွဲအတွေ့အကြုံမရှိပါချေ။ သိုင်းပညာဆိုသည်မှာ တကယ်တိုက်မှ တကယ်အတွေ့အကြုံရသည်။

ထိမုံချူးသည် သူ၏ကျော်ကြားလှသော လုံတိုဖြင့် တိုက်ခိုက်လာသောအခါ ယဲ့စီယံသည် သူ တတ်မြောက်ထားသော သိုင်းပညာရပ်များအား ဟိုတစ်ကွေ့သည်တစ်ကွေ့ဖြင့် ခုခံတိုက်ခိုက်ရလေသည်။

သို့သော်... သူအဖို့ ခက်နေသည်။ သိုင်းပညာမတတ်သူပမာ ဟန်ဆောင်ရမည်ဖြစ်ခြင်းကြောင့် သူသည် ပျာယာခတ်နေခဲ့သည်။

"ယား..."

ထိမုံချူးသည် ထိုအခွင့်အရေးကိုယူသည်။ သူသည် အားမာန်အပြည့်ဖြင့် တိုက်ခိုက်လိုက်သည်။

ယဲ့စီယံသည် ရှောင်တိမ်း၍မရတော့သည့်အဆုံး တိုးဝင်လာသော လုံတံကိုပုတ်ခတ်ရိုက်ထုတ်လိုက်ရလေတော့သည်။

သူ၏လက်ဝါးတစ်ဘက်သည် လုံတံအားရိုက်ထုတ်လိုက်ပြီး ကျန်ရှိသော လက်ဝါးတစ်ဘက်ဖြင့် ထိမုံချူး၏ရင်ဝသို့ အလိုအလျောက် ရိုက်မိသွားတော့သည်။

"ချမ်း..."

လုံတံသည် အပေါ်သို့ မြောက်တက်သွားသည်။

"ဝုန်း..."

ထိမုဲ့ချူးဏ်ခန္ဓာကိုယ်သည် အဝေးသို့လွှင့်စဉ်သွားပြီး ကျောက်တုံးတစ်တုံးပေါ်သို့ ကျသွားလေ၏။

ရဲတိုက်ပိုင်ရှင် လျူယန်ချန်းသည် အပေါ်သို့ခုန်တက်သွားကာ ကျလာသော လုံတံကိုဖမ်းယူလိုက်သည်။

ထိမုဲ့ချူးမှာမူ ကျောက်တုံးပေါ်မှ မြေပြင်ပေါ်သို့ ပြုတ်ကျသွားပြန်လေ၏။

သူသည် မထနိုင်တော့ပေ။

အခန်း [၈]

ရန်ပြိုးမဲ့တိုက်ပွဲ

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ရဲတိုက်ပိုင်ရှင်လျူယန်ချန်းသည် လုံတံအား လျင်မြန်စွာ ဖမ်းယူလိုက်သည်။

ထို့နောက်...

သူသည် ယဲ့စီယံ ရှေ့သို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

သူသည် အေးစက်ခက်ထန်သော မျက်လုံးအစုံဖြင့် ယဲ့စီယံအား စိုက်ကြည့်ရင်း...

"ပြောစမ်း... မင်းဟာ နဂါးစိမ်းရဲ့သူလျှိုလား... "

ဟု ဒေါသတကြီး မေးလိုက်လေသည်။

အမှန်တွင်...

ရဲတိုက်ပိုင်ရှင်လျူယန်ချန်းသည် တစ်ချိန်တုန်းက နဂါးစိမ်း ဂိုဏ်းချုပ်နှင့် သိုင်းပညာယှဉ်ပြိုင်ခဲ့ဖူး၏။

သူတို့သည် သိုင်းကွက်ငါးဆယ်ကျော်မျှ ယှဉ်ပြိုင်လာသော့

အခါ သူ၏လုံတံသည် ယခုကဲ့သို့ လွင့်စဉ်သွားခြင်း ခံခဲ့ရဖူးလေသည်။

ထိုအချိန်မှစ၍...

လျှုယန်ချန်းသည် နဂါးစိမ်းဂိုဏ်းအပေါ် ရန်သူသဖွယ် ဆက်ဆံခဲ့လေသည်။

ယခု...

ယဲ့စီယံ အသုံးပြုလိုက်သော သိုင်းကွက်မှာ တစ်ချိန်တုန်းက နဂါးစိမ်းဂိုဏ်းချုပ်က အသုံးပြုလိုက်သော သိုင်းကွက်နှင့် ထပ်တူထပ်မျှ ဖြစ်နေသည်ကို တွေ့မြင်ရလေ၏။

ထို့ကြောင့်...

သူသည် ယဲ့စီယံမှာ နဂါးစိမ်းဂိုဏ်းသား တစ်ယောက်ဖြစ်သည်ဟု အထင်လွဲသွားလေသည်။

ယဲ့စီယံသည် ပင့်သက်တစ်ချက်ကို ဖြည်းလေးစွာရှိုက်လိုက်၏။

အဘိုးအိုက သူ၏အသက်ကို ကယ်တင်ပေးခဲ့သည့်အတွက် သူသည် နဂါးစိမ်းဂိုဏ်း၏ကျေးဇူးကို ဆပ်ရမည်ဖြစ်၏။

ထို့အပြင်... နဂါးစိမ်းဂိုဏ်းချုပ်ဟောင်း အဘိုးအိုက သူ့အား နဂါးစိမ်းဂိုဏ်းအတွက် အကူအညီပေးရန် တောင်းဆိုခဲ့သောအခါ သူက ကတိပေးခဲ့လေသည်။

ထို့ကြောင့်...

ယဲ့စီယံသည် ရဲဝံစွာပင် ပြန်ဖြေလိုက်၏။

"ကျွန်တော်က နဂါးစိမ်းဂိုဏ်းသားတော့ မဟုတ်ပါဘူး... ဒါပေမယ့်... နဂါးစိမ်းဂိုဏ်းနဲ့ မပြေလည်တာရှိရင် ကျွန်တော်နဲ့ ရှင်းပါ... ရပါတယ်... "

လျှုယန်ချန်းသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး...

"ကောင်းပြီ... မင်းအသင့်သာ ပြင်ထားပေတော့... "

ယဲ့စီယံက အေးဆေးစွာဖြင့်...

"ကျွန်တော် အသင့်ပြင်ပြီးပါပြီ... "

ထိုစကားကြောင့် လျှုယန်ချန်းမှာ မျက်မှောင်ကုတ်သွားလေသည်။

"မင်းက ဘာလက်နက်ကို အသုံးပြုမှာလဲ... "

ယဲ့စီယံသည် သူ၏ လက်ဝါးနှစ်ဘက်ကို ထောင်ပြလိုက်ပြီး...

"ကျွန်တော်က လက်ဝါးနှစ်ဖက်နဲ့ပဲ ယှဉ်ပြိုင်မှာပါ... "

လျှုယန်ချန်းသည် ယဲ့စီယံက လက်ဝါးနှစ်ဖက်ဖြင့်သာ ယှဉ်ပြိုင်မည်ဟုပြောလိုက်သောအခါ ပို၍ ခံပြင်းလာလေသည်။

ထို့ကြောင့်...

သူသည် စကားမပြောတော့ဘဲ လုံတံဖြင့် ယဲ့စီယံအား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေ၏။

သူ၏ လုံဖျားသည် ယဲ့စီယံ၏မျက်နှာ... ရင်ဝ... ဝမ်းဗိုက်စသည့်နေရာများအား တိုက်ခိုက်လိုက်လေသည်။

လျှုယန်ချန်း၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ယဲ့စီယံမှာ ရင်ထိတ်သွား၏။

သူသည် နောက်သို့ ကပျာကယာဆုတ်၍ ရှောင်တိမ်းလိုက်သည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးများဖြင့် စိုရွှဲစိုသွားလေသည်။

ဤသို့ဖြင့်...

သူသည် နောက်သို့ဆုတ်ရင်း လျှုယန်ချန်း၏ ထပ်မံတိုက်ခိုက်လာမည့် အခြေအနေများကို စောင့်စား၍နေလေတော့သည်။

လျှုယန်ချန်း၏ လုံတံတိုက်ကွက်သည် လှိုဟုတ်ဆန်းကြယ်ပြီး ခုခံရန် ခက်ခဲလှပေသည်။

ယခု...

သူသည် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်နေ၏။

ယဲ့စီယံမှာမူ လျှုယန်ချန်း၏ ထပ်မံတိုက်ခိုက်လာမည့် သိုင်းကွက်များအား မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

"ယား..."

လျှုယန်ချန်းသည် ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလိုက်သည်။

ထို့နောက်...

သူ၏ လုံတံသည် သိမ်းစွန်တစ်ကောင်ပမာ ယဲ့စီယံထံသို့ တဟုန်ထိုးပြေးဝင်လာလေ၏။

ထိုအခါ...

ယဲ့စီယံသည် သူ၏ လက်ဝါးနှစ်ဖက်ဖြင့် စက်ဝိုင်းနှစ်ဝိုင်းဖွဲ့ယမ်းလိုက်လေသည်။

ထို့အပြင်...

သူ၏ ဦးခေါင်းသည် နောက်သို့လှန်ချလိုက်ပြီး လျှုယန်ချန်းထိုးသွင်းလိုက်သော လုံတံအား ရှောင်တိမ်းလိုက်လေသည်။

ထိုစဉ်...

လျှုယန်ချန်းသည် လုံတံကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး သူ၏ခန္ဓာကိုယ်အား ရဟတ်ပမာ ချာခနဲ လှည့်လိုက်၏။

သူ၏ လုံတံအား ယဲ့စီယံ၏ ကျောပြင်ဆီသို့ ထိုးသွင်းလိုက်လေသည်။

ယဲ့စီယံသည် လျှုယန်ချန်း မိမိနောက်ကျောသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသောအခါ ရင်ထိတ်သွားလေသည်။

သူသည် နဂါးစိမ်းသိုင်းကျမ်းထဲတွင် ပါရှိသော 'နဂါးမာန်' သိုင်းကွက်အတိုင်း သူ၏ ခန္ဓာကိုယ်အား အနည်းငယ်ကွေးလိုက်၏။

ထို့နောက်...

ညာဘက်ခြေထောက်နှင့် ဘယ်ဘက်ခြေထောက်အား နေရာချင်းပြောင်းလဲကာ သူ၏ ခန္ဓာကိုယ်သည် ချားရဟတ်တစ်ခုပမာ လှည့်ပတ်ကာ လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်လေသည်။

ထိုအချိန်တွင်...

လျှုယန်ချန်းသည် လုံတံနှင့်လူပါ အရှိန်ပြင်းစွာဖြင့် တိုးဝင်လာလေ၏။

"ဝုန်း..."

ယဲ့စီယံ၏ လက်ဝါးနှစ်ဖက်သည် ပြေးဝင်လာသော လျှုယန်ချန်း၏ ခန္ဓာကိုယ်အား တွန်းတိုက်မိသွားလေသည်။

"ဝုန်း..."

လျှုယန်ချန်း၏ ခန္ဓာကိုယ်နှင့် လုံတံပါ အဝေးသို့လွင့်စဉ်သွားလေသည်။

ယဲ့စီယံသည် ယင်းသိုင်းကွက်အား တစ်ကြိမ်တစ်ခါမျှ အသုံးမပြုခဲ့ဖူးချေ။

ယခုမှာမူ...

လျှုယန်ချန်း၏ ခန္ဓာကိုယ်အဝေးသို့ လွှင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရသောအခါ အံ့အားသင့်သွားလေသည်။

သူသည် လျှုယန်ချန်းအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေလေ၏။

လျှုယန်ချန်းသည် လဲကျနေရာမှ လူးလိမ့်၍ထလိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ မည်းမှောင်၍နေလေသည်။

သူသည် အင်္ဂျီအိတ်အတွင်းမှ သံလုံးနှစ်လုံးကို ထုတ်ယူလိုက်ပြီး ယဲ့စီယ်ထံသို့ တစ်လှမ်းချင်းလှမ်းလာ၏။

သူ၏ ခြေလှမ်း... လှမ်းတိုင်း မြေပေါ်တွင် နက်ရှိုင်းသော ခြေရာများ ထင်ကျန်ရစ်ခဲ့လေသည်။

ယဲ့စီယ်သည် လျှုယန်ချန်း၏ ကြောက်မက်ဖွယ်ရာ အတွင်းအားကို တွေ့မြင်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေ၏။

ထို့ကြောင့်...

သူသည် နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

ထိမုံချူးသည် သူ၏ဆရာဖြစ်သူ လျှုယန်ချန်းအား ကြောက်လန့်တကြား ငေးမောကြည့်နေလေသည်။

လျှုယန်ချန်းမှာမူ အေးစက်ခက်ထန်သော မျက်နှာထားဖြင့် ယဲ့စီယ်ထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွားလေသည်။

"ဟိုက်..."

ရုတ်တရက်...

လျှုယန်ချန်းသည် ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလိုက်ပြီး လက်ထဲမှ သံလုံးနှစ်လုံးအား ပစ်လိုက်သည်။

"ဝှီး..."

သံလုံးများသည် အရှိန်ပြင်းစွာဖြင့် ယဲ့စီယ်ထံသို့ ပြေးဝင်သွား၏။

ယဲ့စီယ်သည် နောက်သို့ ကပျာကယာ ဆုတ်သွားသည်။

ထိုစဉ်...

လျှုယန်ချန်းသည် သံလုံးနှစ်လုံးအား ပစ်လွှင့်လိုက်ပြီးနောက် နောက်ထပ်သံလုံးနှစ်လုံးဖြင့် ပစ်လွှင့်လိုက်ပြန်သည်။

"ဝှီး... ဝှီး..."

သံလုံးနှစ်လုံးသည် လေထုထဲသို့ ထိုးဖောက်၍ ယဲ့စီယ်ဆီသို့ ဦးတည်လာနေ၏။

ယဲ့စီယ်သည် ထို သံလုံးများအား ရှောင်တိမ်းရန် နောက်သို့ ခုန်၍ဆုတ်လိုက်သည်။

ဤတစ်ကြိမ်တွင်...

သူ၏ခြေထောက်နှစ်ဖက်သည် မြေပြင် ပေါ်သို့မကျဘဲ လေထုထဲသို့ ကျသွားသည်။

ယဲ့စီယ်သည် အောက်သို့ငုံ့ကြည့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်သွား၏။

အာဘုယ်ကြောင့်ဆိုသော်...

သူသည် ကောင်းဂူးချောက်ကမ်းပါးထဲသို့ ထိုးကျသွားသောကြောင့်တည်း။

သူ၏ ခန္ဓာကိုယ်သည် အောက်သို့ အရှိန်ပြင်းစွာ ထိုးကျသွား၏။

"အား...."

ယဲ့စီယံ၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သောအသံသည် ကောင်းဝူးတောင်ကလပ် တစ်ခုလုံး ပဲ့တင်ထပ်သွားလေတော့သည်။

ယဲ့စီယံ၏ ခန္ဓာကိုယ်သည် ချောက်ကမ်းပါးအတွင်းသို့ လျင်မြန်စွာထိုးကျနေ၏။

သူသည် လျူယန်ချန်း၏ ဝမ်းသာအားရ ရယ်မောနေသံများကို ကောင်းစွာကြားလိုက်ရသည်။

ထိုရယ်မောသံများထဲမှ လျူဝမ်းအော့၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သောအသံကိုလည်း ကြားလိုက်ရ၏။

သို့သော်...

ထိုအသံများသည် တစ်ခဏအကြာတွင် ပျောက်ကွယ်သွားလေ၏။

သူ၏ နားထဲသို့ တဟူးဟူးတိုက်ခတ်နေသော လေတိုးသံများကိုသာ ကြားရသည်။

ယဲ့စီယံသည် အလွန်ကံကောင်းသည်။ ဤချောက်ထဲသို့ ကျသွားလျှင် အသက်ရှင်ရန် လမ်းမမြင်နိုင်တော့ချေ။

သို့သော်...

သူ သည် ချောက်နံရံ၌ ပေါက်နေသော သစ်ပင်များပေါ်သို့ သုံးကြိမ်တိတိ ကျခဲ့သည်။ ဤသစ်ကိုင်း သစ်ခက်များက သူ့ကျဆင်းမှုအရှိန်ကိုသတ်ပေးသလိုဖြစ်နေသည်။

သူသည် သစ်ကိုင်းသစ်ခက်များ၏ ရိုက်ခတ်မှုကြောင့် မွန်းပဲ့ဒဏ်ရာ ရခြင်းသာခံရသည်။ သို့သော်... အသက်တော့ မသေပေ။ သူသည် ချောက်နက်ကြီး၏ ကြမ်းပြင်ပေါ်သို့ ကံကောင်းထောက်မစွာ အသက်ရှင်လျက် ကျဆင်းခဲ့ရသည်။

သူသည် ဝန်းကျင်အား ဝေဝဲအကဲခတ်ကြည့်လိုက်၏။

သူ၏ လေးဘက်လေးတန်တွင် မတ်စောက်နေသော တောင်နံရံများဖြစ်နေသည်။

သူ ခြေချမိသောနေရာ၌သာ ညီညာပြန့်ပြူးသော မြေကွက်ရှိနေ၏။

ယခု...

သူသည် သေချာစွာကြည့်လိုက်သောအခါမှ ညီညာပြန့်ပြူးသောမြေကွက်လပ်မှာ မြေကွက်လပ်မဟုတ်ဘဲ ကျောက်ဖျာတစ်ချပ်ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

အထူးသဖြင့်...

တောင်ကြားမှ စီးဆင်းနေသော ရေများသည် အစိမ်းရောင်ထနေ၏။

တောင်ကြားရေ၏ အလယ်တွင် ကျောက်ဆောင်များ အစီအရီရှိသည်။

ထိုဟောင်ကြားရေများသည် မြေအောက်ထဲသို့ စီးဆင်းသွားသည်ကို တွေ့မြင်ရသည်။

တောင်ကြားတစ်ခုလုံးမှာ တိတ်ဆိတ်၍နေ၏။

တသွင်သွင်စီးဆင်းနေသော တောင်ကျရေ၏ အသံမှအပ အခြားအသံလုံးဝမရှိပါ။

ယဲ့စီယံသည် အပေါ်သို့မော့ကြည့်လိုက်ရာ တောင်ထိပ်ပေါ်၌ တိမ်နိုးများဝေနေသည်ကို တွေ့မြင်ရသည်။

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"ငါ... ကံကောင်းလို့ မသေပေမယ့်... အပေါ်ကို ဘယ်တော့မှ တက်နိုင်တော့မှာ မဟုတ်တော့ဘူး... "

သူသည် စိတ်ပျက်စွာဖြင့် တောင်ကြားအနီးသို့ လျှောက်သွားလေသည်။

"ဟောဗျာ...တောင်ကြားရော ဘယ်နယ့်အစိမ်းရောင် ဖြစ်နေရတာလဲ... "

သူသည် ယင်းသို့တွေးရင်း ကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချလိုက်လေတော့သည်။

တောင်ကြားမှ တိုက်ခတ်လာသောလေသည် သူ၏မျက်နှာအား ဖြတ်သန်းတိုက်ခတ်သွားသည်။

သူ၏ ရှည်လျားသော ဆံပင်ရှည်များသည် လေထဲတွင် တဖျပ်ဖျပ်လွင့်ဝဲနေလေ၏။

ယဲ့စီယံသည် ကျောက်တုံးပေါ်၌ထိုင်၍ အတွင်းအားများ လေ့ကျင့်လိုက်သည်။

အတန်ကြာသောအခါ...

သူ၏ ယော်ထိပ်ပေါ်၌ အငွေ့များ တထောင်းထောင်းထလာ၏။

ယခု...

သူ၏ ဦးနှောက်တစ်ခုလုံး ကြည်လင်လာလေသည်။

သူသည် သောတအာရုံမှာလည်း အလွန်ကောင်းလာ၏။

ထို့ကြောင့်...

ဝန်းကျင်မှ လူပ်ရှားမှုမှန်သမျှကို ကောင်းစွာကြားနိုင်လေသည်။

စမ်းချောင်းလေးမှ စီးဆင်းနေသော ရေစီးသံများသည် ကျယ်လောင်စွာ ဟိန်းထွက်နေသည်ဟု ထင်မှတ်ရသည်။

အတန်ကြာမှ...

သူသည် ထိုင်ရာမှ ထရပ်လိုက်သည်။

သူ၏ ဦးနှောက်တစ်ခုလုံးမှာ ဤချောက်ကမ်းပါးမှ မည်သို့လွတ်မြောက်ရန်သာ စဉ်းစားနေသည်။

"အင်း... ဒီနေရာကနေ ထွက်မသွားနိုင်ရင် ငါရေငတ်... အစာငတ်နဲ့ သေရမှာသေချာတယ်... "

သူသည် ယင်းသို့တွေးရင်း စမ်းချောင်းရှိရာသို့ လျှောက်သွားလေသည်။

ထိုစဉ်...

"ဟင်း... ဟင်း... ဟင်း... "

အသံတစ်သံကို ထူးဆန်းစွာ ကြားလိုက်ရသည်။

ယဲ့စီယံသည် ရင်ထိတ်သွား၏။

သူသည် ဘေးပတ်ဝန်းကျင်အား လှည့်ပတ်၍ အကဲခတ်ကြည့်လိုက်သည်။

သူသည် အသံထွက်ပေါ်လာရာသို့ နားစွင့်ကြည့်လိုက်၏။

သို့သော်...

မည်သည့်အသံမျှ မကြားရတော့ပေ။

ယဲ့စီယံသည် အစဉ်းစားရကျပ်သွားလေ၏။

"မဖြစ်နိုင်ပါဘူးလေ... ဒီနေရာမျိုးမှာ ဘယ်လူကနေနိုင်မှာလဲ... "

ထိုစဉ်မှာပင်...

ညည်းသံသဲ့သဲ့ ပြန်လည်ထွက်ပေါ်လာသည်။

"ဟင်း... ဟင်း... "

ဤတစ်ကြိမ် သူသည် အသံထွက်ပေါ်လာသောနေရာကို သိရှိလိုက်သည်။

ထိုအသံသည် စမ်းချောင်းအနီးမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

သူသည် အံ့သြခြင်း... ဝမ်းသာခြင်းဖြင့် စိတ်ဓာတ်တက်ကြွလာလေ၏။

ထို့ကြောင့်...

သူသည် စမ်းချောင်းအဆုံးရှိ ကျောက်ဆောင်များဆီသို့ ပြေးလွှားသွားသည်။

ကျောက်ဆောင်များအနီးသို့ ရောက်ရှိသွားသောအခါ အေးစိမ့်သော အငွေ့အသက်များအား ခံစားလိုက်ရသည်။

သူသည် အနီးကပ်ကြည့်လိုက်သောအခါမှ ကျောက်ဆောင်များ၏ အနောက်ဘက်တွင် လိုဏ်ဂူတစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလိုဏ်ဂူသည် မြေပြင်မှ ဝါးတစ်ရပ်ခန့်မြင့်နေ၏။

"ဒီလိုဏ်ဂူထဲက အသံကြားတယ်... ငါတက်ကြည့်ရင်ကောင်းမယ်... "

သူသည် လိုဏ်ဂူပေါ်သို့ ခြေလှမ်းကို အသုံးပြုကာ တက်သွားလေတော့သည်။

ယဲ့စီယံသည် လိုဏ်ဂူထဲသို့ ရောက်ရှိသွားသည်။

လိုဏ်ဂူထဲ၌ ခြောက်သွေ့နေသည်ကို တွေ့ရသည်။

သူသည် အမှောင်ထုထဲ၌ ခဏရပ်လိုက်၏။

အတန်ကြာမှ...

မျက်လုံးကျင့်သားရလာပြီး ဆက်၍လျှောက်သွားလိုက်သည်။

သူသည် ခြေလှမ်းသုံးလေးလှမ်းခန့် လျှောက်လှမ်းသွားသောအခါ အားအင်ချိနဲ့သော အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မင်းကဘယ်သူလဲ... "

ထိုအသံကြောင့် ယဲ့စီယံမှာ ဝမ်းသာသွားသည်။

ဤလိုဏ်ဂူထဲ၌ မိမိကဲ့သို့ လူသားတစ်ယောက်ရှိနေသည်ကို သိရှိရသောကြောင့် အားတက်သွားသည်။

"ကျွန်တော့်နာမည် ယဲ့စီယံပါ... "

သူသည် ယင်းသို့ပြောရင်း လိုဏ်ဂူထဲသို့ အာရုံစူးစိုက်စွာဖြင့် ကြည့်လိုက်သည်။

သို့သော်...

လိုဏ်ဂူထဲ၌ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရချေ။

ထိုစဉ်...

လိုဏ်ဂူထဲမှ အသံထပ်မံ ထွက်ပေါ်လာသည်။

"မင်းက ဘယ်လိုလုပ်ပြီး ဒီလိုဏ်ဂူထဲ ရောက်လာရတာလဲ... "

ထိုလူ၏ စကားပြောသံသည် အလွန်မောပန်းစွာ ပြောဆိုနေ

သည်ဟု ယဲ့စီယံထင်မှတ်မိ၏။

သူသည် ထိုလူအား ပြန်လည်ဖြေကြားလိုက်သည်။

"ကျွန်တော် ဒီချောက်ထဲကို ခြေချော်ပြီး ကျလာတာပါ..."

"မင်း ဝင်လာခဲ့ပါ... ဘယ်ဘက်ကို လှည့်လာတာနဲ့ ငါ့ကို တွေ့နိုင်ပါတယ်..."

ယဲ့စီယံသည် ဆက်လက်လျှောက်သွား၏။

လိုဏ်ဂူထဲ၌ အလင်းရောင်သည် အလွန်အားနည်းနေသော်လည်း သူ၏မျက်လုံးသည် ကောင်းစွာမြင်တွေ့နိုင်လေသည်။

လိုဏ်ဂူထဲ၌ အလွန်ကျယ်ဝန်းလှသည်။

မြေပြင်မှာလည်း ညီညာ၍နေ၏။

သူသည် လိုဏ်ဂူထဲသို့ လျှောက်သွားရင်း စိတ်ထဲ၌ ဆင်ခြင်သုံးသပ်မိသည်။

"ဒီလူက ဘယ်သူပါလိမ့်... ဘာဖြစ်လို့ ဒီလိုဏ်ဂူထဲကို ရောက်နေရတာလဲ... သူက ဘာဖြစ်လို့ ညည်းနေရတာလဲ... ဝေဒနာခံစားနေရလို့လား..."

သူသည် ယင်းသို့စဉ်းစားရင်း ရှေ့သို့ဆက်လက်လျှောက်လှမ်းသွား၏။

ဤသို့ဖြင့်...

ခြေလှမ်းဆယ့်လေးငါးလှမ်းမျှ လှမ်းမိသောအခါ လမ်းခွဲတစ်ခုသို့ ရောက်ရှိသွားသည်။

ထိုအခါ...

သူသည် ထိုလူပြောပြသည့်အတိုင်း ဘယ်ဘက်လမ်းသို့ ချိုးကွေ့ဝင်သွား၏။

သူသည် ခြေလှမ်းတစ်လှမ်း ဝင်လိုက်သည်နှင့် ရပ်တန့်သွားသည်။

သူသည် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရသောကြောင့် ဖြစ်ပါသည်။

အခန်း [၉]

လက်စားချေမည်သူ

သူ၏ခြေလှမ်းရပ်တန့်သွားသည့်အခါ အသံထပ်မံ ထွက်ပေါ်လာလေ၏။

"ငါ ဒီမှာရှိတယ်လေ...မင်းမတွေ့ဘူးလား...."

ယဲ့စီယ်သည် အသံလာရာသို့ စိုက်ကြည့်လိုက်ရာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

"ဟင်...လူတစ်ယောက် ကျောက်ဖျာပေါ်မှာ လဲနေပါလား..."

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ထိုလူအနီးသို့ လျင်မြန်စွာ လျှောက်သွားလေသည်။

ကျောက်ဖျာပေါ်တွင် လဲလျောင်းနေသောသူမှာ အသက်ငါးဆယ်ခန့်ရှိမည့် အဘိုးအိုတစ်ယောက်ဖြစ်သည်။

ထိုအဘိုးအိုသည် အဝါရောင် ဝတ်စုံရှည်ကို ဝတ်ဆင်ထားလေသည်။

သို့သော်...

သူ၏ အဝတ်အစားများမှာ စုတ်ပြဲ၍ မည်းညစ်နေသည်။ တကယ်တော့ အဝါရောင်ပင် မပေါ်လွင်တော့ချေ။

အဘိုးအို၏ ဦးခေါင်းမှ ဆံပင်များမှာ ရှည်လျားပြီး ရှုပ်ပွနေလေ၏။

ယဲ့စီယ်သည် ထိုအဘိုးအိုအား အံ့သြတကြီး ငေးစိုက်ကြည့်နေမိသည်။

ထိုစဉ်...

အဘိုးအိုသည် သူ့အားစူးစိုက်စွာ အကဲခတ်ကြည့်လိုက်ပြီး...

"မင်း....မင်းနာမည်က ယဲ့စီယ်ဟုတ်လား...."

ယဲ့စီယ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ဧင်ဗျာ..."

အဘိုးအိုသည် မျက်မှောင်ကြုတ်၍ စကားဆက်လိုက်သည်။

"ဘယ်နယ်ကလဲ..."

"ဟန်မားနယ်ကပါ..."

ထိုစကားကို ကြားလိုက်ရသောအခါ အဘိုးအို၏ မျက်နှာပြင် တစ်ခုလုံးတွင် အံ့အားသင့်သော အရိပ်အယောင်များ ပေါ်လွင်လာသည်။

သူသည် ယဲ့စီယ်အား တအံ့တသြ ငေးကြည့်ရင်း...

"ဒါ...ဒါဆိုရင်...မင်း....မင်းဟာ ယဲ့ချင်းရဲ့သားမဟုတ်လား...."

ယဲ့စီယ်မှာ မျက်မှောင်ကြုတ်သွားလေသည်။

သူသည် အဘိုးအိုအား မယုံကြည်နိုင်စွာ စိုက်ကြည့်ကာ...

"အဘက ကျွန်တော့်အဖေကို သိတယ်ဟုတ်လား...."

ထိုစကားကို ကြားလိုက်ရသောအခါ အဘိုးအို၏မျက်နှာသည် စက္ကူဖြူတစ်ချပ်ကဲ့သို့ ဖြူဖွေးသွားသည်။

အဘိုးအိုသည် ယဲ့စီယံအား လက်ညှိုးထိုးရင်း မယုံနိုင်သလို ထပ်တလဲလဲပြောနေ၏။

"မင်း...မင်း ယဲ့ချင်းရဲ့သား...ယဲ့...ချင်း ရဲ့သား...."

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ အဘ...ဘာဖြစ်လို့လဲ..."

အဘိုးအိုသည် ယဲ့စီယံ၏ လက်တစ်ဘက်အား ဆွဲယူဆုပ်ကိုင်လိုက်ပြီး...

"မင်းဟာ ငါ့မိတ်ဆွေရဲ့သားပေါ့လေ..."

သူသည် ယင်းသို့ပြောပြီး စကားဆက်လိုက်၏။

"ဒါနဲ့...မင်းဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ..."

ထိုအခါ...

ယဲ့စီယံသည် သူ၏ အကြောင်းများအား အတိုချုံး၍ ပြောပြလိုက်သည်။

အဘိုးအိုသည် ဂရုတစိုက် နားစွင့်နေလေသည်။

ယဲ့စီယံ၏ စကားဆုံးမှ အဘိုးအိုက စကားဆက်လိုက်သည်။

"အေး...မင်းကိုလဲ ငါဒီကို ဘာဖြစ်လို့ ရောက်လာတယ်ဆိုတဲ့ အကြောင်းကို ပြောပြရဦးမယ်..."

သူသည် ယင်းသို့ပြောပြီး ယဲ့စီယံအား တစ်ချက်ကြည့်ကာ...

"မင်း ဗိုက်ဆာနေတယ်မဟုတ်လား...."

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့အဘ..."

အဘိုးအိုက ပြုံးလိုက်ပြီး...

"ဗိုက်ဆာရင် မင်း...ခုနက ဝင်လာတဲ့နေရာမှာ ကျောက်ခက်တွေအများကြီးရှိတယ်...အဲဒါကို ခူးစားလိုက်ရင် အဆာပြေသွားပါလိမ့်မယ်..."

ထိုအခါ...

ယဲ့စီယံသည် အဘိုးအိုမှာကြားသည့်အတိုင်း အပြင်ဘက်သို့ ပြန်လည်လျှောက်သွားရာ လမ်းချိုးလိုက်သည်နှင့် ကျောက်ဆောင်များ၏ နံရံတွင် ကျောက်ခက်များ ပြည့်နှက်စွာပေါက်နေသည်ကို တွေ့ရှိလိုက်ရသည်။

သူသည် ဗိုက်အလွန်ဆာနေသဖြင့် ကျောက်ခက်များအား ခူး၍စားသည်။

ယင်း ကျောက်ခက်များ၏ အရသာမှာ အလွန်ချိုဆိမ့်နေသည်ကို တွေ့ရသည်။

သူသည် ကျောက်ခက်များအား ထပ်မံခူးယူလိုက်ပြီး ထူးဆန်းသော အဘိုးအိုထံသို့ ပြန်လျှောက်သွားသည်။

အဘိုးအိုသည် သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"မင်းဟာ အသက်ငယ်ငယ်နဲ့ အတွင်းအား အဆမတန်ကြီးထွားနေတာတော့ အံ့သြစရာကောင်းတယ်...ဒါကြောင့်...တစ်နေ့ မင်းဟာ ပြိုင်စံရှားတဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်လာနိုင်တယ်ကွယ့်..."

ယဲ့စီယံသည် အဘိုးအိုအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"ကျေးဇူးတင်ပါတယ် အဘာ...ဒါနဲ့...အဘာက ဘယ်သူလဲ..."

အဘိုးအိုက ပြုံးလိုက်ပြီး...

"ငါ့နာမည်...ဝမ်အင်း လို့ခေါ်ပါတယ်..."

ယဲ့စီယံသည် မျက်မှောင်ကြုတ်သွားလေသည်။

"အဘာက ကျွန်တော့်အဖေကို သိတယ်ပေါ့လေ..."

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ကွ...ငါနဲ့ မိတ်ဆွေတွေပဲ..."

ယဲ့စီယံ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဒီလိုဆိုရင်...ကျွန်တော့်အဖေ အခုဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလား..."

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ပြောပြပါ့မယ်...ဒါပေမယ့်...မင်းဝမ်းမနည်းရဘူးလို့ ကတိပေးပါ..."

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ပြောပါအဘာ...ကျွန်တော် ယောကျ်ားပါ...ကျွန်တော့်စိတ် ကျွန်တော်ထိန်းနိုင်ပါတယ်..."

အဘိုးအိုသည် ယဲ့စီယံအား စေ့စေ့ကြည့်လိုက်ပြီး...

"ဟောဒီ ကောင်းဂူးချောက်ကမ်းပါးထဲကို မင်းအဖေနဲ့ ငါအတူပြုတ်ကျခဲ့တာပဲ..."

ယဲ့စီယံမှာ မျက်မှောင်ကုတ်သွားလေသည်။

"ဒါဆို...အခု ကျွန်တော့်အဖေကော..."

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်းအဖေဟာ ဒဏ်ရာပြင်းထန်စွာရခဲ့တဲ့အတွက် ချောက်ကမ်းပါးအောက်ကို ရောက်တော့ သေဆုံးသွားခဲ့ပါတယ်..."

ထိုစကားကြောင့် ယဲ့စီယံဝမ်းနည်းကြေကွဲသွားသည်။

"ဘာ...ကျွန်တော်...ကျွန်တော့်အဖေ သေဆုံးသွားပြီ ဟုတ်လား..."

အဘိုးအိုက ဖြည်းလေးစွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...မင်းအဖေဟာ ဒဏ်ရာများစွာနဲ့ သေဆုံးခဲ့ရတယ်...ငါကတော့ ရန်သူတွေရဲ့ အတွင်းအားလက်ဝါးဒဏ်ရာ ရသွားခဲ့တယ်... အခုကြည့်လေ... ငါဟာရောဂါသည် တစ်ယောက်ဖြစ်နေရပြီ..."

ယဲ့စီယံ၏မျက်လုံးအစုံသည် ဒေါသကြောင့် နီရဲတောက်ပလာ၏။

"ကျွန်တော့်အဖေကို တိုက်ခိုက်တဲ့လူတွေဟာ ဘယ်ဂိုဏ်းဘယ်အဖွဲ့အစည်းကဆိုတာ အဘာသိလား..."

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"သိပါတယ်ကွာ... သူတို့ထဲက ဝေစမ်းဂိုဏ်းလည်းပါတယ်... ကျားနက်ဂိုဏ်း၊ မိုးကြိုးဂိုဏ်း၊ သွေးနက်ဂိုဏ်း၊ မီးလျှံသိုင်းသမားနှစ်ယောက်ရယ်...အားလုံးပေါင်း ဆယ့်နှစ်ယောက်တိတိရှိတယ်..."

ယဲ့စီယံသည် ထိုဂိုဏ်းအမည်များကို ကောင်းစွာမှတ်သားထားလိုက်သည်။

"ဒါနဲ့...သူတို့က ဘာရန်ငြိုးနဲ့ ကျွန်တော့်အဖေကို ဝိုင်းပြီးတိုက်ခိုက်ရတာလဲ..."

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"သူတို့ဟာ မင်းအဖေနဲ့ ဘာရန်ငြိုးမှမရှိပါဘူး..."

ယဲ့စိယံမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်...ကျွန်တော့်အဖေကို ဘာဖြစ်လို့ သေလောက်တဲ့ဒဏ်ရာရအောင်တိုက်ခိုက်ရတာလဲ..."

အဘိုးအိုသည် ယဲ့စိယံအား စေ့စေ့ကြည့်လိုက်ပြီး ပြောလိုက်လေ၏။

"ပုလဲနက်သိုင်းကျမ်းကြောင့်ပဲ..."

ယဲ့စိယံမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဗျာ...ပုလဲနက်သိုင်းကျမ်းဟုတ်လား..."

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...ပုလဲနက်သိုင်းကျမ်းကြောင့်ပဲ..."

ယဲ့စိယံမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ကျွန်တော့်အဖေမှာ ပုလဲနက်သိုင်းကျမ်းရှိတယ်လို့ တစ်ခါမှ မကြားခဲ့ဖူးပါဘူး..."

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဒီပုလဲနက်သိုင်းကျမ်း အကြောင်းကို မင်းဘယ်သိနိုင်မလဲ...ဒီ သိုင်းကျမ်းကို မင်းအဖေ ယဲ့ချင်းဟာ... မင်းအတွက် ဆေးဆရာအရာထွက်ရင်း မမျှော်လင့်ဘဲ တွေ့ခဲ့တာပဲ..."

ယဲ့စိယံသည် စိတ်ဝင်စားသွားလေ၏။

"အဲဒီပုလဲနက်သိုင်းကျမ်းဟာ ဘယ်လောက်အစွမ်းထက်လို့လဲ..."

အဘိုးအိုက ပြုံးလိုက်ပြီး...

"ပုလဲနက်သိုင်းကျမ်းဆိုတာ...သိုင်းလောကသားတိုင်း လိုချင်တပ်မက်ကြတဲ့ သိုင်းကျမ်းတစ်ခုပဲ...ဒီသိုင်းကျမ်းကို ရရှိထားတဲ့ မင်းအဖေယဲ့ချင်းကို ဂိုဏ်းပေါင်းစုံက ရန်ပြုကြတယ်...ဘာဖြစ်လို့လဲဆိုတော့ မင်းအဖေလက်ထဲက ပုလဲနက်သိုင်းကျမ်းကို လိုချင်ကြလို့ပဲ..."

သူသည် ယင်းသို့ပြောပြီး ယဲ့စိယံအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်သည်။

"မင်း အဖေဟာ ရန်သူတွေက ဝိုင်းတိုက်ခိုက်လိုက်တဲ့အတွက် အဆိပ်ဝေဒနာရခဲ့တယ်...သူဟာ ရန်သူလက်ထဲက ထွက်ပြေးရင်း ငါနဲ့တွေ့ခဲ့တယ်...ငါဟာသူ့ရဲ့ အဆိပ်ဝေဒနာကို ကုသပို့ကြိုးစားခဲ့သေးတယ်... ဒါပေမယ့်... မအောင်မြင်ခဲ့ဘူး... ဒီလိုနဲ့ မင်းအဖေယဲ့ချင်း အဆိပ်မိသွားတယ်ဆိုတဲ့ သတင်းဟာ သိုင်းလောကတစ်ခုလုံးကို ပျံ့နှံ့သွားခဲ့တယ်...အဲဒီမှာ...သိုင်းလောကက ဂိုဏ်းပေါင်းစုံကလူတွေဟာ အဆိပ်ဝေဒနာပြင်းထန်စွာ ခံစားနေရတဲ့... မင်းအဖေကို အသေအမဲလိုက်ရှာတော့တာပဲ..."

အဘိုးအိုသည် စိတ်ထိခိုက်စွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီတော့...ငါဟာ မင်းအဖေကိုခေါ်...ရပ်ဖျက်ပညာသုံးပြီး ထွက်ပြေးခဲ့တယ်... ဒါပေမယ့်... ရန်သူတွေဟာ တို့ရပ်ဖျက်ပညာသုံးပြီး ထွက်ပြေးသွားတယ်ဆိုတာ သိသွားတယ်...ဒါကြောင့်...ငါတို့နှစ်ယောက် ထွက်ပြေးတိမ်းရှောင်ရင်း... ဒီကောင်းဝူးတောင်ကလပ်ပေါ်ကို ရောက်လာခဲ့တယ်...ဒီတောင်ကလပ်ပေါ်ကို ရောက်တော့...မင်းအဖေ

ဟာ သူ့လက်ထဲမှာရှိတဲ့ ပုလဲနက်သိုင်းကျမ်းကို ငါလက်ထဲအပ်လိုက်တယ်... တစ်နေ့ မင်းကိုတွေ့ရင် ပေးလိုက်ပါလို့ မှာကြားခဲ့တယ်..."

ယဲ့စီယံမှာ အံကိုတင်းတင်းကြိတ်ထားလေ၏။

အဘိုးအိုသည် စိတ်မကောင်းစွာဖြင့် စကားဆက်လိုက်သည်။

"ငါတို့ တောင်ကလပ်ပေါ်ကိုရောက်ပြီး မကြာမီမှာပဲ ရန်သူတွေလည်းရောက်လာတယ်...အဲဒီမှာ တိုက်ပွဲဖြစ်ပြီး မင်းအဖေနဲ့ ငါဟာ ချောက်ကမ်းပါးထဲကို ထိုးကျခဲ့ရတယ်...အောက်ရောက်တော့ မင်းအဖေပွဲချင်းပြီး သေဆုံးသွားခဲ့တယ်...ငါကတော့ အတွင်းဒဏ်ရာ ရသွားခဲ့တယ်..."

ယဲ့စီယံသည် အသံမထွက်ဘဲ ကြိတ်၍ငိုရှိုက်နေလေတော့၏။

သူ၏ရင်ထဲ၌ ဝမ်းနည်းလှိုက်လဲစွာ ခံစားနေရသည်။

သူသည် ဖခင်အား နှေ့စဉ်နှင့်အမျှ ဂုဏ်မျှော်ခဲ့ရသည်။

သို့သော်...

သူ၏ဖခင်သည် သူ့ထံသို့ မည်သည့်အခါမျှ ပြန်ရောက်လာတော့မည်မဟုတ်ပါ။

သိုင်းလောကသားများ၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် သေမင်းထံသို့ အသက်ပေးဆပ်လိုက်ရပြီ မဟုတ်ပါလော။

ယဲ့စီယံ၏ မျှော်လင့်ချက်ပန်းတိုင်သည် ပျောက်ဆုံးသွားခဲ့ရပြီ ဖြစ်သည်။

သူသည် လူ့လောကအလယ်တွင် မိဘမဲ့သားတစ်ယောက်ဘဝကို ယခုအချိန်မှစ၍ ခံယူလိုက်ရပြီ မဟုတ်ပါလား။

ယဲ့စီယံသည် မည်သည့်အချိန်အထိ ဝမ်းပန်းတနည်းငိုရှိုက်မိသည် မသိပါ။

ရုတ်တရက်...

သူသည် သတိဝင်လာပြီး အဘိုးအိုအား တစ်ချက်ကြည့်လိုက်သည်။

အဘိုးအိုသည် သူ့အား ကရုဏာသက်စွာ ငေးကြည့်နေသည်ကို တွေ့မြင်ရသည်။

ယဲ့စီယံသည် အဘိုးအိုအား စေ့စေ့ကြည့်လိုက်ပြီး...

"အာ... ဒီလိုဏ်ဂူထဲမှာနေတာ ဘယ်လောက်ကြာပြီလဲ..."

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အခုဆိုရင် ငါးနှစ်တောင်ရှိသွားပြီကွယ်... "

ယဲ့စီယံသည် မျက်မှောင်ကုတ်သွား၏။

"ဒါနဲ့... အာ ဒီလိုဏ်ဂူထဲမှာ... ဒီလိုပဲနေရတာပေါ့... အပေါ်ကို ပြန်တက်နိုင်တဲ့လမ်းကိုရော မရှာခဲ့ဘူးလား... "

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ငါဟာ ကောင်းဂူးတောင်ကလပ်ပေါ်ကို ပြန်တက်နိုင်တဲ့လမ်းကို ရှာဖွေခဲ့တယ်... ဒါပေမယ့် မတွေ့ခဲ့ဘူး... မမျှော်လင့်ဘဲ သွေးနက်ဂိုဏ်းရဲ့ ပျောက်ဆုံးနေတဲ့ မီးလွှဲလက်ဝါးသိုင်းကျမ်းကို တွေ့ခဲ့ရတယ်... "

ယဲ့စီယံမှာ စိတ်ဓာတ်ကျသွားလေသည်။

"ဒီလိုဆိုရင်... ကျွန်တော် တစ်သက်လုံးချောက်ကမ်းပါးထဲမှာ ဘဝဆုံးသွားရတော့မယ်ပေါ့... "

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကံတရားပေါ့ကွယ်... ငါလည်း အတွင်းဒဏ်ရာရထားတာမို့ ကြိုးစားနိုင်စွမ်းမရှိတော့ဘူး... "

သူသည် လိုက်ရှုထဲမှ တိတ်တဆိတ်ထွက်လာပြီး ချောက်ကမ်းပါးတစ်ခုလုံး ထွက်ပေါက်ရှိမရှိ ရှာဖွေသည်။

သို့သော်...

မွန်းတည့်ချိန်သာတိုင်ခဲ့သည် ထွက်ပေါက်ကိုမူ လုံးဝရှာမတွေ့ပါ။

ထို့ကြောင့်...

သူသည် အဘိုးအို၏ စကားကို လက်ခံလိုက်ရလေသည်။

သူသည် စိတ်ပျက်စွာဖြင့် လိုက်ရှုထဲသို့ ပြန်လာခဲ့သည်။

ယဲ့စိယ်သည် ဆာလောင်လာသဖြင့် ကျောက်ခက်များကို ခွာယူစားသောက်လိုက်လေသည်။

"ဘယ့်နယ်လဲ... ယဲ့စိယ် ထွက်ပေါက်ရှာလို့တွေ့ခဲ့ရဲ့လား..."

အဘိုးအိုက ယဲ့စိယ်မည်သည့် ရည်ရွယ်ချက်ဖြင့် လိုက်ရှုထဲမှ ထွက်သွားသည်ကိုသိနေသည်။ ယဲ့စိယ်သည် စိတ်ပျက်စွာခေါင်းခါယမ်းလိုက်၏။

အဘိုးအိုက ပြုံးရွှင်လိုက်ပြီး...

"စိတ်မပျက်ပါနဲ့ကွာ... တစ်နေ့တော့ မင်းလွတ်မြောက်မှာပါ"

ထိုစကားကြောင့် ယဲ့စိယ်မှာ အားတက်သွားရသည်။

"ကျွန်တော့်ကို အခုလို အားပေးတာ ကျေးဇူးတင်ပါတယ် အဘ..."

အဘိုးအိုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"ကဲ... အချိန်ကုန်မယ့် အတူတူ ငါ... မင်းကို ငွေကြေးလက်နက်ပုန်းပညာ သင်ပေးမယ်... နောက်ပြီး... ငါ့ရဲ့ ကျော်ကြားတဲ့ ရုပ်

သူသည် ယဲ့စိယ်အား စိုက်ကြည့်လိုက်ပြီး...

"မင်းကတော့ အသက်ငယ်သေးတယ်... မင်းအဖေ ကျန်ရစ်ခဲ့တဲ့ ပုလဲနက်သိုင်းကျမ်းရယ်... ငါတတ်မြောက်ထားတဲ့ မီးလျှံလက်ဝါးသိုင်းရယ်... ဒီနှစ်ခုကို သင်ကြားမယ်ဆိုရင် မင်းဟာ... သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာနိုင်တယ်..."

ယဲ့စိယ်သည် စိတ်မောသွားလေ၏။

ထိုအခါ ယဲ့စိယ်က စိတ်ထဲမှ ပြောမိသည်။

"သိုင်း... သိုင်းပညာတွေ တတ်ထားလို့ ကျွန်တော့်အဖို့ ဘာအသုံးကျတော့မှာလဲ အဘရယ်... သိုင်းလောကထဲ ပြန်မရောက်သရွေ့ ဒီသိုင်းပညာတွေဟာ ဘာမှ အသုံးမကျတော့ပါဘူး..."

အဘိုးအိုသည် သူ့အား ပြုံးပြလိုက်ပြီး..

"ကဲ... မင်းလည်းအနားယူလိုက်ဦး... ငါပြောတာမယုံရင်လည်း လွတ်လမ်းရှိမရှိ ကိုယ်တိုင်လိုက်ရှာကြည့်ဦးပေါ့ကွာ..."

ယဲ့စိယ်သည် စကားမပြောတော့ဘဲ မြေပေါ်သို့လဲချလိုက်ပြီး အိပ်စက်အနားယူလိုက်လေတော့သည်။

♣ ♣ ♣

ယဲ့စိယ်သည် စောစောကပင် အိပ်ရာမှ နိုးလာလေသည်။

အဘိုးအိုမှာမူ ကျောက်ဖျာပေါ်တွင် အိပ်မျော်နေဆဲဖြစ်သည်။

သူသည် အဘိုးအို၏ စကားကို စိတ်ထဲ၌ လုံးဝလက်မခံပေ။

ထို့ကြောင့်...

ပြောင်းရုပ်လွဲပညာကိုလည်း သင်ပေးရမယ်... "

ယဲ့စီယံက အဘိုးအိုအား ဦးညွှတ်အရိုအသေ ပြုလိုက်ပြီး...

"ကျေးဇူးတင်ပါတယ် အဘ... "

အဘိုးအိုက ပြုံးလိုက်ပြီး...

"နောက်ပြီး... ငါတတ်မြောက်ထားတဲ့ မီးလွှဲလက်ဝါးသိုင်းပညာနဲ့ အခြားသိုင်းပညာတွေကိုပါ မင်းကို သင်ပေးမယ်... မင်းဟာ ထူးထူးခြားခြား သိုင်းပညာမျိုးစုံတတ်တဲ့ လူဖြစ်သွားစေရမယ်... "

ယဲ့စီယံမှာ ဝမ်းသာသွားသည်။

အဘိုးအိုသည် ယဲ့စီယံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

"တစ်နေ့... မင်းဟာ သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်သွားစေအောင် ထက်မြက်တဲ့ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ကို ဖြစ်စေရမယ်... "

သူသည် ယင်းသို့ပြောပြီး လက်တစ်ဝါးသာသာခန့် စာအုပ်တစ်အုပ်အား အင်္ကျီအိတ်အတွင်းမှ ထုတ်ယူလိုက်ပြီး ယဲ့စီယံအား လှမ်းပေးလိုက်၏။

"ဒီစာအုပ်ဟာ ပုလဲနက်သိုင်းကျမ်းပဲ... "

ထို့နောက်...

အဘိုးအိုသည် ကြွေဗူးတစ်ဗူးအား ထုတ်ယူလိုက်ပြီး...

"ဒီကြွေဗူးထဲမှာ အနီရောင်ဆေးလုံးတွေရှိတယ်... ဒီဆေးလုံးတွေဟာ သိုင်းသမားတွေအဖို့ အလွန်အသုံးဝင်ပါတယ်... မင်းလို ငယ်စဉ်ကတည်းကရောဂါရှိတဲ့ သူတွေအတွက် ဝိုသင့်လျော်တယ်... "

သူသည် ယင်းသို့ပြောပြီး ကြွေဗူးအား ယဲ့စီယံဆီ လှမ်းပေးလိုက်လေတော့သည်။

နောက်တစ်နေ့ နံနက်မှစ၍ အဘိုးအိုဝမ်အင်းသည် မီးလွှဲလက်ဝါးသိုင်းကျမ်းများကို သင်ကြားပေးလေသည်။

ဤသို့ဖြင့်...

တစ်လကျော်ကျော်ခန့် ကြာသောအခါ အဘိုးအိုသည် သူ၏အခြားသိုင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။

ထို့အပြင်...

ယဲ့စီယံသည် အဘိုးအိုဝမ်အင်း၏ ရုပ်ပြောင်းရုပ်လွဲပညာများနှင့် ငွေကြယ်လက်နက်ပုန်းပညာကိုပါ သင်ကြားသည်။

ခြောက်လခန့်ကြာသောအခါ ယဲ့စီယံသည် ထိုပညာရပ်များအား ကောင်းစွာနားလည်သဘောပေါက်ခဲ့၏။

အဘိုးအိုဝမ်အင်းသည် ယဲ့စီယံက မိမိမျှော်လင့်ထားသည်ထက်လျင်မြန်စွာ တတ်မြောက်ထားသည်ကို တွေ့မြင်ရသဖြင့် လွန်စွာဝမ်းသာနေသည်။

သို့သော်...

အဘိုးအိုဝမ်အင်းသည် မူလက အတွင်းဒဏ်ရာ အလွန်ပြင်းထန်ရာမှ နေ့ညမပြတ် ယဲ့စီယံအား အပင်ပန်းခံ၍ သိုင်းပညာသင်ကြားပေးရသောကြောင့် နောက်ဆုံးသူသည် ခံနိုင်ရည်မရှိတော့ဘဲ အိပ်ရာထက်၌ ဘုန်းဘုန်းလဲသွားလေတော့သည်။

သူသည် မိမိအခြေအနေကို အကဲခတ်မိသဖြင့် ယဲ့စီယံအား မှာကြားရန်ရှိသည်များကို မှာကြားခဲ့သည်။

"ယဲ့စီယံ... ငါမရှိတော့တဲ့အခါမှာ ပုလဲနက်သိုင်းကျမ်းကို ကြိုးစားလေ့ကျင့်သင်ကြားပါ... ဒါမှ... မင်းအဖေကို သတ်တဲ့လူကို တုံ့ပြန်နိုင်မှာ... တစ်နေ့တော့ ချောက်ကမ်းပါးထဲက မင်းလွတ်မြောက်သွားမှာပါ... သိုင်းလောကကို ရောက်တဲ့အခါမှာ အကောင်းဆုံးကတော့ ရွှံ့ပြောင်းရပ်လွဲကို အသုံးပြုပါ... ဒါမှ အန္တရာယ်ကင်းမယ်ကွယ့်... "

အဘိုးအိုသည် ယင်းကဲ့သို့ အကြိမ်ကြိမ်မှာကြားပြီးနောက် သေဆုံးသွားလေတော့သည်။

အဘိုးအိုဝမ်အင်း သေဆုံးပြီးနောက် ယဲ့စီယံသည် နေ့ည အနားမပေးဘဲ သိုင်းပညာရပ်များအား ပြင်းပြင်းထန်ထန် လေ့ကျင့်လေသည်။

ထို့ကြောင့်...

သူသည် သုံးလအတွင်း အဘိုးအိုဝမ်အင်း သင်ကြားပေးခဲ့သော မီးလျှံလက်ဝါးသိုင်းကွက်များနှင့် အခြားသိုင်းပညာများ...နှင့် စိမ်းဂိုဏ်းချုပ်ကျွန်းအော့၏ နဂါးစိမ်းသိုင်းကွက်အား ကောင်းစွာသဘောပေါက်နားလည်ခဲ့သည်။

ဤသို့ဖြင့်...

ငါးလခန့် ထပ်မံအချိန်ကုန်သွားသောအခါ ယဲ့စီယံသည် သိုင်းလောကသားတိုင်း လိုချင်တပ်မက်ကြသည့် ပုလဲနက်သိုင်းကျမ်းအား စတင်လေ့လာလေသည်။

သူသည် သိုင်းကျမ်းစာအုပ်၏ ပထမစာမျက်နှာပေါ်တွင် သိုင်းကွက်တစ်ကွက်မျှသာ ဖော်ပြထားသည်တို့ တွေ့ရသည်။

သိုင်းကွက်အမည်မှာ ပုလဲနက်သိုင်းကွက် ဖြစ်သည်။

ယင်းသိုင်းကွက်သည် စားကို အသုံးပြုသော သိုင်းကွက် ဖြစ်သည်။

သူသည် အလွန်ဉာဏ်ကောင်းသော လူတစ်ယောက်ဖြစ်၏။

သို့သော်...

သူသည် ပထမသိုင်းကွက်ကို မြင်တွေ့လိုက်သည်နှင့် မျက်မှောင်ကြုတ်သွားတော့သည်။

သူ၏ မျက်လုံးအစုံသည် ပုလဲနက်သိုင်းကွက်၏ပုံကို မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

"ဒါက ဘယ်လိုသိုင်းကွက်ပါလိမ့်... မျဉ်းကြောင်းတွေက ဘယ်နယ် ဒီလောက်များနေတာလဲ... "

သူသည် ထိုမျဉ်းကြောင်းများအား ရေတွက်ကြည့်လိုက်၏။

ထိုအခါ...

မျဉ်းကြောင်းဆယ့်သုံးကြောင်း ရှိနေသည်ကို တွေ့မြင်ရလေသည်။

"သိုင်းကွက်တစ်ကွက်တည်းနဲ့ သိုင်းကွက်ဆယ့်သုံးကွက်အထိ ပြောင်းလဲသွားနေလို့လား... "

သူသည် လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေလေတော့သည်။

အချိန်သာ ကုန်ဆုံးသွားခဲ့၏။

ယဲ့စီယံ၏ မျက်လုံးအစုံသည် ထိုသိုင်းကွက်တစ်ကွက်တည်းကိုသာ စူးစိုက်ကြည့်နေသည်။

သူ၏ လက်တစ်ဘက်သည် အငြိမ်မနေဘဲ ဝေ့ယမ်းလှုပ်ရှားနေ၏။

သူသည် သိုင်းကွက်၏ ပုံသဏ္ဌာန်ကိုကြည့်ကာ လက်ကို အမျိုးမျိုးလှုပ်ရှားကြည့်နေသော်လည်း အဆင်ပြေသည်ကို မတွေ့ရပေ။

လက်လှုပ်ရှားရာ၌ တစ်ဆက်တည်း လှုပ်ရှားနိုင်ခြင်းမရှိဘဲ မကြာခဏ ထောက်နေသည်ကို တွေ့မြင်ရလေသည်။

သူသည် ခေါင်းခါယမ်းလိုက်၏။

"ဒီသိုင်းကွက်ရဲ့ ပုံသဏ္ဌာန်ကတော့... ဒီနေရာကနေပြီး ဓားနဲ့ စတင်တိုက်ခိုက်ရမယ်ထင်တယ်... "

သူသည် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ဒါတော့... မဖြစ်နိုင်ဘူး.... "

သူသည် ယင်းသို့တွေးရင်း မြေပေါ်သို့ လဲလျောင်းချလိုက်၏။

သူ၏အတွေးများသည် ဦးနှောက်ထဲတွင် ရှုပ်ထွေးနေ၏။

သူသည် မဟူရာရဲတိုက်ပိုင်ရှင် လျူယန်ချန်းအား ပြန်လည်မြင်ယောင်လာသည်။

လျူယန်ချန်းနှင့် သူတိုက်ခိုက်စဉ်တုန်းက အသုံးပြုခဲ့သော နဂါးစိမ်းဂိုဏ်း၏ သိုင်းကွက်တစ်ကွက်ဖြစ်သော နဂါးမာန်သိုင်းကွက်အား သတိရလာသည်။

ယင်းသို့ သတိရလာသည်နှင့် သူ၏ ဘယ်ဘက်လက်သည် အလိုအလျောက် နဂါးမာန်သိုင်းကွက်အား ပုံဖော်လိုက်၏။

သူ၏ ဘယ်ဘက်လက်ဝါးသည် ထောင်ထားပြီး စက်ဝိုင်းပမာ တစ်ပတ်လှည့်လိုက်သည်။

ထို့နောက်...

တစ်ဆက်တည်း အရှိန်ဖြင့်ခုတ်ချလိုက်လေသည်။

ထိုအချိန်မှာပင်...

သူ၏ အတွေးတစ်ခုက ပုလဲနက်သိုင်းကျမ်းထဲမှ ပထမသိုင်းကွက်ဖြစ်သော ပုလဲနက်သိုင်းကွက်အား ညာဘက်လက်ဖြင့် လှုပ်ရှားဝှေယမ်းနေ၏။

တစ်နည်းဆိုရလျှင်...

သူ၏အသိစိတ်မှာ နှစ်ပိုင်းခွဲထားခြင်းဖြစ်သည်။

အသိစိတ်၏ တစ်ပိုင်းမှာ ပုလဲနက်သိုင်းကွက်ထဲမှ ပထမသိုင်းကွက်အား လေ့လာလှုပ်ရှားနေ၏။

ကျန်ရှိသော အသိစိတ်တစ်ပိုင်းကိုမူ နဂါးစိမ်းဂိုဏ်း၏ သိုင်းကွက်များထဲမှ နဂါးမာန်သိုင်းကွက်အား တွေးတောနေခြင်းဖြစ်သည်။

သူသည် ထိုကဲ့သို့ မတူညီသော သိုင်းကျမ်းနှစ်ခုထဲမှ မတူညီသော သိုင်းကွက်နှစ်ခုအား တစ်ပြိုင်နက်စဉ်းစားမိသည်နှင့် သူသည် အတွေးတစ်ခုပေါ်လာလေ၏။

သူ၏ ညာဘက်လက်ဝါးသည် ဓားတစ်လက်၏ ပုံစံဖြင့် ဘယ်ဘက်လက်ဝါးသို့ ခုတ်ချလိုက်လေသည်။

သူသည် ယင်းသို့လှုပ်ရှားလိုက်သော်အခါ ပုလဲနက်သိုင်းကွက်သည် နဂါးစိမ်းသိုင်းကွက်၏ တိုက်ခိုက်မှုအား လုံးဝပိတ်ဆို့သွားသည်ကို တွေ့ရှိလိုက်ရသည်။

သူသည် ဘယ်ဘက်လက် အသုံးပြုနေသော နဂါးစိမ်းသိုင်းကွက်၏ တတိယသိုင်းကွက်ဖြစ်သော နဂါးရေကူးသိုင်းကွက်အား ပြောင်းလဲလိုက်သောအခါမှ သူ၏ ညာဘက်လက်မှာ အသုံးပြုသော ပုလဲနက်သိုင်းကွက်အား ခုခံထားနိုင်ခဲ့လေသည်။

သူသည် ညာဘက်လက်မှ သိုင်းကွက်တစ်မျိုးဖြင့် ဘယ်ဘက်လက်မှ အသုံးပြုသော သိုင်းကွက်အား တိုက်ခိုက်ရင်း ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်ကို သေချာစွာ လေ့လာကြည့်လိုက်သောအခါမှ နားလည်သွားလေသည်။

ထိုအခါ...

ယဲစီယံသည် ထခုန်မတတ် ဝမ်းသာသွားသည်။

တော်တော်ကလေးကြာမှသာ...

ယဲစီယံသည် ဝမ်းသာလွန်ပဲ့ရှားသောစိတ်ကို ထိန်းချုပ်နိုင်သည်။

သူသည် လဲလျောင်းနေရာမှ ထလိုက်ပြီး လိုတ်ဂွ၏နံရံဘက်သို့ လျှောက်သွားလေ၏။

ထို့နောက်...

သူသည် အတွင်းအားကို စုစည်းပြီး လက်ဝါးနှစ်ဘက်ဖြင့် တွန်းထုတ်လိုက်၏။

"ဝုန်း..."

ကျောက်ခဲစများသည် တဖြောက်ဖြောက်ကွာကျလာလေတော့၏။

ယခု...

သူသည် လူတစ်ယောက် စိတ်နှစ်ခုဖြစ်နေ၏။

လက်တစ်ဘက်တွင် အခြားသိုင်းကျမ်းတစ်မျိုးအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး ကျန်ရှိသော လက်တစ်ဘက်မှာ အခြားသိုင်းကွက်တစ်ခုကို အသုံးပြုနိုင်သည်။

ဘယ်ဘက်လက်မှ အသုံးပြုသော သိုင်းကွက်သည် ညာဘက်လက်မှာ အသုံးပြုသော သိုင်းကွက်နှင့် မူးပေါင်းနိုင်သည်။

ထိုသို့ မဟုတ်လျှင် ဆန့်ကျင်ဘက် အသုံးပြုနိုင်၏။

တစ်နည်းဆိုရသော်...

သူလေ့ကျင့်တတ်မြောက်ထားသော သိုင်းကွက်အား ကျန်ရှိသော လက်တစ်ဘက်မှ အသုံးပြုလိုက်သော ပုလဲနက်သိုင်းကွက် ဆယ့်သုံးကွက်နှင့် အပြန်အလှန် တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်။

ထိုအချိန်မှစ၍...

သူသည် လူတစ်ကိုယ် စိတ်နှစ်ဖြာဖြင့် ပိုင်းခြားကာ ဘယ်လက်နှင့် ညာဘက်လက် အချင်းချင်း တိုက်ခိုက်လေ့ကျင့်နိုင်ခဲ့သည်။

သူသည် နေ့စဉ်နေ့တိုင်း လေ့ကျင့်နေတော့သည်။

မိုးစင်စင်လင်းလေပြီ။

နံနက်ခင်း၏ နေရောင်ခြည်သည် ကောင်းဂူးတောင်ကလပ်ပေါ်သို့ ဖြာဆင်းကျနေ၏။

နံနက်ခင်း၏လေပြည်အေးသည် ညင်သာစွာတိုက်ခတ်နေ၏။

ထိုအချိန်မှာပင်...

ကောင်းဂူးချောက်ကမ်းပါး၏ တောင်နှုတ်ခမ်းပေါ်သို့ လူရိုပ်တစ်ခုက ခက်ခဲစွာ တက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ အသက်ဆယ့်ရှစ်နှစ်ရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

တောင်ပေါ်သို့ ခက်ခဲစွာ တက်လာရသောကြောင့် ထိုလူငယ်၏ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော အဝတ်အစားများမှာ စုတ်ပြဲနေလေ

၏။

သူ၏ ခြေလက်များမှာလည်း ပွန်းပဲ့၍ သွေးများထွက်နေသည်။

သူဝတ်ဆင်ထားသော အဝတ်ဖိနပ်ရှည်၏အောက်ခုံမှာ ပွန်းပဲ့ပြီး အပေါက်ကလေးများပင် ဖြစ်နေလေသည်။

ထိုလူငယ်သည် ခက်ခဲပင်ပန်းစွာ တက်ရောက်လာရသောကြောင့် အလွန်မောပန်းနွမ်းနယ်သွားပြီး မြေပေါ်သို့ လှဲချလိုက်လေ၏။

နေရောင်ခြည်သည် သူ၏ ခန္ဓာကိုယ်ပေါ်သို့ ထိုးကျနေ၏။

လူငယ်၏ ခန္ဓာကိုယ် ခြေလက်များတို့မှာ ပွန်းပဲ့စုတ်ပြဲ၍နေသော်လည်း သူ၏မျက်နှာပြင်မှာမူ ပြုံးရွှင်နေသည်။

အတန်ကြာမှ...

သူသည် ထိုင်ရာမှထိုက်သည်။

ထို့နောက်...

သူသည် အေးမြလတ်ဆတ်သောလေကို တဝကြီးရှူရှိုက်လိုက်လေသည်။

ပြီးလျှင်...

သူသည် တောင်အောက်သို့ ဖြည်းညင်းစွာ ဆင်းသက်သွားသည်။

သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်းသေးငယ်ပြီး နောက်ဆုံးပျောက်ကွယ်သွားလေတော့သည်။

ထိုလူငယ်မှာ ချောက်ကမ်းပါးထဲမှ ခက်ခက်ခဲခဲတက်လာပြီး လွတ်မြောက်သွားသော ယဲ့စီယံပင်ဖြစ်သည်။

သူသည် ကောင်းဝူးတောင်၏ ချောက်ကမ်းပါးထဲသို့ ကျသွားပြီးနောက် လိုက်ဂူထဲ၌ သူ၏ထက်မြက်သော ဉာဏ်ပညာနှင့် ပုလဲနက်သိုင်းကျမ်းထဲမှ ဖော်ပြထားသော ကိုယ်ဖော့ပညာတို့ကို ပေါင်းစပ်ကာ ထိုနက်ရှိုင်းသော ချောက်ကမ်းပါးထဲမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

သူသည် သိုင်းလောကသားများ လိုချင်တပ်မက်ကြသည့် ပုလဲနက်သိုင်းပညာနှင့် မီးလျှံလက်ဝါးပညာများကို တစ်ပြိုင်တည်း တတ်မြောက်ခဲ့သည်။

အမှန်မှာ...

ပုလဲနက်သိုင်းကျမ်းတွင် ဖော်ပြထားသော သိုင်းပညာရပ်များမှာ အအေးသိုင်းတစ်မျိုးဖြစ်သည်။

မီးလျှံလက်ဝါးသိုင်းပညာမှာ အပူသိုင်းတစ်မျိုးဖြစ်သည်။

ထို့ကြောင့်...

မည်သူ တစ်ဦးတစ်ယောက်မျှ အပူနှင့်အအေးဆန့်ကျင်သော သဘောရှိသည့် သိုင်းကွက်များအား တစ်ပြိုင်နက်တတ်မြောက်နိုင်ရန် လုံးဝမလွယ်ကူချေ။

ယခုမှာမူ ယဲ့စီယံက ထူးထူးခြားခြား တတ်မြောက်ထားပြီဖြစ်သည်။

သူသည် ယင်းကဲ့သို့ တတ်မြောက်နေခြင်းမှာ သူအမှတ်မထင် ဖတ်ရှုလေ့လာခဲ့သော စိတ်ပညာကျမ်းထဲမှ လူတစ်ကိုယ် စိတ်နှစ်ဖြာပညာကို တတ်မြောက်ထားသောကြောင့် ဖြစ်၏။

ထို့ကြောင့်...

ယဲ့စီယံသည် ထူးခြားလျှို့ဝှက်သည့် သိုင်းပညာရပ်များအား

တတ်မြောက်ထားသော အဆင့်မြင့်သိုင်းသမားအဖြစ် ထွက်ပေါ်လာသည်။

သူသည် ပညာစုံလင်စွာ သင်ကြားတတ်မြောက်ပြီးနောက် ဖခင်ဖြစ်သူပေးခဲ့သော ပုလဲနက်သိုင်းကျမ်း.... နဂါးစိမ်းသိုင်းကျမ်းနှင့် မီးလျှံလက်ဝါးသိုင်းကျမ်းအား သေချာစွာ သိမ်းဆည်းလိုက်၏။

အဘိုးအိုပေးထားခဲ့သော နဂါးစိမ်းဂိုဏ်း၏ အမှတ်တံဆိပ်ပြားကို ဆေးလုံးများထည့်ထားသော ကြွေဘူးနှင့်အတူ အင်္ကျီအိတ်ထဲသို့ထည့်ကာ ကောင်းဝူးချောက်ကမ်းပါးထဲမှ ထွက်ခွာလာခြင်းဖြစ်သည်။

သူသည် ချောက်ကမ်းပါးထဲမှ လွတ်မြောက်လာပြီးနောက် တောင်အောက်သို့ လျင်မြန်စွာ ပြေးဆင်းသွားလေတော့သည်။

ယဲ့စိယ်၏ ကိုယ်ဖော့ပညာသည် အလွန်ထူးချွန်၏။

သူသည် ကိုယ်ဖော့ပညာကို အသုံးပြု၍ ဆက်လက်ထွက်ခွာသွားရာ မကြာမီမှာပင် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသည်။

ယခုမှ...

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အနံ့အသက်အလွန်ဆိုးဝါးပြီး ညစ်ပတ်စုတ်ပြတ်နေသည်ကို သတိပြုမိလေသည်။

"အင်း... ငါဒီအတိုင်း ဆက်သွားမယ်ဆိုရင်... ငါ့ကို အရူးလို့ ထင်ကြမှာပဲ... အဲဒီတော့... ငါဒီမြို့ထဲကိုဝင်ပြီး အဝတ်အစားဝယ်ပြီး လဲမှဖြစ်မယ်... "

သူသည် ယင်းသို့စဉ်းစားပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် မြို့ကလေးထဲသို့ ဝင်သွားလေတော့သည်။

ထမင်းတစ်အိုးချက်ခန့် အချိန်ကြာသွားသောအခါ ယဲ့စိယ်သည် တည်းခိုခန်းတစ်ခုမှ လှမ်းထွက်လာလေသည်။

ယခု...

ယဲ့စိယ်သည် ခါတိုင်းနှင့်မတူ တမူထူးခြားအောင် ရုပ်ဖျက်ထားသည်။

သူ၏မျက်နှာမှာ ချောမောခန့်ညားလှသည်။

သူ၏ဆံကေသာများအား အနီရောင်ဖဲကြိုးနီဖြင့် စုစည်းချည်နှောင်ထား၏။

သူသည် အနီရောင်ပိုးသားဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး အနီရောင်ဖိနပ်ရှည်ကို ဝတ်ဆင်ထားလေသည်။

သူ၏အဝတ်အစားများမှာ တောက်ပြောင်လှပ ခန့်ညားလှ၏။

သူ၏လက်ထဲတွင် ခေါက်ယပ်တောင်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ထို့ကြောင့်...

ဆိုင်လှလင်ကပင် သူ့အားအံ့သြစွာ ငေးမောကြည့်နေမိသည်။

ယခု...

သူသည် ငွေကြေးပြည့်စုံသော မင်းသားကလေးတစ်ဦးပမာ ဝတ်စားဆင်ယင်ထားသည်။

သူသည် တည်းခိုခန်း၌ ခန္ဓာကိုယ်သန့်စင်ပြီး သူသွားရမည့် ခရီးစဉ်ကို ကြိုတင်စီစဉ်လိုက်သည်။

သူသည် ပထမဆုံးသွားလိုသောနေရာမှာ မဟူရာရဲတိုက်ပင်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော်...

မဟူရာရဲတိုက်၌ သူ၏နဂါးစိမ်းတောင်ဝှေး ကျန်ခဲ့သည် မဟုတ်ပါလား။

ထို့နောက်...

သူသည် သိုင်းလောကသို့ ခြေဆန့်၍ မိမိဖခင်အား ရက်စက်စွာ သတ်ဖြတ်ခဲ့သူများအား ကလဲ့စားချေရန် ဆုံးဖြတ်လိုက်သည်။

ယခု...

သူသည် မဟူရာရဲတိုက်ဆီသို့ ခရီးထွက်လာခဲ့လေတော့သည်။

အခန်း [၁၀]

ပထမရန်ကြွေး

နေဝန်းကြီးသည် အနောက်ဂေါဃာကျွန်းသို့ ယွန်းသွားသည်။

သူသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေ၏။

ထိုမြို့ကလေးမှာ မဟူရာရဲတိုက်နှင့် သုံးမိုင်ခန့်သာ ကွာဝေးသည်။

ထို့ကြောင့်...

ယဲ့စိယ်သည် ယင်းမြို့ကလေး၏ တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်လေ၏။

သူသည် ထိုမြို့ကလေးသို့ ဝင်ရောက်လာသည်နှင့် အနည်းငယ် အံ့သြမိသည်။

အဘယ့်ကြောင့်ဆိုသော်...

ထိုမြို့ကလေးတွင် သိုင်းလောကသားများ အများအပြား ရောက်ရှိနေသည်ကို တွေ့မြင်ရသောကြောင့်တည်း။

ယဲ့စိယ်သည် တည်းခိုခန်းတစ်ခု၌ တည်းခိုပြီးနောက် ဆိုင်လူလင်အား မေးမြန်းလိုက်သည်။

"ဒီမြို့မှာ ဘာတွေများဖြစ်နေလို့လဲ... "

ဆိုင်လုလင်က အံ့သြဟန်ဖြင့် သူ့အားပြန်ကြည့်လိုက်ပြီး...

"အစ်ကိုလေးက မသိဘူးလား... "

ယဲ့စီယံမှာ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ် တကယ်မသိလို့မေးနေတာပါ... "

ဆိုင်လုလင်က ပြုံးလိုက်ပြီး...

"မသိပါဘူးဗျာ... ကျွန်တော်က အစ်ကိုလည်း... ဒီကိစ္စ အတွက်နဲ့ လာတယ်ထင်မိလို့ပါ... "

ဆိုင်လုလင်သည် ယင်းသို့ပြောပြီး အခြားဧည့်သည်များအား လက်ညှိုးထိုးပြလိုက်ပြီး...

"ဟိုဧည့်သည်တွေကတော့... မဟူရာရဲတိုက်ကို သွားဖို့ ရောက်လာကြတာပဲ... "

ယဲ့စီယံမှာ စိတ်ဝင်စားသွားသည်။

"မဟူရာရဲတိုက်က ဘာဖြစ်လို့လဲ... "

ဆိုင်လုလင်က ပြုံးလိုက်ပြီး...

"မဟူရာရဲတိုက်ပိုင်ရှင်မှာ... သမီးတစ်ယောက်ရှိတယ်... အတော် ချောလှတယ်ဆိုပဲ... အဲဒါ... သူကနေ သတို့သားလောင်း ရွေးမယ်ဆိုလားပဲ... ဒါကြောင့်... သိုင်းလောကသားတွေ စုရုံးရောက်လာကြတာဗျ... "

ဆိုင်လုလင်ကလေးသည် လူငယ်ကလေးဖြစ်သဖြင့် ထိုကိစ္စကို လွန်စွာစိတ်ဝင်စားနေသည်။

သူသည် ထိုသို့ပြောပြီး ယဲ့စီယံအား... အားကျသလို ငေးကြည့်လိုက်ပြီး...

"အစ်ကိုလေးသွားပြီး ယှဉ်ပြိုင်မယ်ဆိုရင် သေချာရဲ့ပါတယ်... "

ထိုစကားကြောင့် ယဲ့စီယံမှာ ဒေါသထွက်သွားလေသည်။

"မင်း... ပါးစပ်ပိတ်ထားစမ်း... ငါ့ကိုများ သတို့သားလောင်း ရွေးမယ့်လူများ မှတ်နေသလား... "

ဆိုင်လုလင်မှာ ရင်ထိတ်သွားလေ၏။

သူသည် ကြောက်ရွံ့စွာဖြင့် အနှံနဲ့ထဲမှ ထွက်ခွာသွားလေတော့သည်။

ယဲ့စီယံသည် တစ်ယောက်တည်းထိုင်၍ စဉ်းစားနေသည်။

"မဟူရာရဲတိုက်မှာ ဧည့်သည်တွေ ရောက်နေတယ်ဆိုတော့... ငါနေ့ဘက်သွားလို့ မဖြစ်ဘူး... အဲဒီတော့... အခုညပဲ သွားရင်ပိုကောင်းမယ်... "

သူသည် ယင်းသို့တွေးပြီး ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ည...

ကောင်းကင်ပေါ်၌ လဝန်းသည် ထိန်ထိန်သာနေ၏။

လမင်း၏ အလင်းရောင်အောက်တွင် မဟူရာရဲတိုက်သည် အထူးစည်ကားနေသည်။

အုံးမောင်းခေါက်သံ နှစ်ချက်တီးအချိန်မှ ဧည့်သည်များသည် ရဲတိုက်က စီစဉ်ထားသော အခန်းရှိရာသို့ အနားယူရန် ပြန်သွားကြလေပြီ။

ထိုအခါ...

ရဲတိုက်ပိုင်ရှင်လျှုယန်ချန်းသည် ညည်သည်များအား နှုတ်ဆက်ပြီးနောက် မိမိ၏အိပ်ခန်းသို့ ပြန်လည်အနားယူလေ၏။

သူသည် မအိပ်နိုင်သေးဘဲ တစ်ခုပြီးတစ်ခုကိုသာ စဉ်းစားနေသည်။

"အင်း... ငါဟာ အသက်ကြီးလာပြီ... ရှေ့လျှောက်ငါဘာမှ စွမ်းဆောင်နိုင်တော့မှာ မဟုတ်ဘူး... ခက်တာက ငါ့မှာ သားဆိုလို့ တစ်ယောက်မှမရှိဘူး... သမီးလေးတစ်ယောက်တည်းရှိတယ်... သူကလည်း အရွယ်ရောက်လာပြီဆိုတော့ အိမ်ထောင်ချပေးဖို့ အချိန်တန်ပြီ... ဘယ်သူနဲ့ ပေးစားရရင်ကောင်းမလဲ... "

ထိုစဉ်...

ရယ်မောသံထွက်ပေါ်လာသည်။

"ဟား... ဟား... ဟား... "

လျှုယန်ချန်းသည် ဆတ်ခနဲ ထရပ်လိုက်သည်။

"ဘယ်သူလဲ... "

သူသည် ပြတင်းတံခါးကို တွန်းဖွင့်လိုက်ပြီး အပြင်သို့ ခုန်ထွက်လိုက်၏။

ထိုအခါ...

ထိန်ထိန်သာနေသော လရောင်အောက်တွင် လူတစ်ယောက်သည် ဝါးတစ်ရိုက်ခန့် အကွာတွင် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

ထိုလူငယ်သည် အနီရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

လျှုယန်ချန်းသည် ထိုလူငယ်အား အကဲခတ်ကြည့်လိုက်ပြီး...

"မင်းဘယ်သူလဲ... အချိန်မတော်ကြီး ကျွဲပဆီ ဘာကြောင့် လာရတာလဲ... "

သူသည် ထိုသို့မေးလိုက်သော်လည်း သူ၏စိတ်ထဲ၌ အမျိုးမျိုးတွေးတောနေလေသည်။

"ဒီလူက ဘယ်သူလဲ... သူရောက်လာတာကို ငါတော့ မသိဘူးဆိုတော့ သိုင်းပညာအဆင့်က နည်းမှာမဟုတ်ဘူး... နောက်ပြီး... ငါ့ရဲ့တိုက်ထဲကို ဘယ်လိုလုပ်ဝင်လာသလဲဆိုတာ အံ့သြဖို့ကောင်းတယ် ငါ့ရဲ့ရန်သူ မဖြစ်ပါစေနဲ့... "

ထိုလူငယ်မှာ ယဲ့စီယဲ့ပင် ဖြစ်သည်။

ယဲ့စီယဲ့သည် အေးစက်မာကျောသော လေသံဖြင့်...

"သိပ်လည်း မစိုးရိမ်ပါနဲ့ ရဲတိုက်သခင်ကြီး... ကျွဲပအခု လာတာ တိုင်ပင်စရာရှိလို့ပါ... "

လျှုယန်ချန်းမှာ ရင်ထိတ်သွားသည်။

"မင်းဘယ်သူလဲ... တိုင်ပင်စရာရှိရင် ကျွဲပအခန်းထဲကိုကြွပါ... "

ယဲ့စီယဲ့က လက်ကာပြလိုက်သည်။

"မလိုပါဘူးဗျာ... ကျွဲပက အညတရလူတစ်ယောက်ပါ... တိုင်ပင်မယ့် ကိစ္စကလည်း လွယ်ကူတဲ့ကိစ္စပါ... ရဲတိုက်သခင်ကြီးက ပြန်ပေးရင် ပြီးတာပါပဲ... "

လျှုယန်ချန်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စဆိုတာ ပြောပါ... ကျွဲပက တတ်နိုင်ရင် လုပ်ပေးပါ့မယ်... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားတို့ရဲ့တိုက်မှာ ယဲ့စီယံဆိုတဲ့ လူငယ်တစ်ယောက် ရောက်ခဲ့ဖူးတယ် မဟုတ်လား... "

လျူယန်ချန်းမှာ အနည်းငယ် ရင်ထိတ်သွားသည်။

"ရှိခဲ့ဖူးပါတယ်... "

ယဲ့စီယံသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး...

"အခု... သူ ဘယ်ရောက်သွားပြီလဲ... "

လျူယန်ချန်း၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။

"သူလွန်ခဲ့တဲ့ တစ်နှစ်က အလုပ်ထွက်သွားပါပြီ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ထားပါတော့လေ... သူကထွက်သွားပြီဆိုရင် သူ့မှာ နဂါးစိမ်းတောင်ဝှေးတစ်ချောင်း ကျန်ခဲ့တယ်... အဲဒါ ကျုပ်ကိုပေးပါ... "

လျူယန်ချန်းက ခေါင်းခါယမ်းလိုက်သည်။

"သူ့မှာ ဘာပစ္စည်းမှ မကျန်ခဲ့ပါဘူး... "

သူ၏ စကားမဆုံးမီ ယဲ့စီယံသည် လျှပ်တစ်ပြက် သူ့ဆီသို့ ရောက်လာပြီးလျှင် သူ၏အင်္ကျီကို ဆုပ်ကိုင်ပြီး သူ့အနီးသို့ ဆွဲယူလိုက်သည်။

ဤသည်မှာ သူ့အား စော်ကားခြင်းပင်။

လျူယန်ချန်းသည် ရင်ထိတ်သွား၏။

သူသည် လက်သီးတစ်လုံးဖြင့် ယဲ့စီယံ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

သို့သော်...

ယဲ့စီယံသည် သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထား

လိုက်သည်။

သူသည် အတွင်းအားဖြင့် ဖမ်းဆုပ်ကိုင်လိုက်ရာ လျူယန်ချန်း၏ နှဖူးပေါ်မှ ချွေးများသည် စီးဆင်းကျလာသည်။

သူ၏လက်တစ်ဘက်သည် အားအင်မဲ့သကဲ့သို့ ခံစားလာရသည်။

ယဲ့စီယံသည် လျူယန်ချန်း၏ လက်အား လွှတ်ပေးလိုက်သည်။

"ကဲ... နဂါးစိမ်းတောင်ဝှေးပေးပါ... "

လျူယန်ချန်းမှာ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"နဂါးစိမ်းတောင်ဝှေးဆိုတာ... နဂါးစိမ်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်အမှတ်အသားဖြစ်တဲ့အတွက် သူ့ကို သေချာသိမ်းထားပါတယ်... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... တစ်ယောက်ယောက်ကိုခေါ်ပြီး ယူခိုင်းလိုက်ပါ ကျုပ်ကို လှည့်စားမယ်တော့ မကြိုနဲ့... ခင်ဗျားရဲ့အသက်ကို အချိန်မရွေးယူနိုင်တယ်... "

လျူယန်ချန်းသည် ယဲ့စီယံအား ရဲမုန်းစွာဖြင့် စိုက်ကြည့်လိုက်သည်။

ထို့နောက်...

အခန်းတွင်းဘက်သို့လှည့်၍ လေသံခပ်အုပ်အုပ်ဖြင့် အော်ခေါ်လိုက်လေသည်။

"သန်းယို့... သန်းယို့... "

သူ၏စကားသံ ဆုံးသွားသည်နှင့် လူရွယ်တစ်ယောက်ပြေးထွက်လာသည်။

ထိုလူရွယ်သည် လျှုယန်ချန်းအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"ဘာနိုင်းစရာရှိလို့လဲ... သခင်ကြီး... "

လျှုယန်ချန်းက သေချာစွာမှာကြားလိုက်သည်။

"မင်း... ဘက္ကာထိန်း'ဝမ်'ဆီကိုသွားပါ... သူ့ကိုတွေ့ရင် ငါသိမ်းခိုင်းထားတဲ့ နဂါးစိမ်းတောင်ဝှေးကို ပေးလိုက်ပါလို့ပြောလိုက်..."

သန်းယို့ဆိုသော အစောင့်သိုင်းသမားသည် လျင်မြန်စွာထွက်ခွာသွား၏။

တခဏအကြာတွင်...

သန်းယို့ ပြန်လည်ရောက်ရှိလာသည်။

သူ၏လက်ထဲတွင် အသင့်ပါလာသော နဂါးစိမ်းတောင်ဝှေးအား လျှုယန်ချန်း၏ လက်ထဲသို့ ပေးအပ်လိုက်သည်။

လျှုယန်ချန်းသည် နဂါးစိမ်းတောင်ဝှေးအား လှမ်းယူရန် ဟုန်ပြင်လိုက်သည်။

သို့သော်...

ယဲ့စီယံက လျှပ်တစ်ပြက် ကြားဖြတ်ယူလိုက်၏။

သူသည် နဂါးစိမ်းတောင်ဝှေးအား ကြားဖြတ်ယူလိုက်သည်နှင့် အစောင့်သိုင်းသမားသန်းယို့အား သွေးကြောလှမ်းပိတ်လိုက်ရာ သန်းယို့သည် ကျောက်ရုပ်ပမာ ငြိမ်သက်သွားလေတော့သည်။

တောင်ဝှေးကို ယူလိုက်ပြီးနောက် ယဲ့စီယံသည် လျှုယန်ချန်းအား လွှတ်ပေးသည်။

လျှုယန်ချန်းသည် ပြေးမှလွှတ်မည်ဟူသော အတွေးဖြင့် ထွက်ပြေးလေ၏။

သို့သော်...

သူသည် ဝေးဝေးသို့ မပြေးနိုင်ချေ။

ယဲ့စီယံ၏ နဂါးစိမ်းတောင်ဝှေးသည် သူ၏သွေးကြောအားလာထောက်လိုက်သည်။

သူသည်လည်း ကျောက်ရုပ်ပမာ ငြိမ်သက်သွားသည်။

ထိုအချိန်တွင်...

လူတစ်စုသည် သူတို့ထံသို့ ပြေးလွှားရောက်ရှိလာသည်။

မဟူရာရဲတိုက်တစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်းသွားလေသည်။

"ခေါင်... ခေါင်... ခေါင်... "

အချက်ပေးခေါင်းလောင်းသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

သူတို့သည် အနီရောင်ဝတ်ဆင်ထားသော လူငယ်အား ဝိုင်းရံထားလိုက်ကြသည်။

ယဲ့စီယံသည် လူအများဝိုင်းရံထားသည့် ကြားခဏင် အားဆေးစွာရပ်နေ၏။

ဝိုင်းရံထားသော လူများအနက် အသက်လေးဆယ်ကျော်ခန့် ရှိသော အဖြူရောင်ဝတ်ဆင်ထားသူ တစ်ယောက်သည် သူ့ထံသို့ လျှောက်လာသည်။

သူ၏ အင်္ကျီရင်ဘတ်ပေါ်တွင် အနက်ရောင်ကျားနက်တစ်ကောင်ကို ယက်ထိုးထားလေ၏။

သူသည် ယဲ့စီယံအား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းက ဘယ်သူလဲ... ရဲဘိုက်ပိုင်ရှင်နဲ့ ဘယ်လိုရန်ငြိုးရှိလို့လဲ..."

ယဲ့စီယံသည် ထိုလူအား အေးစက်ခက်ထန်သော မျက်နှာထားဖြင့်...

"ကျွန်ုပ်နာမည်ကို လာမေးနေရအောင်... ခင်ဗျားက ဘာကောင်မို့လို့လဲ... "

ထိုလူသည် သူ့အား ယဲ့စီယံက ရိုသေလေးစားခြင်းမရှိဘဲ ပြန်မေးနေသည်ကို တွေ့ရသဖြင့် ဒေါသထွက်သွားသည်။

"ကျုပ်က ကျားနက်ဂိုဏ်းက ဂိုဏ်းခွဲမှူးဝမ်ချင်လီပဲ... မင်းက ကောဘယ်သူလဲ... "

ယဲ့စီယံပြန်မဖြေမီ အလင်းရောင်တန်းတစ်ခုသည် သူ့ထံသို့ လျှပ်တစ်ပြက်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

ဓားရောင်သာတည်း... ။

သူသည် ခန္ဓာကိုယ်အနည်းငယ်ငဲ့၍ ရှောင်တိမ်းလိုက်၏။

သူ၏လက်တစ်ဘက်သည် ရုတ်တရက် လှုပ်ရှားလိုက်ကာ သူ့ထံသို့ တိုက်ခိုက်လာသောဓားအား လှယူလိုက်သည်။

ယခုမှ...

သူသည် မိမိအား အလစ်ဝင်ရောက်တိုက်ခိုက်သောလူအား သေချာစွာကြည့်လိုက်သည်။

ထိုသူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုမိန်းကလေးသည် ဓားအလှုံ့လိုက်ရသဖြင့် ငေးကြောင်သွားသည်။

သူသည် လှယူထားသော ဓားရှည်အား မိန်းကလေးထံသို့ ပစ်ပေးလိုက်၏။

ထိုမိန်းကလေးအား သူကောင်းစွာ မှတ်မိထားသည်။

ထိုမိန်းကလေးမှာ "လျှဝမ်းအေ့"ပင်ဖြစ်သည်။

လျှဝမ်းအေ့သည် သူ့အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေသော်လည်း လုံးဝမမှတ်မိသည်ကို အကဲခတ်မိလေသည်။

သူမသည် ထိုအနီရောင်ဝတ်ဆင်ထားသည့် လူငယ်က သူမ၏ဖခင်အား စော်ကားနေသည်ကိုတွေ့ရသဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သို့သော်...

သူမသည် မမျှော်လင့်ဘဲ မိမိ၏ဓားကို ထိုလူငယ်က လှယူသွားသည်ကို ခံလိုက်ရသဖြင့် အံ့အားသင့်သွားခြင်းဖြစ်သည်။

ထိုလူငယ်သည် သူမ၏ဓားအား ပြန်ပစ်ပေးလိုက်သည်ကို တွေ့ရသဖြင့် အလွန်ရှက်သွားသည်။

သူမသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွား၏။

ထို့ကြောင့်...

လျှဝမ်းအေ့သည် ဓားကိုကောက်ယူလိုက်ပြီး ထိုလူငယ်အား ထမ်မဲ့၍ တိုက်ခိုက်လေတော့သည်။

ထိုအချိန်၌ပင်...

သွေးကြောပိတ်ခံထားရသော လျှုယန်ချန်းအား သူ၏လူများက သွေးကြောဖွင့်လိုက်ကြသည်။

သူတို့သည် လျှဝမ်းအေ့ ဝင်ရောက်တိုက်ခိုက်သည်ကို အကဲခတ်ကြည့်နေကြသည်။

ထိုလူငယ်သည် ပြန်လည်တိုက်ခိုက်ခြင်းမရှိဘဲ သူမ၏တိုက်ခိုက်မှုအား အေးဆေးစွာ ရှောင်တိမ်းနေ၏။

လျှုယန်ချန်းသည် သူ၏လေးလံသော လုံတံတစ်လက်ကို ဆုပ်ကိုင်၍ ပြေးလွှားသွားသည်။

"သမီး... ဘေးဖယ်ပေးစမ်း... ဒီကောင့်ကို ဖေဖေဆုံးမလိုက်မယ်... "

လျှုဝမ်းအော့သည် သူမ၏ဖခင်ရောက်ရှိလာသည်ကို တွေ့မြင်ရသဖြင့် နောက်သို့ဆုတ်သွားသည်။

လျှုယန်ချန်းသည် သူ၏လုံတံဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့သည်။

ယဲ့စီယံသည် လျှုဝမ်းအော့ တိုက်ခိုက်လာသည်ကို လုံးဝတုံ့ပြန်ခြင်းမရှိပါ။

သူသည် လျှုယန်ချန်းအပေါ် အလွန်ရွံမုန်းနေသည် ဖြစ်သော်လည်း လျှုဝမ်းအော့မှာ မိမိအပေါ် ကျေးဇူးရှိခဲ့ဖူးသောကြောင့် စိတ်ကို ချုပ်တည်းထားခြင်းဖြစ်သည်။

ယခုမှာမူ...

လျှုယန်ချန်းသည် လုံတံဖြင့်အပြင်းအထန် တိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရသောအခါ ကောင်းဖူးတောင်ပေါ်၌ မိမိအား ရောက်ကမ်းပါးထဲသို့ တိုက်ခိုက်ခဲ့သည့်ပုံအား ပြန်လည်မြင်ယောင်လာသည်။

လျှုယန်ချန်းအပေါ် ဝိုင်မုန်းတီးလာသည်။

ထို့ကြောင့်...

သူသည် တိုက်ခိုက်လာသော လျှုယန်ချန်း၏လုံတံအား ဖမ်း

ယူနိုင်ရန် လက်နှစ်ဘက်ကို လှုပ်ရှားလိုက်သည်။

လျှုယန်ချန်းသည် ယဲ့စီယံ၏ ထူးဆန်းအုံသြဖွယ်ကောင်းသော သိုင်းပညာအား တွေ့မြင်လိုက်ရသောအခါ သူလုံတံကို မထုတ်တော့ပေ။

သူ၏ညာဘက်လက်ညှိုးနှင့် လက်ခလယ်သည် လူငယ်၏သွေးကြောနေရာလေးခုသို့ ထောက်လိုက်၏။

ယဲ့စီယံသည် နောက်သို့ချာခနဲ လှည့်လိုက်၏။

သူ၏ ဘယ်ညာခြေများ တစ်ချက်ပြောင်းလဲလိုက်သည်။

ထိုအခါ...

လျှုယန်ချန်း၏ နောက်ကျောရိုးရာသို့ ရောက်ရှိသွားသည်။

လျှုယန်ချန်းသည် ရင်ထိတ်သွား၏။

သူ၏လုံတံသည် ယဲ့စီယံ၏လည်မျိုသို့ ထိုးလိုက်၏။

သူ၏လုံတံပညာသည် အမှန်တကယ်ပင် ထူးချွန်လှသည်။

အတန်ကြာသောအခါ...

သူတို့နှစ်ယောက်သည် သိုင်းကွက်ဆယ်ကွက်စီ အပြန်အလှန် တိုက်ခိုက်ကြသည်။

လျှုယန်ချန်း၏ နှဖူးပေါ်တွင် ချွေးများစိုရွှဲသွားသည်။

ယဲ့စီယံမှာမူ အပြိုးမပျက်တိုက်ခိုက်နေ၏။

လျှုယန်ချန်းသည် ဤကဲ့သို့ တိုက်ခိုက်နေလျှင် မိမိမှာ အသာရမည်မဟုတ်ဟု နားလည်လိုက်သည်။ ကြာလျှင် မိမိရှုံးမည်ကိုသိသည်။

ထို့ကြောင့်...

သူသည် အတွင်းအားဖြင့် အနိုင်ယူရန် စိတ်ကူးမိလိုက်သည်။

ထို့ကြောင့် သူသည် လက်ဝါးချင်း ရိုက်လိုက်၏။ သူတို့အတွင်း

အားချင်း ယှဉ်ပြိုင်ကြတော့သည်။

ပထမတွင် သူတို့နှစ်ယောက်သည် ထူးခြားချက်မရှိပါ။

သူတို့၏ ခန္ဓာကိုယ်သည် မလှုပ်မယှက် ရပ်နေကြသည်။

သူတို့၏ မျက်လုံးများသည် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေသည်။

လျှူယန်ချန်း၏လက်ဝါးနှင့် ယဲ့စီယံ၏လက်ဝါးတို့မှာ ရွှေလျားခြင်းမရှိဘဲ ပူးကပ်နေသည်။

အတန်ကြာသောအခါ လျှူယန်ချန်းသည် တဖြည်းဖြည်း တုန်လာ၏။

ဝိုင်းရံကြည့်နေကြသောသူများသည် လျှူယန်ချန်း၏ အခြေအနေမှာ မဟန်မှန်းသိလာကြသည်။

သို့သော်...

သူတို့မှာ အတွင်းအားယှဉ်ပြိုင်နေကြသဖြင့် မည်သူမျှ ဝင်ရောက်ကူညီနိုင်စွမ်းမရှိဘဲ ဝိုင်းကြည့်ရုံသာ တတ်နိုင်သည်။

လျှူယန်ချန်း၏ မျက်နှာတစ်ခုလုံးမှာ မည်းမှောင်လာသည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးသီးချွေးပေါက်များဖြင့် ရွှဲ၍လာသည်။

လျှူဝမ်းအော့သည် သူမ၏ဖခင်မှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ကို တွေ့ရသောအခါ ပြေးထွက်လာသည်။

ဝမ်ချင်လီသည် သူမအား အတင်းဆွဲထားသည်။

လျှူဝမ်းအော့မှာမူ ရုန်း၍မရသဖြင့် ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးလေတော့သည်။

"ဖေဖေ..."

ထိုအသံကို ကြားလိုက်ရသော ယဲ့စီယံမှာရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားသည်။

လျှူယန်ချန်းသည် အခွင့်အရေးရလိုက်သည်နှင့် နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်သွားသည်။

ထိုစဉ်...

လျှူဝမ်းအော့အား ဖမ်းချုပ်ထားသော ဝမ်ချင်လီမှာ သူမအား လက်လွှတ်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။

သူသည် ယဲ့စီယံအား ပြေးလွှားဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

ယဲ့စီယံသည် မဲ့ပြုံးပြုံးလိုက်၏။

"မဆိုင်ရင် ဝင်မရှုပ်နဲ့..."

သူသည် ထိုသို့ပြောပြီး ပြေးဝင်လာသော ဝမ်ချင်လီ၏ လက်မောင်းအား ဖမ်းဆုပ်လိုက်ပြီး အရှိန်ဖြင့် ပစ်ပေါက်လိုက်သည်။

"ဝုန်း..."

ဝမ်ချင်လီ၏ ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားလေတော့သည်။

လျှူယန်ချန်းသည် ရှုံးနိမ့်သွားသော်လည်း အခံမကျေ ဖြစ်နေ၏။

သူသည် သံလုံးနှစ်လုံးအား ထုတ်ယူလိုက်ပြီး ယဲ့စီယံ ဘသို့ ပစ်လွှတ်လိုက်သည်။

ထိုသံလုံးနှစ်လုံးသည် ယဲ့စီယံ၏ ခေါင်းပေါ်သို့ ရောက်ရှိသွားသောအခါ...

"ဗျိမ်း..."

အချင်းချင်းတိုက်မိ၍သွားသည်။

ထိုသို့ တိုက်မိသွားသောကြောင့် သံလုံးထဲမှ အပ်ကလေးများ စွာတို့သည် ယဲ့စီယ်၏ ဦးခေါင်းပေါ်သို့ လွှင့်စဉ်ကျလာသည်။

ထိုအခါ...

ယဲ့စီယ်သည် လက်ကိုစက်ဝိုင်းပမာ တစ်ချက်ဝှေယမ်းလိုက်သည်နှင့်...

ထိုအပ်ချောင်းကလေးများသည် သံလိုက်ကစုစည်းပြီး သိမ်းဆည်းလိုက်သကဲ့သို့ ယဲ့စီယ်၏ ကျယ်ဝန်းသော အင်္ကျီလက်ထဲသို့ ရောက်ရှိသွားလေတော့သည်။

လျူယန်ချန်း၏ မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သူသည် ထိတ်လန့်တုန်လှုပ်စွာ ပြောလိုက်၏။

"ဟင်... ဒါဟာ 'စွန့်ဌက်အစာရိ' သိုင်းကွက်ပါလား... "

သူသည် ယဲ့စီယ်ကို ကြောက်လန့်နေလေပြီ။

ယဲ့စီယ်သည် မဲ့ပြုံးပြုံးလိုက်၏။

သူသည် ဖမ်းယူရရှိထားသော အပ်ချောင်းကလေးများအား လျူယန်ချန်းထံ ပြန်လည်ပစ်လွှင့်ရန် ဟန်ပြင်လိုက်သည်။

"ဖေဖေ့ကို မလုပ်ပါနဲ့... "

လျူဝမ်းအော့သည် ထိတ်လန့်တကြား အော်ဟစ်ရင်း လျူယန်ချန်း၏ ခန္ဓာကိုယ်ပေါ်သို့ မှောက်ချထားပြီး သူမ၏ဖခင်အား ကာကွယ်လိုက်၏။

ယဲ့စီယ်သည် သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ထိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုအခါ...

ဝမ်ချင်လီသည် ရှေ့သို့ခြေတစ်လှမ်းတိုးလာသည်။

"ခဏနေပါဦး... "

ယဲ့စီယ်သည် သူ့အားလှည့်ကြည့်လိုက်ပြီး...

"ဘာကိစ္စရှိလို့လဲ... "

ဝမ်ချင်လီသည် ရှေ့သို့ ထပ်မံတိုးလိုက်လေသည်။

"မင်းက သိုင်းပညာအားကိုးနဲ့ အခုလိုလူပုံအလယ်မှာ ဝံတိုက်သခင်ကြီးကို စော်ကားပြီး... ဒီအတိုင်းထွက်သွားတော့မှာလား... "

ယဲ့စီယ်သည် ဝမ်ချင်လီအား စိုက်ကြည့်လိုက်သည်။

"အဲဒါ... ခင်ဗျားနဲ့ဆိုင်လို့လား... "

ဝမ်ချင်လီက မဲ့ပြုံးပြုံးလိုက်ပြီး...

"ဆိုင်လို့ဝင်ပြောတာပေါ့... "

ထိုစကားကြောင့် ယဲ့စီယ်သည် ခေါသထွက်လာလေ၏။

သူသည် စကားမပြောတော့ဘဲ သူ၏လက်ဝါးစောင်းဖြင့် ဝမ်ချင်လီ၏ မျက်နှာဆီသို့ ရိုက်ချလိုက်လေ၏။

"ဝုန်း... "

ဝမ်ချင်လီသည် လွှင့်စဉ်ထွက်သွား၏။

သို့သော်...

သူသည် အကော်ပင်ခံနိုင်ရည်ရှိသည်။ လူးလိမ့်ထလာသည်။

သို့သော်...

ယဲ့စီယ်က မတိုက်ခိုက်တော့ပေ။

သူသည် လေထဲ၌ ကျွမ်းနှစ်ပတ်ပစ်လိုက်ပြီးနောက် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

အားလုံးသောလူများသည် အံ့သြစွာငေးမော ကြည့်နေကြ၏။

ထိုလူများအနက် တစ်ခုတစ်ယောက်က ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

"ဟောဗျာ... ဒါက မိုးကြိုးဂိုဏ်းက မိုးကြိုးသိုင်းကိုယ်ဖော်ပညာပါလား... "

ဤသို့ဖြင့်...

သိုင်းလောကတွင် မိုးကြိုးသိုင်းကိုယ်ဖော်ပညာ ဟူသော ပြဿနာသည် ရွှမ်ထွေး၍ လာလေတော့သည်။

အခန်း [၁၁]

ဒုတိယရန်ကြေး

မဟူရာရဲတိုက်တွင် ဖြစ်ပွားခဲ့သော သတင်းများသည် ထိုမြို့ကလေးတစ်ခုလုံးပျံ့နှံ့သွားသည်။

ထို့အပြင်...

သိုင်းလောကတစ်ခုလုံးသို့လည်း ပျံ့နှံ့သွားသည်။

"အသက်ဆယ့်ရှစ်နှစ်ခန့်လောက်ပဲ ရှိသေးတဲ့ လူငယ်တစ်ယောက်က မဟူရာရဲတိုက်ဝိုင်ရှင်ကို ဝင်ပြိုးတိုက်ခိုက်တယ်... ရဲတိုက်ဝိုင်ရှင် လျူယန်ချန်းက အရှုံးပေးလိုက်ရတယ်... "

"ကျားနက်ဂိုဏ်းက ဂိုဏ်းခွဲမှူးဝမ်ချင်လီဟာ သိုင်းကွက်တစ်ကွက်တည်းနဲ့ ဒဏ်ရာရသွားတယ်... "

"မဟူရာရဲတိုက်ကိုဝင်ပြိုး တိုက်ခိုက်တဲ့လူဟာ မိုးကြိုးသိုင်းကိုယ်ဖော်ပညာကို အသုံးပြုတဲ့အတွက် မိုးကြိုးဂိုဏ်းက မိုးကြိုးသိုင်းသမားပဲ ဖြစ်ရမယ်... "

"မိုးကြိုးသိုင်းသမားဟာ ရဲတိုက်ပိုင်ရှင် လျှူယန်ချန်းဆီက နဂါးစိမ်းဂိုဏ်းရဲ့ နဂါးစိမ်းတောင်ဝှေးကို တောင်းသွားတယ်... ဒါကြောင့်... နဂါးစိမ်းဂိုဏ်းနဲ့လည်း ပတ်သက်နေမယ်ထင်တယ်... "

"ကျွားနက်ဂိုဏ်းက ဂိုဏ်းခွဲမှူးကို အကြောင်းမဲ့တိုက်ခိုက်တဲ့အတွက် ကျွားနက်ဂိုဏ်းကလူတွေက မခံမရပ်နိုင်လို့ ကလဲ့စားချေဖို့ မိုးကြိုးဂိုဏ်းဌာနချုပ်ကို လိုက်သွားကြပြီ... "

"နဂါးစိမ်းဂိုဏ်းရဲ့ လက်ရှိဂိုဏ်းချုပ်ကလည်း သူတို့ဂိုဏ်းချုပ်ဟောင်းရဲ့သတင်းနဲ့ နဂါးစိမ်းတောင်ဝှေးအကြောင်း စုံစမ်းဖို့လိုက်လာနေပြီ... "

စသည့်သတင်းများသည် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ စသည့်နေရာများမှာ ထွက်ပေါ်နေ၏။

ယဲစီယံသည် ဤနေရာ၌ ကြာကြာမနေလိုသဖြင့် အခန်းတွားခနှင့် စားသောက်စရိတ်များ ငွေရှင်းပေးပြီး တည်းခိုခန်းမှ ထွက်လာခဲ့လေတော့သည်။

သူသည် လမ်းမကျယ်ကြီးပေါ်သို့ ရောက်နေ၏။

နံနက်ခင်း၏ နေရောင်ခြည်သည် တာဟူးလမ်းမကြီးပေါ်သို့ ထိုးကျနေသည်။

တာဟူးလမ်းမကြီးသည် ဟိုနှစ်နယ်အထိ သွားလာနိုင်သော လမ်းမကျယ်ကြီးတစ်ခုဖြစ်၏။

ယခု...

ယဲစီယံသည် တာဟူးလမ်းမကြီးပေါ်တွင် အနက်ရောင်မြင်းတစ်ကောင်နှင့် ပြေးလွှားခရီးနှင်နေ၏။

သူသည် ရုပ်ဖျက်ထားသောကြောင့် မဟူရာရဲတိုက်မှ ရဲတိုက်

ပိုင်ရှင်လျှူယန်ချန်းနှင့် လျှူဝမ်းအော့တို့သည် သူ့အား မမှတ်မိဘဲ ဖြစ်နေ သည်။

ထို့အပြင်...

သူ့အား မိုးကြိုးဂိုဏ်းမှ မိုးကြိုးသိုင်းသမားဟု အထင်မှားခဲ့ကြသည်။

သူသည် ယင်းသို့တွေးရင်း ပြုံးလိုက်လေ၏။

"အင်း... ငါကိုတော့ မိုးကြိုးဂိုဏ်းကလို့ ထင်သွားကြပြီ... မိုးကြိုးဂိုဏ်းနဲ့ ကျွားနက်ဂိုဏ်းတို့လည်း ပြဿနာတက်လာဦးမယ်... သူတို့အချင်းချင်း တိုက်ခိုက်ကြမှာပဲ... ဒီလိုမျိုးဂိုဏ်းတွေ သေတာတောင်နည်းသေးတယ်... "

ယဲစီယံသည် မြင်းကိုဒုန်းစိုင်းမောင်းနှင်ပြီး ခရီးဆက်သည်။

မကြာမီမှာပင်...

သူသည် မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိလာသည်။

ထိုမြို့ငယ်လေးသည် တောင်ခြေမြို့ကလေး ဖြစ်၏။

ထိုအခါမှ...

သူသည် တစုံတခုအား သတိရလာသည်။

"ဟောဗျာ... နဂါးစိမ်းကလူတွေ မဟူရာရဲတိုက်ကို သွားကြမယ်လို့ ငါကြားခဲ့တယ်... သူတို့က အပေးအယူမတည့်တဲ့ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်လာမယ်ဆိုရင်... မဟူရာရဲတိုက်မှာ အင်အားကောင်းတဲ့အတွက် နဂါးစိမ်းဂိုဏ်းက အထိနာသွားလိမ့်မယ်ထင်တယ်... "

သူသည် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး... ငါသွားပြီး အကြောင်းကြားမှ ဖြစ်မယ်... "

သူသည် ထိုသို့ဆုံးဖြတ်လိုက်သည်နှင့် မြင်းပေါ်မှ ဆင်းလိုက်သည်။ ထို့နောက်...

မြင်းစက်ကြိုးကိုကိုင်၍ လမ်းကြားတစ်ခုထဲသို့ လျှောက်သွားလိုက်၏။

နဂါးစိမ်းဂိုဏ်းသားများသည် ဤမြို့ထဲ၌ရှိနေသည်ဟု ကြားသိထား၏။

သို့သော်...

နဂါးစိမ်းဂိုဏ်းနှင့် မည်ကဲ့သို့ဆက်သွယ်ရမည်ကို မသိဘဲဖြစ်နေသည်။

ယဲ့စီယံသည် မြင်းကိုဆွဲ၍ လျှောက်သွား၏။

သူ၏ မျက်လုံးအစုံသည် ပတ်ဝန်းကျင်ကို အကဲခတ်ရင်း လျှောက်လာသည်။

မကြာမီမှာပင်...

လမ်းချိုးတစ်ခုထဲမှ အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ထွက်လာသည်။

သူ၏အင်္ကျီရင်ဘတ်ပေါ်တွင် အစိမ်းရောင်နဂါးရုပ်တစ်ခုပုံကို ချည်ဖြင့်ယက်ထားသည်ကို တွေ့မြင်ရလေသည်။

ယဲ့စီယံသည် ထိုအဘိုးအိုထံသို့ ကပျာကယာ လျှောက်သွားလိုက်၏။

ထို့နောက်...

သူသည် နဂါးစိမ်းဂိုဏ်း၏အမှတ်အသားတံဆိပ်ပြားအား ထိုအဘိုးအိုအား မြင်သာအောင် ပြသလိုက်လေသည်။

ထိုအခါ...

အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် နဂါးစိမ်းအမှတ်တံဆိပ်ပြားအား တွေ့မြင်လိုက်သည်နှင့် ကမန်းကတန်း မြေပေါ်သို့ ဒူးထောက်၍ ဂါရဝပြုလိုက်လေသည်။

"နဂါးစိမ်းဂိုဏ်းသား ဝူချုံရိုက ဂါရဝပြုပါတယ်..."

ယဲ့စီယံက လက်ကာပြလိုက်သည်။

"ထားပါဗျာ... ဒီမြို့ထဲက တာဝန်ကျတဲ့ ခေါင်းဆောင်တစ်ယောက်ခေါ်ပေးပါ..."

ထိုအဘိုးအိုသည် ခေါင်းညိတ်လိုက်ပြီး ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ခဏကြာသောအခါ...

အဘိုးအို ပြန်လည်ရောက်ရှိလာသည်။

သူ၏နောက်တွင် အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်လိုက်ပါလာ၏။

ထိုလူသည် ယဲ့စီယံအား တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားသည်။

သို့သော်...

သူသည် ရိုသေစွာဖြင့် ဒူးထောက်ဂါရဝပြုလိုက်သည်။

"ဂိုဏ်းသားကြီးချန်းချိန်က လူကြီးမင်းကို ဂါရဝပြုပါတယ်..."

ယဲ့စီယံသည် သူ့အားဆွဲထူလိုက်၏။

"ဒီလိုမလုပ်ပါနဲ့ ဦးလေးရယ်..."

ချန်းချိန်ဆိုသောသူသည် ကပျာကယာ လက်ကာပြလိုက်၏။

"ကျွန်တော့်ကို ဦးလေးလို့မခေါ်ပါနဲ့ လူကြီးမင်း... နာမည်ခေါ်ပါခင်ဗျာ..."

ယဲ့စီယံက လက်ကာပြလိုက်သည်။

"ဒါက အရေးမကြီးပါဘူး... ဦးလေးကို မေးစရာလေးတွေရှိနေလို့... "

ချန်းချိန်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မေးပါ... "

ယဲ့စီယံသည် ချန်းချိန်အား စေ့စေ့ကြည့်လိုက်ပြီး...

"ဦးလေးက ဒီမြို့လေးရဲ့ ဌာနခွဲမှူးဟုတ်လား... "

ချန်းချိန်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်ခင်ဗျာ... "

ယဲ့စီယံသည် အနည်းငယ်စဉ်းစားလိုက်ပြီး...

"ဦးလေးလက်အောက်မှာ အင်အားဘယ်လောက်ရှိလဲ... "

"ကျွန်တော်တို့ဂိုဏ်းသားတွေ နှစ်ရာကျော်ရှိပါတယ်... "

"ဒါဆို... ကျွန်တော်ပေးတဲ့တာဝန်ကို ထမ်းဆောင်နိုင်မလား"

ချန်းချိန်သည် ဦးညွှတ်အရှိအသေပြုလိုက်ပြီး...

"ဟုတ်ကဲ့... လူကြီးမင်းခိုင်းသမျှကို တစ်သဝေမတိမ်းတာဝန်ထမ်းဆောင်နိုင်ပါတယ်... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ဦးလေးကယုံကြည်အားကိုးရတဲ့လူတစ်ယောက်ကို ဌာနချုပ်ကို အမြန်လွှတ်ပြီး ဂိုဏ်းချုပ်ကြီးကို သွားတွေ့ပါ... "

ချန်းချိန်သည် ရိုသေစွာနှုတ်ထောင်နေ၏။

ယဲ့စီယံက စကားဆက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးကို မဟူရာရဲတိုက်ကို မသွားပါနဲ့လို့ အကြောင်းကြားပေးပါ... "

ချန်းချိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ လူကြီးမင်း... "

ယဲ့စီယံသည် ချန်းချိန်အား စေ့စေ့ကြည့်လိုက်ပြီး...

"နောက်ပြီး... ဂိုဏ်းချုပ်ကိုပါပြောလိုက်ပါ... နဂါးစိမ်းဂိုဏ်းချုပ်ဟောင်းရဲ့အကြောင်းနဲ့ နဂါးစိမ်းတောင်ဂေးအကြောင်းကို ကျွပ်အားလုံးသိထားတယ်... သူ့ကို ဒီရက်မှာ ကျွန်လင်ကွမ်းမြို့ပြင်ဘုံကျောင်းမှာ ကျွပ်နဲ့လာတွေ့ပါလို့ ပြောလိုက်ပါ... "

ချန်းချိန်က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် ချက်ချင်းပဲ ဆောင်ရွက်ပါ့မယ်... ဒါပေမယ့်... ကျွန်တော့်ကိုတော့ အခွင့်အရေးတစ်ခုပေးပါ... "

ယဲ့စီယံက ခေါင်းညိတ်လိုက်သည်။

"ပြောပါ... "

ချန်းချိန်သည် ယဲ့စီယံအား မဝံ့မရဲ လှမ်းကြည့်လိုက်ပြီး...

"လူကြီးမင်းရဲ့ အမှတ်တံဆိပ်ပြားကို ပေးလိုက်ပါ... ဒါမှ... ဂိုဏ်းချုပ်ကြီးကို တင်ပြတဲ့အခါမှာ ဂိုဏ်းချုပ်ကြီးက ယုံကြည်မှာဖြစ်ပါလိမ့်မယ်... "

ယဲ့စီယံက ပြုံးလိုက်ပြီး...

"ကောင်းပြီလေ... ယူသွားပါ... ကျွပ်က ခင်ဗျားတို့ဂိုဏ်းချုပ်နဲ့တွေ့မှ ပြန်တောင်းထားပါ့မယ်... "

သူသည် အဘိုးအိုပေးခဲ့ဖူးသော အမှတ်တံဆိပ်ပြားအား ချန်းချိန်လက်သို့ ပေးလိုက်၏။

"ဒီတံဆိပ်ပြားကို သေသေချာချာသိမ်းထားပါ... ကဲ... ကျွပ်သွားတော့မယ်... "

ယဲ့စီယံသည် ထိုသို့ပြောပြီး မြင်းပေါ်သို့ခုန်တက်၍ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ည...

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ရွှေဝေါဂိဏ်းဌာနချုပ်သည် ညဓ်အမှောင်ထုအောက်တွင် ငြိမ်သက်တိတ်ဆိတ်နေသည်။

ရုတ်တရက်...

လူတစ်ယောက်သည် ပေါ့ပါးဖျတ်လတ်သော ကြောင်တစ်ကောင်နယ် ရွှေဝေါဂိဏ်းအနီးသို့ ရောက်ရှိလာသည်။

ထိုလူရိပ်သည် ရွှေဝေါဂိဏ်း၏ တံခါးဝအနီးသို့ လျှောက်သွားသည်။

သူ၏မျက်နှာပေါ်တွင် အနက်ရောင်မျက်နှာဖုံးစွပ်ကို စွပ်ထားသည်။

ထိုလူသည် ဝန်းကျင်အား ငဝဲ့ဝဲ့ အကဲခတ်ကြည့်လိုက်ပြီး ရွှေဝေါဂိဏ်း၏ တံခါးမကြီးအား သူ၏အတွင်းအား လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

"ဝုန်း... "

ရွှေဝေါဂိဏ်း၏သစ်သားတံခါးမကြီးကျိုးပဲ့ပျက်စီးသွားသည်။

သူသည် အတွင်းသို့ဝင်လိုက်၏။

အုတ်နံရံ၏အတွင်းဝယ် အဆောက်အအုံများ အစီအရီရှိနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် အဆောက်အအုံများအား အကဲခတ် ကြည့်လိုက်၏။

ထို့နောက်...

သူ၏မျက်လုံးအစုံသည် အချက်ပေးခေါင်းလောင်းထားရာ မျှော်စင်ဆီသို့ ရောက်ရှိသွားလေသည်။

သူသည် အချက်ပေးခေါင်းလောင်း မျှော်စင်ရှိရာသို့ ပြေးလွှားသွားသည်။

ထို့နောက်...

ထိုလူသည် အချက်ပေးမျှော်စင်ပေါ်သို့ ခုန်တက်သွားသည်။

မျှော်စင်ပေါ်၌ ခေါင်းလောင်းငယ်များစွာကို ကြိုးတန်းဖြင့် သွယ်၍ ချည်နှောင်ထားသည်။

ထိုခေါင်းလောင်းများ၏ အောက်ဘက်တွင် ကြိုးရှည်တစ်ချောင်းကို ချထားလေသည်။

ထိုညဉ့်လူသည် ထိုကြိုးရှည်အား လေးငါးချက်ခန့် ဆောင့်ဆွဲလိုက်၏။

"ချွင်... ချွင်... ချွင်... "

"ချွင်... ချွင်... ချွင်... "

အချက်ပေး ခေါင်းလောင်းသံများသည် တိတ်ဆိတ်သော ညဉ့်ယံတွင် ဆူညံစွာထွက်ပေါ်လာတော့သည်။

ထိုအချိန်တွင်...

ရွှေဝေါဂိဏ်းတစ်ခုလုံး မီးရောင်များထိန်ထိန်လင်း သွားသည်။

မီးရောင်အောက်တွင် ရွှေဝေါဂိဏ်းသားများသည် အော်ဟစ်ရင်း မျှော်စင်ရှိရာသို့ ပြေးလာကြလေ၏။

ထိုလူသည် ဂိုဏ်းသားများအား စူးစိုက်ကြည့်နေ၏။

ထို့နောက်...

သူသည် မျှော်စင်အောက်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်လေတော့သည်။

မျှော်စင်အောက်ရှိ မြေကွက်လပ်ပေါ်၌...

ရွှေဝေါဂိုဏ်းသားများသည် ဒေါသကြီးစွာဖြင့် ရပ်နေကြ၏။

သူတို့သည် မျှော်စင်ပေါ်မှဆင်းလာသောသူကို စိုက်ကြည့်နေကြသည်။

ထိုစဉ်...

ဆံပင်မုတ်ဆိတ်များ ဖြူနေသည့် အဘိုးအိုတစ်ဦးက မေးခွန်းထုတ်သည်။

"မိတ်ဆွေက... အချိန်မတော် ရွှေဝေါဂိုဏ်းထဲကို ရောက်လာပြီး အနှောင့်အယှက်ပေးတာက ဘာသဘောလဲ..."

ထိုလူက ခေါင်းခါရမ်းလိုက်ပြီး...

"တခြားရည်ရွယ်ချက်မရှိပါဘူး... ရွှေဝေါဂိုဏ်းချုပ်ကို တွေ့ချင်လို့ပါ..."

အဘိုးအိုကပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးက ဒီရက်ပိုင်းအတွင်းမှာ ဘယ်သူ့သည်ကိုမှ မတွေ့ပါဘူး... ဒါနဲ့... မိတ်ဆွေက ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ..."

ထိုစဉ်...

ဂိုဏ်းသားတစ်ယောက်သည် အဘိုးအိုထံသို့ ပြေးလွှားလာသည်။

အဘိုးအိုသည် ထိုဂိုဏ်းသားအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး...

"ဘာကိစ္စရှိလို့လဲ ကျောက်မှ..."

ကျောက်မှဆိုသော ဂိုဏ်းသားက အဘိုးအိုအား ဦးညွတ်အရိုအသေပြုလိုက်ပြီး...

"လက်ထောက်ဂိုဏ်းချုပ်ကြီးခင်ဗျား... ဌာနချုပ်ရဲ့ တံခါးမကြီး ကျိုးပဲ့ပျက်စီးနေပါတယ်..."

ထိုစကားကြောင့် အဘိုးအိုမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

သူသည် ညဉ့်လူဘက်သို့လှည့်ကာ မသက်သောမျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်ပြီး...

"ဒါ... မိတ်ဆွေရဲ့ လက်ချက်လား..."

ထိုလူကလည်း အေးစက်သောလေသံဖြင့်...

"ဟုတ်တယ်..."

အဘိုးအိုသည် ညဉ့်လူအား အကဲခတ်သလို ကြည့်လိုက်ပြီး...

"မိတ်ဆွေက ဘာကိစ္စနဲ့... ကျုပ်တို့ ရွှေဝေါဂိုဏ်းကိုလာရတယ်ဆိုတာပြောပြပါ..."

ထိုလူက ခေါင်းမော့ရယ်မောလိုက်ပြီး...

"ကျုပ်ကို... ပုလဲနက်သိုင်းသမားလို့ မှတ်ထားရင်လုံလောက်ပါပြီ... အခုလာတဲ့ကိစ္စကတော့... ခင်ဗျားတို့ ဂိုဏ်းကလူတစ်ယောက်ကို တွေ့ချင်လို့ပါ..."

အဘိုးအိုမှာ မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူများပါလိမ့်..."

ညဉ့်လူက အေးစက်ခက်ထန်သော လေသံဖြင့်...

"သူ့ရဲ့နာမည်က သိုင်းဆရာ 'စီး' ပါ... "

အဘိုးအိုမှာ အံ့သြဟန်ဖြင့်...

"သိုင်းဆရာ'စီး'နဲ့... မိတ်ဆွေက ဘယ်လိုပတ်သက်နေလို့လဲ..."

ညဉ့်လူက ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက... ကျူပ်ဟာရွှေမောင်းဂိုဏ်းဌာနချုပ်ကို ရောက်လာခဲ့တယ်... ရည်ရွယ်ချက်က သိုင်းပညာသင်ချင်လို့ပါ... အဲဒါကို သိုင်းဆရာ'စီး'က ကျူပ်ကို... မောင်းထုတ်ပစ်ခဲ့တယ်..."

ထိုအခါ...

အဘိုးအိုသည် အနီးရှိဂိုဏ်းသားတစ်ယောက်အား လှမ်း၍မှာကြားလိုက်သည်။

"ဟော့...တစ်ယောက်သွားပြီး သိုင်းဆရာ'စီး'ကို သွားခေါ်စမ်း"

ထိုဂိုဏ်းသားသည် ဦးညွှတ်အရိုအသေပြုကာ ချာခနဲလှည့်ထွက်သွားလေတော့သည်။

တစ်ခဏအကြာတွင်...

ထိုဂိုဏ်းသား ပြန်လည်ရောက်ရှိလာသည်။

သူနောက်တွင် သိုင်းဆရာ'စီး' ပါလာသည်။

သိုင်းဆရာ'စီး'သည် အဘိုးအိုအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး...

"ကျွန်တော့်ကို ခေါ်ခိုင်းတာ... ဘာကိစ္စများရှိလို့ပါလဲဝင်ဗျာ"

အဘိုးအိုသည် ညဉ့်လူအား ညွှန်ပြလိုက်ပြီး...

"ဒီက မိတ်ဆွေက... မင်းကိုတွေ့ချင်လို့တဲ့... "

ထိုအခါ...

သိုင်းဆရာ'စီး'သည် ညဉ့်လူအား အကဲခတ်သလို ကြည့်လိုက်ပြီး...

"မိတ်ဆွေက... ဘာကိစ္စနဲ့ ကျူပ်ကိုတွေ့ချင်တာလဲ... "

ထိုလူသည် သိုင်းဆရာ'စီး'ထံ လျှပ်တစ်ပြက်ခုန်ဝင်သွားပြီး လည်ကုပ်ကိုဖမ်းဆွဲလေ၏။

သိုင်းဆရာ'စီး' ဒေါသထွက်သွားသည်။

"မိတ်ဆွေက ရိုင်းလှချည်လား... ကျူပ်က သည်းခံမှာ မဟုတ်ဘူး... "

ထိုစဉ်...

အဘိုးအိုသည် ထိုလူအား နားမလည်သလို ကြည့်ကာ...

"မိတ်ဆွေက ဘယ်သူလဲ... ကျူပ်တို့ ရွှေမောင်းဂိုဏ်းကိုလာပြီး စော်ကားတာ... ဘာရန်ငြိုးရှိလို့လဲ... "

ထိုလူက ရယ်မောလိုက်ပြီး...

"ကျူပ်က ပုလဲနက်သိုင်းသမားပါ... "

အဘိုးအိုသည် မျက်မှောင်ကြုတ်သွား၏။

"ဒါနဲ့... လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်တုန်းက သိုင်းလောကမှာ ပေါ်ခဲ့ဖူးတဲ့ ပုလဲနက်မောင်ဘုရင်နဲ့ ဘယ်လို ပတ်သက်နေသလဲ..."

ထိုလူမှာ ယဲ့စီယံပင် ဖြစ်ပါသည်။

ယဲ့စီယံမှာ အဘိုးအို၏စကားကြောင့် အဖြေရကျွမ်းသွားသည်။

သို့သော်...

သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်တော့ဘဲ...

"ပုလဲနက်ဓားဘုရင်က ကျွပ်ရဲ့ဆရာပဲ... "

တကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့သော ပုလဲနက်ဓားဘုရင်အား သူ၏ဆရာဖြစ်ကြောင်း လိမ်လည်ပြောဆိုလိုက်သည်။

ထိုအခါ...

အဘိုးအို၏မျက်နှာသည် ကွက်ခနဲပျက်သွားလေ၏။

"ဒီက်ဆွေ... ကျွပ်တို့ ရွှေဓားဂိုဏ်းကိုလာရတဲ့ကိစ္စကိုပြောပါ"

ယဲ့စီယံက အေးစက်ခက်ထန်သောလေသံဖြင့်...

"တစ်ချိန်တုန်းက... ကျွပ်ဟာ သိုင်းပညာသင်ကြားချင်လို့ ရွှေဓားဂိုဏ်းကို လာခဲ့ပါတယ်... အဲဒီတုန်းက သိုင်းဆရာ'စီး'က ကျွပ်ကို မောင်းလွှတ်လိုက်ပါတယ်... ဒါကြောင့်... "

သူသည် စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်၏။

ထိုအခါ...

အဘိုးအိုသည် သိုင်းဆရာ'စီး'ဘက်သို့ လှည့်မေးလိုက်လေသည်။

"ဒီက မိတ်ဆွေပြောတာဟုတ်လား... "

သိုင်းဆရာ'စီး'က ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ခင်ဗျာ... "

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျွပ်က... ကြားကနေပဲ တောင်းပန်ပါတယ် မိတ်ဆွေ..."

ယဲ့စီယံက အေးစက်ခက်ထန်သော လေသံဖြင့်...

"ကျွပ်ကို... ဒီလိုတောင်းပန်လို့ ကျေနပ်မယ်ထင်သလား..."

အဘိုးအိုမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်... မိတ်ဆွေရဲ့သဘောက... "

ယဲ့စီယံက ပခုံးတစ်ချက်တွန့်လိုက်ပြီး ပြတ်သားစွာပြောလေ၏။

"သူ့ကို ထိုက်တန်တဲ့ အပြစ်ဒဏ်ပေးဖို့... ကျွပ်ခေါ်သွားမယ်"

ထိုစကားကြောင့် အဘိုးအို့မှာ စဉ်းစားရကျပ်သွားသည်။

ထိုစဉ်...

သိုင်းဆရာ'စီး'က...

"မင်းက ရွှေဓားဂိုဏ်းကို စော်ကားဝံ့တာ သတ္တိမနည်းဘူး... သိုင်းပညာလည်း သိပ်ကိုအဆင့်မြင့်တယ် ထင်ပါတယ်... "

ယဲ့စီယံက ဦးခေါင်းကိုမော့၍ ရယ်မောလိုက်ပြီး...

"ကျွပ်ရဲ့ သိုင်းပညာဘယ်လောက်အဆင့်ရှိတယ်ဆိုတာ ... ကျွပ်လည်းမသိဘူး... ဒါပေမယ့် ရွှေဓားဂိုဏ်းကိုတော့... ဟဲ... ဟဲ... ဟဲ... "

သိုင်းဆရာ'စီး'သည် ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

သူသည် ယဲ့စီယံက မိမိတို့ရွှေဓားဂိုဏ်းအား အထင်သေးစွာပြောဆိုနေသည်ကို ကြားလိုက်ရသဖြင့် ဒေါသကို မထိန်းနိုင်တော့ပေ။

သူသည် ယဲ့စီယံလက်မှ ဆောင့်ရုန်းလိုက်၏။

"မင်း တော်တော်စော်ကားတဲ့ လူပါလား.... မင်းကို ဆုံးမရမယ်..."

သူသည်ပြောပြောဆိုဆို ယဲ့စီယံအား ဝင်ရောက်ကိုက်ခဲကိုက်တော့သည်။

ထိုအခါ...

အဘိုးအိုက ဟန့်တားလိုက်လေ၏။

"မလုပ်နဲ့..."

သိုင်းဆရာ 'စီး' သည် အတိုးအိုး၏ဟန့်တားသံကို ဂရုမစိုက်ဘဲ တိုက်ခိုက်မြဲ တိုက်ခိုက်သည်။

သိုင်းဆရာ 'စီး' သည် သိုင်းပညာထက်မြက်သူ ဖြစ်၏။

သူ၏ သံမဏိတောင်ဝှေး သိုင်းပညာသည် တော်တန်ရုံ သိုင်းသမားများက သူ့အားနိုင်ရန်ခက်သည်။

သို့သော်...

သိုင်းဆရာ 'စီး' သည် ယခုရင်ဆိုင်နေရသော ပုဂ္ဂိုလ်မှာ သိုင်းလောကတွင် အကျော်ကြားဆုံးသော သိုင်းပညာနှစ်မျိုးဖြစ်သော ပုလဲနက်သိုင်းပညာနှင့် မီးလွှဲလက်ဝါးသိုင်းပညာများကို တတ်မြောက်ထားသော သိုင်းပညာရှင်တစ်ယောက် ဖြစ်နေသည်။

ထို့အပြင်...

အတွင်းအားမှာလည်း သူမတူအောင် ရရှိထားသော လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်...

သိုင်းဆရာ 'စီး' သည် သူ၏သံမဏိတောင်ဝှေး သိုင်းကွက်သုံးဆယ့်ခြောက်ကွက်ဖြင့် တိုက်ခိုက်လိုက်သောအခါ ယဲ့စီယဲ့မှာ အေးအေးဆေးဆေးဖြင့် သူ၏သိုင်းကွက်များအား ဖယ်ရှားနိုင်ခဲ့သည်။

သူ၏ သိုင်းကွက်သုံးဆယ့်ခြောက်ကွက် ကုန်ဆုံးသွားသည်နှင့် ယဲ့စီယဲ့က ပုလဲနက်သိုင်းကွက်အား အသုံးပြုလိုက်လေသည်။

သူ၏ဘယ်ဘက်လက်သည် လေထဲ၌ စက်ဝိုင်းပမာ တစ်ချက် ဝှေ့ယမ်းလိုက်၏။

သူ၏ညာဘက်လက်သည် ဘယ်ဘက်လက်ဝှေ့ယမ်းလိုက်

သော စက်ဝိုင်းအတွင်းမှ တိုးထွက်လာပြီး သိုင်းဆရာ 'စီး' ၏ ရင်ဝသို့ ထိုးထည့်လိုက်လေသည်။

"ဝုန်း..."

သိုင်းဆရာ 'စီး' ၏ ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး မြေပေါ်သို့ ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

ရွှေဓားဂိုဏ်းသား အားလုံးတို့သည် ထိတ်လန့်တုန်လှုပ်စွာ ငေးကြည့်မိကြလေ၏။

သူတို့သည် မည်ကဲ့သို့လုပ်ရမှန်းမသိတော့ဘဲ မှင်တက်နေကြသည်။

သိုင်းဆရာ 'စီး' သည် ရင်ထဲ၌ ခံပြင်းခြင်း... ဝမ်းနည်းကြေကွဲခြင်းစသည့် ခံစားမှုများအား တစ်ပြိုင်နက် ခံစားမိသည်။

သူတို့အားလုံး ကြက်သေသေနေစဉ်မှာပင် ယဲ့စီယဲ့သည် သိုင်းဆရာ 'စီး' ၏ သွေးကြောအားပိတ်ထားကာ အချက်ပေးမွှော်စင်ပေါ်သို့ ဆွဲခေါ်သွားသည်။

ထိုအခါမှ...

အတိုးအိုနှင့်တကွ ရွှေဓားဂိုဏ်းသားအားလုံးတို့သည် သတိပြန်ဝင်လာကာ ယဲ့စီယဲ့နောက်သို့ ပြေးလိုက်ကြလေ၏။

ယဲ့စီယဲ့မှာမူ သိုင်းဆရာ 'စီး' အား မွှော်စင်ထိပ်သို့ ခေါ်ဆောင်သွားသည်။

"တရှိန်တုန်းက... ကျွပ်ကို မောင်းထုတ်ခဲ့တာ သတိရသေးရဲ့လား..."

သိုင်းဆရာ 'စီး' သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျွပ်မှတ်မိပါတယ်... ဒါကြောင့်... ကျွပ်လုပ်ခဲ့တဲ့ အပြစ်ကို

ကျုပ်ကပဲ ခံယူပါ့မယ်... တခြားဂိုဏ်းသားတွေနဲ့ ဘာမှမဆိုင်ပါဘူး..."

"ဟား... ဟား... ဟား..."

ယဲ့စိယံသည် အားပါးတရ ရယ်မောလိုက်၏။

"ခင်ဗျားက ကိုယ့်အပြစ်ကိုယ်သိသားပဲ..."

သူသည် ယင်းသို့ပြောပြီး လက်ကိုမြှောက်လိုက်ပြီး သိုင်းဆရာ 'စီး'အား ရိုက်ချလိုက်သည်။

"ဝုန်း..."

သိုင်းဆံရာစီးမှာ တစ်ချက်တည်းနှင့်အသက်ထွက်သွားသည်။

ယဲ့စိယံသည် သူ့ရန်ကြွေးအား ရှင်းလင်းပြီးနောက် မျှော်စင်ပေါ်မှ ဖြည်းညင်းစွာ ဆင်းလာသည်။

အဘိုးအိုသည် ဒေါသတကြီးဖြင့် အော်လိုက်၏။

"မင်းကို ကျုပ်တို့ဘယ်လိုမှ ခွင့်မလွတ်ဘူး..."

ယဲ့စိယံက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့က ဘာလုပ်ချင်လို့လဲ..."

အဘိုးအိုသည် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... မင်းလွတ်အောင်သာ ကြိုးစားပေတော့..."

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ထိုအခါ...

ရွှေဓားဂိုဏ်းသားများသည် တိုက်ခိုက်ရန် သူ့အားဝိုင်းရံထားလိုက်ကြသည်။

ယဲ့စိယံသည် ရွှေဓားဂိုဏ်းသားများကို မျက်တောင်မခတ်စိုက်ကြည့်နေ၏။

ရွှေဓားဂိုဏ်းသားများသည် သူကိုဝိုင်းပတ်၍ လျှောက်နေကြ၏။

ရွှေဓားဂိုဏ်းသားများ၏ ခြေလှမ်းများသည် တဖြည်းဖြည်းလျင်မြန်လာသည်။

သူတို့သည် စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် ယဲ့စိယံအားပတ်၍ ပြေးလွှားလာသည်။

သူတို့၏ စက်ဝိုင်းပုံသဏ္ဌာန် ရစ်ပတ်နေသောပုံစံမှာ တစ်ကြိမ်တစ်ကြိမ်တွင် အလွန်ကျယ်ဝန်းပြီး တစ်ကြိမ်တစ်ကြိမ်တွင် စုဝေးသွားသည်။

ယဲ့စိယံသည် သူတို့အား မျက်တောင်မခတ်စိုက်ကြည့်နေရာ ပထမတွင် ဂိုဏ်းသားများ လျှောက်လာနေကြသည်ကို တွေ့မြင်ရသော်လည်း တဖြည်းဖြည်း လျင်မြန်လာသောအခါ လူလုံးမကွဲတော့ဘဲ အခိုးအငွေ့တန်းများက သူ့အား ဝိုင်းရံထားသည်ကို တွေ့မြင်လိုက်ရသည်။

ရွှေဓားဂိုဏ်းသားများသည် လွန်စွာပြေးနိုင်သူများ ဖြစ်ပေတကား။

ယဲ့စိယ် ရင်ထိတ်သွား၏။

သူသည် ပုလဲနက်သိုင်းကျမ်းထဲမှ သိုင်းကွက်တစ်ကွက်အား အသုံးပြုလိုက်ရာ သူ့အားလှည့်ပတ်ဝိုင်းရံနေသော ရွှေဓားဂိုဏ်းသားများ၏ ခြေလှမ်းများမှာ အနည်းငယ် တုံ့နေးသွားသည်။

သို့သော်...

တစ်ခဏအကြာတွင် ရွှေဓားဂိုဏ်းသားတို့၏ လူပ်ရှားမှုမှာ ပြန်လည်လျင်မြန်လာပြန်၏။

ယဲ့စီယံသည် အသက်ရှူကျပ်သော ခံစားမှုများကို ခံစားလိုက်ရသည်။

သူသည် ဆက်လက်တိုက်ခိုက် ထိုးဖောက်လိုက်၏။

သို့သော်...

သူကြိုးစားသလောက် အရာမရောက်ပေ။

ထို့အပြင်...

ရွှေဓားဂိုဏ်းသားများ ဝိုင်းရံထားခြင်းမှာ တဖြည်းဖြည်း အလယ်သို့ စုရုံးရောက်ရှိလာကြသည်။

ယဲ့စီယံမှာ ရင်ထိတ်သွားသည်။

သူတို့အား အကြိမ်ကြိမ်ကြိုးစား ထိုးဖော်သော်လည်း ဝန်းရံမြဲ ဝန်းရံနေ၏။

ယခု...

သူသည် ရွှေဓားဂိုဏ်းအား အထင်သေးမိခြင်းမှာ များစွာမှားလေစွဟု နှောင်တရမိသည်။

သို့သော်...

သူသည် အလွန်စိတ်ဓာတ်ခိုင်မာသော လူငယ်တစ်ယောက်ဖြစ်သည်။

ရွှေဓားဂိုဏ်း၏ရွှေဓားသိုင်းအား ထိုးဖောက်ရန်ကြိုးစားသည်။

သူသည် ညာဘက်လက်မှ မီးလျှံလက်ဝါးဖြင့် တိုက်ခိုက်ပြီး ဘယ်ဘက်လက်မှ ပုလဲနက်သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

သူသည် ဆန့်ကျင်ဘက်သိုင်းပညာ နှစ်မျိုးအားပေါင်းစပ်၍ တိုက်ခိုက်သောအခါ ရွှေဓားဂိုဏ်းသားများမှာ ခံနိုင်စွမ်းမရှိပါ။

အဘိုးအိုသည် သူ၏ဂိုဏ်းသားများ တစ်ယောက်ပြီး တစ်

ယောက် ထိခိုက်သွားသည်ကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

"ဟော့... အားလုံးနောက်ဆုတ်လိုက်ကြ..."

ထိုအခါ...

မလဲပြိုဘဲကျန်ရှိနေသော ရွှေဓားဂိုဏ်းသားများသည် ယဲ့စီယံအား ဝိုင်းရံထားရာမှ နောက်ဆုတ်သွားကြလေ၏။

ထိုစဉ်...

ယဲ့စီယံသည် ပေါ့ပါးဖျတ်လတ်သော ကိုယ်ဟော့ပညာဖြင့် ရွှေဓားဂိုဏ်းဌာနချုပ်အတွင်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

အခန်း [၁၂]

ထန်ဂေဟာအတွင်း မွေနှောက်ခြင်း

ယဲ့စီယံအိပ်ရာမှ နိုးလာသောအခါ မိုးလင်းနေလေပြီ။

သူသည် ညက ရွှေဝေါဂိဏ်းသို့ သွားရောက်မွေနှောက်ခဲ့မိသည်ကိုတွေးရင်း ပြုံးလိုက်မိလေ၏။

ဤသို့ဖြင့်...

သူသည် ရေမိုးချိုးပြီး အဝတ်အစားလဲလိုက်၏။

ထို့နောက်...

သူသည် တည်းခိုခန်းဧပေးပြီး မြင်းနှက်ကြီးပေါ်သို့ တက်ကာ ခရီးဆက်ခဲ့သည်။

သူ၏သိုင်းကျမ်းများနှင့် ကြွေဆေးဘူးအား သားရေအိတ်တစ်ခုဖြင့်ထည့်ကာ အိတ်အတွင်း သိမ်းဆည်းလိုက်၏။

ပြီးလျှင်...

သူသည် မြင်းကိုဒုန်းစိုင်းကာ ထိုမြို့ကလေးမှ ထွက်ခွာသွားလေတော့သည်။

ဤသို့ ခရီးနှင်ခဲ့ခြင်းကြောင့် သူသည် ယိစစ်မြို့သို့ရောက်လာခဲ့သည်။

သူသည် 'ထန်'ဂေဟာသို့သွားရန် စိတ်စောနေသဖြင့် မြင်းကို ဒုန်းစိုင်း၍ နှင်လာခဲ့သည်။

ယိစစ်မြို့ထဲသို့ ဝင်ရောက်လာသောအခါ တည်းခိုခန်းများတွင် ခရီးသည်များဖြင့် ပြည့်နေသည်ကို တွေ့ရသည်။

ထို့ကြောင့်...

သူ အခက်ကြုံသွားသည်။

ယဲ့စီယံသည် စေ့စေ့စပ်စပ် ရှာဖွေသောအခါမှ မြို့စွန်ဝိုင်းတွင် ရှိသော တည်းခိုခန်းတစ်ခုမှ အခန်းတစ်ခန်းကို ကံကောင်းထောက်မစွာ ရရှိခဲ့သည်။

သူသည် အခန်းထဲ၌ ပစ္စည်းများအားသိမ်းဆည်းပြီးနောက် အခန်းတံခါးကို သော့ခတ်၍ ညစာစားရန် စားသောက်ခန်းထဲသို့ ဝင်လာသည်။

သူသည် စားပွဲလွတ်တစ်ခုတွင် ထိုင်ချလိုက်ပြီး အရက်နှင့် ဟင်းလျာများအား မှာကြားပြီး တစ်ယောက်တည်း အေးဆေးစွာ စားသောက်နေ၏။

ထိုအချိန်တွင်...

သူ၏အနီးရှိ စားပွဲ၌ သိုင်းသမားများသည် ဝိုင်းဖွဲ့စားသောက်ရင်း စကားများကျယ်လောင်စွာ ပြောနေကြသည်။

"ဟေ့... မင်းတို့သတင်းကြားပြီးပြီလား..."

"ဘာများလဲ..."

"ဒီလိုကွ... 'ထန်'ဂေဟာသခင်ကြီးရဲ့ သားတစ်ယောက်ရှိ

တယ်ဆိုတာ မင်းသိတယ် မဟုတ်လား... "

"သိတာပေါ့... ဒီလူရွယ်က သိုင်းပညာလည်းတော်တယ်... ရုပ်ရည်လည်းချောတယ်ဆိုပဲ... "

"ဟုတ်တာပေါ့... ဒါကြောင့်... မိန်းကလေးရှင်တွေက သူ့ကို သားမက်ဖမ်းနေကြတာ... သူက ဘယ်သူ့ကိုမှ သဘောမကျဘူးကွ... "

"အဲဒါ... ဘာဖြစ်လဲ... "

"ဟဲ... ဟဲ... အခုသူက မိန်းကလေးတစ်ယောက်ကို အသည်းစွဲ ချစ်သွားပြီကွ... "

"ဘယ်သူ့သမီးများလဲ... ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သမီးဖြစ်မှာပေါ့... "

"မင်းတို့ထင်တာတွေ အားလုံးမှားတယ်ကွ... သူကြိုက်တဲ့ မိန်းကလေးက သူ့အိမ်မှာရှိတဲ့ အိမ်ဖော်မိန်းကလေးကွ... "

ထိုစကားကို ကြားလိုက်ရသောအခါ ယဲ့စီယံ၏ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

"မမ... မမလောနင်းစု မဖြစ်ပါစေနဲ့ဗျာ... "

သူသည် စိတ်ထဲ၌ ထိုသို့အော်ထပ်ထပ် ဆုတောင်းနေမိ၏။

ထိုစဉ်...

တစ်ဖက်စားပွဲမှ ပြောဆိုနေသော စကားသံများ ထပ်မံထွက်ပေါ်လာလေသည်။

"နေပါဦးကွ... 'ထန်'ဂေဟာဝိုင်ရှင်ကြီးရဲ့သားဟာ ဂုဏ်လည်းရှိတယ်... အာဏာလည်းရှိတယ်... ရုပ်လည်းချောတယ်... အဲဒါ... ဘာဖြစ်လို့ အိမ်ဖော်ကိုမှ လိုချင်ရတာလဲ... "

"ဒါကတော့... မင်းမှမသိပဲကိုး... အဲဒီအိမ်ဖော်က ဘယ်လို

မိန်းကလေးနဲ့မှမတူဘဲ တော်တော်ကိုလုတယ်ကွ... "

"သူနာမည်က'လောနင်းစု'လို့ခေါ်တယ်... ဂေဟာထဲကလူတွေက သူ့ကို တော်တော်ခင်မင်ကြတယ်ကွ... "

ထိုစကားကြောင့် ယဲ့စီယံ၏ရင်တစ်ခုလုံးမှာ ဖြောင်းဆန်သွားသကဲ့သို့ ခံစားလိုက်ရသည်။

သူသည် ညစာကို ဆက်လက်မစားနိုင်တော့ပါ။

ထို့နောက်...

သူသည် ထိုင်ရာမှထကာ အခန်းထဲသို့ ဝမ်းသွက်သွက် ထပြန်သွားရသည်။

ထို့နောက်...

အခန်းတံခါးအား 'ဝုန်း'ခနဲ ဆောင့်ပိတ်လိုက်သည်။

သူသည် ခုတင်ပေါ်တွင် လဲလျောင်းလိုက်၏။

သူ၏မျက်လုံးအစုံသည် မျက်နှာကြက်ပေါ်သို့ ငေးငိုင်ကြည့်နေသည်။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံနေသည်။

"မမ... ကျွန်တော့်ကို ရက်စက်လိုက်တာဗျာ... ကျွန်တော့်မှာဖြင့် မမနဲ့တွေ့ရမယ်ဆိုပြီး ဝမ်းသာနေလိုက်ရတာ... အခု... အခုတော့... ကျွန်တော့်ရင်ကို နာကျင်ကြေကွဲခဲ့ရပြီ။

ယဲ့စီယံသည် မျက်ရည်များ ယိုစီးကျလာသည်။

သူသည် မည်မျှကြာစွာ ငိုရှိုက်နေသည်ကို မသိပါ။

သူ သတိဝင်လာသောအခါ ညဉ့်နက်နေပြီဖြစ်သည်။

ယဲ့စီယံသည် လဲလျောင်းနေရာမှ ထလိုက်ပြီး ပြန်လည်တွေးတောလိုက်သည်။

"အင်း... သူများပြောတာ ငါ ယုံနေလို့မဖြစ်သေးဘူး... ငါ ကိုယ်တိုင် မမကိုသွားမေးမယ်... ငါကိုယ်တိုင် ဒီရောက်နေမှ ဘာလို့ သွားမမေးရမှာလဲ... "

သူသည် ယင်းကဲ့သို့ ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

ယဲ့စိယ်သည် သူ၏အထုပ်ငယ်အား ဖြေလိုက်သည်။

ထို့နောက်...

သူသည် အဘိုးအိုဝမ်အင်းပေးခဲ့သော ရုပ်ဖျက်ဆေးများကို ထုတ်၍ ရုပ်ဖျက်လိုက်၏။

ယခု...

သူသည် ချောမောလှပသော မင်းသားတစ်ယောက်ပမာ အသွင်ပြောင်းသွားသည်။

ယဲ့စိယ်သည် ပင်ကိုကပင် ချောမောသောလူငယ်တစ်ယောက် ဖြစ်၏။

ယခု...

ရုပ်ဖျက်ပညာဖြင့် ပို၍ချောမောအောင် ရုပ်ဖျက်လိုက်ခြင်း ဖြစ်သည်။

သူရုပ်ဖျက်ထားသော ပုံသဏ္ဌာန်မှာ မဟူရာရဲတိုက်သို့ သွား ရောက်၍ တိုက်ခိုက်သော မိုးကြိုးသိုင်းသမားပုံစံ ဖြစ်သည်။

ထို့နောက်...

သူသည် 'ထန်'ဂေဟာရှိရာသို့ ကိုယ်ဖော့ပညာဖြင့် ပြေးလွှား သွားလေတော့သည်။

သူသည် ထန်ဂေဟာ၏ အနောက်ဘက်တံခါးဝသို့ ရောက်ရှိ သွားသည်။

ယဲ့စိယ်သည် ထိုနေရာသို့ ရောက်သောအခါ ခြေလှမ်းရပ် လိုက်သည်။

သူသည် 'ထန်'ဂေဟာမှ ထွက်ခွာလာစဉ်တုန်းအခါက လော နှင်းစုသည် သူ့အား ဤနေရာအထိ လိုက်ပို့ပေးသည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ အနောက်ဘက်တံခါး ပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက်...

'ထန်'ဂေဟာဝန်းထဲသို့ ဝင်လိုက်လေ၏။

သူသည် 'ထန်'ဂေဟာတွင် အချိန်အတော်ကြာ နေထိုင်ခဲ့ပုံး သည်။

ထို့ကြောင့်...

လောနှင်းစု၏ အိပ်ခန်းအား သူကောင်းစွာသိသည်။

သူသည် လောနှင်းစု၏ အခန်းဆီသို့ ချဉ်းကပ်သွားသောအခါ လောနှင်းစု၏ အခန်းတွင်း၌ မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့မြင်ရသည်။

ယဲ့စိယ် မျက်မှောင်ကုတ်သွားသည်။

ဤမျှညဉ့်နက်နေသော အချိန်တွင် လောနှင်းစုတစ်ယောက် မည်သည့်အတွက်ကြောင့် မအိပ်သေးသနည်း။

သူသည် ပြတင်းပေါက်အနားသို့ ချဉ်းကပ်သွားပြီး အခန်းထဲ သို့ ချောင်းကြည့်လိုက်၏။

ထိုအခါ...

လောနှင်းစုသည် ကုလားထိုင်တစ်လုံးပေါ်တွင် ငေးငိုင်၍ ထိုင် နေသည် တွေ့လိုက်ရ၏။

သူမ၏ မျက်နှာလှလှလေးသည် မီးရောင်အောက်တွင် သုန်မှုန်နေသည်ကို တွေ့မြင်ရသည်။

ယဲ့စီယံမှာ မျက်မှောင်ကြုတ်သွားသည်။

သတို့သမီးလောင်းဖြစ်နေသော လောနှင်းစုသည် ပျော်ရွှင်နေရမည့်အစား အဘယ်ကြောင့် ဤမျှ သုန်မှုန်နေရပါသနည်း။

ထိုစဉ်...

မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်။

ထိုမိန်းကလေးသည် လောနှင်းစုအား ဦးညွှတ်အရိုအသေပြုလိုက်ပြီးပြောသည်။

"သခင်မလေး... မနက်ဖြန်ဆိုရင် လက်ထပ်မင်္ဂလာပွဲကျင်းပရတော့မှာမို့ နေထိုင်မကောင်းဖြစ်နေပါ့မယ်... ဒါကြောင့်... သခင်မကြီးက အိပ်စက်အနားယူပါတော့လို့ မှာလိုက်ပါတယ်... "

ယဲ့စီယံသည် ထိုမြင်ကွင်းအား ဆက်၍ မကြည့်တော့ပါ။

သူသည် စိတ်ပျက်စွာဖြင့် အဆောက်အအုံ၏ ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။

သူ၏ဦးနှောက်တစ်ခုလုံးမှာ ဟာလာဟင်းလင်း ဖြစ်နေသည်။

"မမက ကျွန်တော့်ကို မေ့သွားပြီကိုး... အင်း... ကျွန်တော့်လို မမထက် အသက်လေးနှစ်ငယ်တဲ့ အညာတရကောင်လေးတစ်ယောက်ကို လက်ထပ်ဖို့ မမ ဘယ်စဉ်းစားပါ့မလဲ... "

သူသည် ယင်းသို့တွေးရင်း ခေါင်မိုးပေါ်မှာ ထိုင်ချလိုက်၏။

သူသည် လှိုက်လှိုက်လှဲလှဲ ခံစားနေရသည်။ မျက်ရည်များလည်း စီးကျလာသည်။

နောက်ဆုံး၌ သူသည် သည်းမခံနိုင်တော့သည့်အဆုံး မိုးပေါ်

သို့ မော့ကြည့်ပြီး အော်လိုက်လေ၏။

ယဲ့စီယံ၏ ကျယ်လောင်စွာ အော်ဟစ်သံသည် တိတ်ဆိတ်သော ညဉ့်ယံအား ဖြိုခွဲလိုက်သည်။

ထိုအသံသည် လေနှင့်အတူ အဝေးသို့ပျံ့လွင့်သွားသည်။

သူအော်သံကြောင့် 'ထန်ဂေဟာ'မှ အဆောက်အအုံများတွင် မီးရောင်များ ထိန်ထိန်လင်းလာသည်။

ထို့အပြင်...

လူအများသည် လက်နက်ကိုယ်စီ ကိုင်ဆွဲ၍ ပြေးလွှားထွက်လာကြသည်။

ယဲ့စီယံသည် အခြေအနေ မဟန့်မနဲ့ သိလိုက်သည်နှင့် အောက်သို့ ခုန်ဆင်းရန်ဟန်ပြင်လိုက်၏။

ထိုစဉ်...

"ဝိုး... ဝိုး... "

မြားတံများသည် လေထုကိုထွင်းဖောက်၍ သူ့ထံသို့ပြေးလာနေသည်။

"ယား... "

ယဲ့စီယံသည် အပေါ်သို့ခုန်တက်လိုက်ပြီး ရှောင်တိမ်းလိုက်၏။

သို့သော်...

ပစ်လွှင့်လာသော မြားတံအချို့သည် သူ၏ခန္ဓာကိုယ်ဆီသို့ ပြေးဝင်လာသဖြင့် မြားတံများအားလက်နှစ်ဖက်ဖြင့် ဖမ်းယူလိုက်သည်။

ထို့နောက်...

သူ၏လက်ထဲမှ ဖမ်းယူထားသော မြားတံများဖြင့် ပစ်လွှတ်နေသော လူများထံသို့ ပြန်လည်ပစ်လွှတ်လိုက်သည်။

"အား... အား... "

ထိုအခါ...

စူးရှနာကျင်စွာ အော်ဟစ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

မြားဖြင့်ပစ်လွှင့်ခဲ့သော လူများသည် ယုံစီယံက ပြန်ပစ်လိုက်သော မြားများထိမှန်သွားခြင်းကြောင့် ဤသို့နာကျင်စွာ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ယုံစီယံသည် ခြံဝင်းအတွင်းမှ လူများကို ကြည့်နေစဉ် ထူးထူးခြားခြား လူတစ်ယောက် ပြေးထွက်လာသည်ကို တွေ့ရလေ၏။

ယုံစီယံသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် 'ထန်' ဂေဟာပိုင်ရှင်ကြီး 'ထန်တုချီ' ဖြစ်သည်ကို မှတ်မိလိုက်သည်။

သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်လေတော့သည်။

'ထန်' ဂေဟာမှ သိုင်းသမားများသည် ယုံစီယံအား ဝိုင်းရံထားလိုက်ကြတော့သည်။

'ထန်' ဂေဟာပိုင်ရှင် 'ထန်တုချီ' သည် ယုံစီယံအား သေချာစွာ ကြည့်လိုက်သည်။

သို့သော်...

ယုံစီယံ၏ ရုပ်ဖျက်ထားသော မျက်နှာအား တွေ့မြင်ရသော အခါ မဟူရာရဲတိုက်သို့သွားရောက်၍ တိုက်ခိုက်ခဲ့သော 'မိုးကြိုးသိုင်းသမား' ဟု ထင်မှတ်လိုက်သည်။

"မင်းက မိုးကြိုးသိုင်းသမားလား... "

ယုံစီယံသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ကျုပ်နာမည်ကို ခင်ဗျား... မေးခွင့်မရှိဘူး... "

ထိုအခါ...

ထန်တုချီသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

ထိုစဉ်...

လူရွယ်တစ်ယောက်သည် ယုံစီယံထံသို့ ပြေးဝင်လာလေ၏။

"ကျုပ်အဖေကို စော်ကားတဲ့လူ... သေပေတော့... "

သူသည် ယုံစီယံအား တိုက်ခိုက်လိုက်လေ၏။

ထိုအခါ...

ထန်တုချီက ကျွာကယာ ဟန့်တားလိုက်သည်။

"သား... မင်းနောက်ဆုတ်လိုက်... "

သို့သော်...

ထန်တုချီ၏ ဟန့်တားသံမှာ နောက်ကျသွားချေပြီ။

ယုံစီယံသည် ထိုလူရွယ်အား မီးလျှံလက်ဝါးဖြင့် တိုက်ခိုက်လိုက်ရာ လူရွယ်၏ခန္ဓာကိုယ်တစ်ခုလုံးသည် အဝေးသို့လွင့်စဉ်သွားပြီး မြေပေါ်သို့ ပစ်ကျသွားသည်။

ထန်တုချီသည် ထိုလူရွယ်အား ကမန်းကတန်းသွားရောက်၍ ဆွဲယူလိုက်၏။

"သား... သား ဘာဖြစ်သွားလဲ... "

ထိုလူရွယ်သည် ထန်တုချီ၏သားဖြစ်ပြီး လောနှင်းစု၏ခင်မွန်းလောင်းလည်းဖြစ်သည်။

ထန်တုချီသည် ဒေါသတကြီးဖြင့်...

"ဒီမှာ... မင်းနဲ့ ကျုပ်တို့ဂေဟာနဲ့ ဘယ်လိုရန်ငြိုးရှိလို့လဲ... "

ယဲ့စီယံသည် အေးစက်ခက်ထန်စွာဖြင့်...

"ကဲ... ဘာမှ ရှည်ရှည်ဝေးဝေးပြောမနေနဲ့... ခင်ဗျားကို ကျွပ် ပြောမယ်... 'ထန်'ဂေဟာကို ဖျက်သိမ်းပြီး သိုင်းလောကမှ အပြီးအပိုင် ထွက်သွားပါ... "

ထန်တုချီ၏ မျက်လုံးအစုံသည် ဒေါသကြောင့်နီရဲသွားသည်။

"ဒီမှာ... မင်းမြဲမြံမှတ်ထားရမှာက 'ထန်'ဂေဟာရှိရင် ကျွပ်ရှိ မယ်... 'ထန်'ဂေဟာမရှိရင် ကျွပ်မရှိဘူး... ဒါပဲ... မင်းက... အခုလိုစိန် ခေါ်မှတော့ ကျွပ်ကလည်း အကြောင်းပြရတာပေါ့... "

သူသည် စကားဆုံးသည်နှင့် ယဲ့စီယံအား တိုက်ခိုက်လေ တော့၏။

ယဲ့စီယံက ပုလဲနက်သိုင်းကွက်ကို အသုံးပြုကာ ထန်တုချီ၏ ရင်ဝသို့ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

"ဝုန်း... "

ထန်တုချီသည် ယဲ့စီယံအား အထင်သေးခဲ့သဖြင့် မရှောင် တိမ်းနိုင်တော့ပဲ လွှဲစဉ်လဲကျသွားတော့သည်။

သူသည် လုံးဝမထနိုင်တော့ပေ။

"အား... "

ထိုအခါ...

လူအုပ်ကြားမှ အဘိုးအိုတစ်ယောက် လျင်မြန်စွာ ထွက်လာ လေ၏။

ထိုအဘိုးအိုသည် မိုးကြိုးဂိုဏ်းမှ 'လက်ထောက်ဂိုဏ်းချုပ်' ဖြစ်သည်။

အဘိုးအိုသည် ထန်တုချီအား မယုံကြည်နိုင်စွာ ကြည့်နေ၏။

ထန်တုချီ၏သားဖြစ်သူ ထန်ကျင်းရှမ်းသည် ဖခင်သေဆုံးသွား သည်ကို တွေ့မြင်ရသောအခါ ယဲ့စီယံအား တရကြမ်းဝင်ရောက် တိုက် ခိုက်သည်။

ထို့အပြင်...

ကျန်ရှိသော သိုင်းသမားများကလည်း ညှာသံပေးရှဲ့ ယဲ့စီယံ အား ဝိုင်းရံတိုက်ခိုက်ကြလေ၏။

ထိုစဉ်...

မိုးကြိုးဂိုဏ်းမှ အဘိုးအိုက ထန်ကျင်းရှမ်းအား အော်ဟစ် သတိပေးသည်။

"မတိုက်နဲ့ ထန်ကျင်းရှမ်း... မတိုက်နဲ့... "

သို့သော်...

ထန်ကျင်းရှမ်းသည် သူ၏ဟန့်တားသံကို မကြားနိုင်တော့ပါ။

သွေးဆူနေပြီဖြစ်၍ တရကြမ်းတိုက်ခိုက်နေပါပြီ။

ယဲ့စီယံသည် သူ့အားဝိုင်းရံတိုက်ခိုက်သော လူများအား တွန်း လှန်ခုခံနေ၏။

သူသည် 'ထန်'ဂေဟာသိုင်းသမားတစ်ယောက်၏ လက်ထဲမှ ဓားရှည်ကို ဆွဲယူလိုက်သည်။

ထို့နောက် ထိုဓားရှည်ဖြင့် တိုက်ခိုက်တော့သည်။

ထိုအခါ...

ထန်ဂေဟာသိုင်းသမားများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေ၏။

"အား... "

"အင့်... "

"အွန့်... "

နာကျင်စွာအော်ဟစ်လိုက်သည့်အသံများမှာ ဆူညံသွားသည်။

အရိုး လူများလည်း လွင့်စဉ်ထွက်သွားသည်။

အရိုးမှာ လဲကျသေဆုံးသွားကြသည်။

အရိုးမှာ ဒဏ်ရာများ ပြင်းပြင်းထန်ထန် ရရှိသွားကြသည်။

နီရဲသောသွေးများသည် မြင်မကောင်းရှုမကောင်းလောက် အောင် ဖြစ်နေသည်။ တကယ်တမ်း တိုက်ခိုက်လိုက်သဖြင့် ထန်ဂေဟာ ရှိ သိုင်းသမားများ ဝင်မတိုက်ဝံ့တော့ပါ။

ယဲ့စီယံမှာမူ ဓားကိုကိုင်လျက် မားမားမတ်မတ် ရပ်နေသည်။

အဘိုးအိုသည် ဒေါသတကြီးဖြင့်...

"တော်တော်ရက်စက်တဲ့ လူယုတ်မာ... "

သူသည် အသံကုန်အော်ဟစ်ပြီး သူသေကိုယ်သေ ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ယဲ့စီယံသည် နောက်ဆုတ်ရှောင်တိမ်းလိုက်၏။

"ကျုပ်ကို ဒေါသဖြစ်အောင်မလုပ်နဲ့... "

အဘိုးအိုသည် ထပ်မံ၍ တိုက်ခိုက်ပြန်၏။

"သတ်စမ်းပါ... ငါကသေရမှာ ကြောက်မယ့်လူမှမဟုတ်ဘဲ... မင်းလိုရက်စက်ယုတ်မာပြီး လူစိတ်မရှိတဲ့လူကို ငါကိုယ်တိုင် သတ် မယ်.. "

ယဲ့စီယံ၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

သူဒေါသအလျောက် သတ်ဖြတ်ခဲ့သည်များကို စိတ်မကောင်း ဖြစ်သွားသည်။

ထို့ကြောင့်...

အဘိုးအိုကို မတိုက်ခိုက်တော့ဘဲ ထန်ဂေဟာအတွင်းမှ ပြေး ထွက်ခဲ့တော့သည်။

အခန်း [၁၃]

အထင်များ အမြင်များ

နေဝန်းနီသည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းမှ ခေါင်းပြူ၍ ထွက်ပေါ်လာ၏။

နေရောင်ခြည်သည် ကမ္ဘာမြေတစ်လွှားအား လွှမ်းခြုံထားသည်။

ယိစစ်မြို့...

ယိစစ်မြို့စွန်ရှိ တည်းခိုခန်းငယ်တစ်ခု၏ အရှေ့ဘက်အစွန်ဆုံးအခန်းထဲသို့ နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့် ခုတင်ပေါ်သို့ ထိုးကျနေ၏။

ခုတင်ပေါ်၌ လူတစ်ယောက် လဲလျောင်းနေသည်။

ထိုလူမှာ ယုံစီယံပင် ဖြစ်သည်။

ယုံစီယံသည် ညကအဖြစ်အပျက်အား ပြန်လည်စဉ်းစားနေသည်။

သူသည် အတွေးများကို ရပ်လိုက်ကာ လဲလျောင်းနေရာမှ ထလိုက်၏။

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ငါမှာ နဂါးစိမ်းဂိုဏ်းချုပ်နဲ့ ချိန်းထားတာရှိသေးတယ် ငါသွားမှ ဖြစ်မယ်... "

သူသည် အဝတ်အစားများအား လဲလှယ်ဝတ်ဆင်လိုက်၏။

ရှည်လျားသော ဆံပင်ရှည်များကိုလည်း စုစည်းချည်နှောင်ခြင်းမပြုဘဲ ကုပ်ပေါ်တွင် ဖားလျားချထားလိုက်သည်။

ထို့နောက်...

ရုပ်ဖျက်ထားသည့် မျက်နှာအား ဆေးရည်ဖြင့် ပြန်လည်ဆေးကြောလိုက်သည်။

ယုံစီယံသည် သူ၏ပကတိမျက်နှာ ဖြစ်သွားလေပြီ။

သူသည် အနီရောင်ဝတ်စုံရှည်ကို သေချာစွာခေါက်၍ သိမ်းဆည်းလိုက်၏။

သူ၏ကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံရှည်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ဒွေတုံးကလေးများကိုလည်း အထုပ်တစ်ခုဖြင့် ထုပ်လိုက်သည်။

သူသည် အခန်းထဲမှ ထွက်လာ၏။

ထို့နောက်...

ဒွေရှင်းသောနေရာတွင် တည်းခိုစရိတ်ဒွေရှင်းပေးပြီးနောက် မြင်းစောင်းရှိရာသို့ လျှောက်သွားပြီး သူ၏မြင်းနက်ကြီးကို ဆွဲယူကာ မြင်းစောင်အတွင်းမှ ပြန်ထွက်လာသည်။

မြင်းစောင်းအပြင်သို့ ရောက်သောအခါ သူ၏မြင်းပေါ်သို့ ခုန်တက်ကာ ထိုယိစစ်မြို့မှ ထွက်လာခဲ့လေတော့သည်။

သူသည် အဝေးသို့မျှော်ကြည့်လိုက်သည်။

လမ်းမကြီးပေါ်တွင် လူရိပ်လူယောင် လုံးဝမတွေ့ရပါ။

သူသည် စိတ်ပျက်စွာဖြင့် မြင်းကိုဖြည်းညင်းစွာ မောင်းနှင်လာ၏။

ထိုစဉ်...

ချိုလွင်သော အသံကလေးတစ်သံ ပေါ်လာလေ၏။

"ဘယ်လိုလဲရှင့်... ယောကျ်ားကြီးတစ်ယောက် ဖြစ်နေပြီး ... လူက မြင်းထက်မြန်နေမှတော့ ဘယ်ကောင်းပါ့မလဲရှင့်... "

ထိုစကားသံနှင့်အတူ မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာပြီး ဖုန်များတထောင်းထောင်းထကာ သူ၏ခန္ဓာကိုယ် တစ်ခုလုံးအား လွှမ်းခြုံသွားလေသည်။

ယဲ့စိယ်မှာ မျက်မှောင်ကုတ်သွားလေ၏။

သူသည် မိမိအနားမှ ဖြတ်ကျော်သွားသော မြင်းအားလှမ်းကြည့်လိုက်၏။

ထိုအခါ...

အနီရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် မြင်းပေါ်၌ လိုက်ပါသွားသည်ကို တွေ့လိုက်ရ၏။

"ခစ်... ခစ်... ခစ်... ရှင် ကျွန်မမြင်းကို မီအောင်လိုက်စမ်းပါ..."

မိန်းကလေးက လှောင်ပြောင်သွားလေ၏။

ထိုမိန်းကလေးသည် အလွန်လှပချောမောလှသည်ကို သူသတိပြုမိလိုက်၏။

ယဲ့စိယ်သည် အံကိုတင်းတင်းကြိတ်လိုက်၏။

ယဲ့စိယ်သည် အဝတ်အစားများပေါ်မှ ဖုန်များအား ခါချလိုက်

သည်။

ထို့နောက်...

သူသည် ခြေထောက်နှစ်ဖက်ဖြင့် မြင်းနောက်ကြေး၏ ဝမ်းဗိုက်အား အသာအယာ ညှပ်လိုက်ရာ မြင်းနောက်ကြေးသည် ခြေလှမ်းမှန်မှန်ဖြင့် ပြေးသွားလေ၏။

ရုတ်တရက်...

ဆူညံသော မြင်းခွာသံများ ထွက်ပေါ်လာပြန်သည်။

မြင်းညိုကြီးနှစ်ကောင်သည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်၍ သူ့အား ကျော်တက်သွားကြပြန်သည်။

မြင်းပေါ်၌ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသော လူနှစ်ယောက် သူ့အားလှည့်ကြည့်ရင်း မဲ့ပြုံးပြုံးသွားကြ၏။

ယဲ့စိယ်သည် မခံချင်စိတ် ဖြစ်ပေါ်လာလေ၏။

ထို့နောက်...

သူသည် မြင်းကိုအရှိန်မြှင့်ကာ ဒုန်းစိုင်းမောင်းနှင်လေတော့သည်။

တစ်ခဏအကြာတွင်...

ယဲ့စိယ်သည် မြို့ငယ်လေးတစ်မြို့အတွင်းသို့ ဝင်ရောက်လာလေ၏။

သူသည် မြင်းကို အရှိန်လျှော့လိုက်ပြီး မင်းလမ်းမအတိုင်း ဆက်လက်မောင်းနှင်သွားသည်။

သူသည် စားသောက်ဆိုင်တစ်ဆိုင်အား တွေ့မြင်လိုက်ရသည်။

ထိုစားသောက်ဆိုင်သည် အလွန်ကျယ်ဝန်းပြီး ခမ်းနားလှ

သည်။ အခြားဆိုင်တစ်ဆိုင်ထက်စာလျှင် သူက နှစ်ဆိုင်စာလောက် ကျယ်ဝန်းသည်။

စားသောက်ဆိုင်၏ နံဖူးစီးတွင် ကြီးမားသော စာလုံးကြီးများ ရေးသားထားသည်။

"နတ်စည်းစိမ်စားသောက်ဆိုင်... "

သူသည် ဆိုင်ရှေ့တွင်ရပ်၍ မြင်းပေါ်မှ ဆင်းလိုက်သည်နှင့် ဆိုင်လုလင်ကထွက်၍ ခရီးဦးကြိုဆိုသည်။

ဆိုင်လုလင်သည် မြင်းကိုလှမ်းခွဲယူလိုက်ပြီး...

"ဆရာလေး... မြင်းကို စိတ်ချထားပါ... ကျွန်တော်တို့ အစာရေစာ ကျွေးထားပါမယ်... "

ယဲ့စီယံသည် ငွေထုပ်ကလေးကိုဆွဲကာ စားသောက်ဆိုင်ထဲသို့ ဝင်လာလေ၏။

စားသောက်ဆိုင်အတွင်းမှာ စားသောက်နေသူများသည် သူ့အားဝိုင်းကြည့်နေကြသည်။

ယဲ့စီယံမှာ ချောမောပြီးခန့်ညားသော လူငယ်တစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

စားသောက်နေသူများသည် သူ့ထံသို့ အာရုံရောက်ရှိလာကြသည်။

ဆိုင်လုလင်တစ်ယောက်သည် ယဲ့စီယံအား စားပွဲတစ်ခုတွင် နေရာချထားပေးသည်။

သူသည် မိမိစားသောက်လိုသော ဟင်းလျာများနှင့် အရက်ကို မှာကြားလိုက်သည်။

ထို့နောက်...

အမှတ်မထင် ဆိုင်တွင်းသို့ တစ်ချက်အကဲခတ်လိုက်သည်။

ထိုအခါ...

သူ့ကိုကြည့်နေသည့် စူးရှတောက်ပသော မျက်လုံးအစုံကို တွေ့လိုက်ရသည်။

ယဲ့စီယံသည် ထိုမျက်ဝန်းပိုင်ရှင်အား သေချာစွာကြည့်လိုက်၏။

သူ့ကိုလမ်းခဲ့ ကျော်ဖြတ်တက်သွားသည့် မိန်းကလေးပင်တည်း။

သူမသည် အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦးမည်။

အသားအရည်နှင့် ရုပ်ရည်မှာ လိုက်ဖက်လှသည်။

သို့သော်...

ထိုမိန်းကလေးဝတ်ဆင်ထားသော အနီရောင်ဝတ်စုံရှည်မျိုးကို မိန်းကလေးတစ်ယာက် မဝတ်သင့်ဟု ထင်မှတ်မိသည်။

ယဲ့စီယံသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ဒီမိန်းကလေးဟာ တော်တော်လှတာပဲ... မမလောနှင်းစု ပြီးရင်... ဒီမိန်းကလေးဟာ ဒုတိယမြောက်အလှဆုံးမိန်းကလေးပဲ..."

သူသည် မိန်းကလေးကိုကြည့်၍ စိတ်လှုပ်ရှားမိ၏။

ထိုစိတ်လှုပ်ရှားမှုသည် လောနှင်းစုအား မြင်တွေ့စက သူ၏ရင်ထဲတွင် လှုပ်ရှားသွားသည်လောက် မပြင်းထန်ချေ။

ယဲ့စီယံသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုမိန်းကလေးကံမှ အကြည့်လွှဲလိုက်မိသည်။

ထိုအချိန်တွင်...

ဆိုင်လုလင်တစ်ယောက်သည် သူမှာကြားထားသော ဟင်းလျာများနှင့် အရက်ယူဆောင်လာသဖြင့် သူသည် ခေါင်းငုံ့၍ စားသောက်နေလိုက်တော့သည်။

ယဲ့စီယံက သူမအားမကြည့်တော့ဘဲ အစားအသောက်များကို ခေါင်းငုံ့၍စားသောက်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် မကျေမနပ်ဖြစ်သွားသည်။

မိနစ်းကလေးသည် မကျေမနပ်ဖြင့် ဆတ်ခနဲတစ်ဘက်သို့ လှည့်လိုက်၏။

ဤစားသောက်ဆိုင်မှ ဟင်းလျာများမှာ အလွန်ပင်အရသာရှိသည်နေကို တွေ့ရှိရသည်။

ယဲ့စီယံသည် စားသောက်နေစဉ်မှာပင် အပြင်ဘက်မှ မြင်းဟီသံနှင့် ဆူညံသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်သည်။

ထိုမြင်းဟီသံမှာ မိမိ၏မြင်းနက်ကြီး ဟီလိုက်သောအသံဖြစ်သည်ကို မှတ်မိလိုက်သည်။

ထို့ကြောင့်...

သူသည် အပြင်ဘက်သို့ ကမန်းကတန်း ပြေးထွက်ကြည့်လိုက်တော့သည်။

ယဲ့စီယံသည် အပြင်ဘက်သို့ ရောက်လာသောအခါ ထွားကျိုင်းသန်မာသော လူနှစ်ယောက်သည် မြင်းနက်ကြီးပေါ်၌ ပါရှိသော ပစ္စည်းများကို ရှာဖွေနေကြောင်း တွေ့မြင်လိုက်ရသည်။

ဆိုင်လုလင်တစ်ယောက်မှာ မြေပေါ်တွင် သတိလစ် လဲကျနေ၏။

ထိုဆိုင်လုလင်မှာ ထိုလူနှစ်ယောက်အား ဟန့်တားသဖြင့် လက်သီးစာမိသွားကြောင်း နားလည်လိုက်သည်။

သူသည် ကပျာကယာ ရှေ့သို့ပြေးထွက်လိုက်ပြီး...

"ဟေ့လူတွေ... ဘာလုပ်ကြတာလဲ... ဒါ... ကျွန်မြင်းဗျ..."

ထွားကျိုင်းသန်မာသောလူက သူ့အား တွန်းဖယ်လိုက်ပြီး...

"ဖယ်စမ်း..."

ထိုလူသည် ယင်းသို့ပြောရင်း မြင်းပေါ်မှပစ္စည်းများကို လိုက်လံစစ်းသပ်နေသည်။

ယဲ့စီယံသည် ဝင်ရောက်ဟန့်တားလိုက်၏။

"ဒီမှာ... ခင်ဗျားတို့ အခုလို နေခင်းကြောင်တောင် သူများပစ္စည်းကိုလုတာ တရားဥပဒေကို မကြောက်ဘူးလား..."

ထိုလူက စိတ်မရှည်ဟန်ဖြင့်...

"ဘာတရား ဥပဒေလဲ... ဒီမှာ ဓားဥပဒေပဲ ရှိတယ်..."

သူသည် ယင်းသို့ပြောပြီး သူ၏လက်ထဲမှ ဓားရှည်အား မြှောက်ပြလိုက်ပြီး...

"မင်းစကားရှည်နေမယ်ဆိုရင်တော့... ကျွန်တို့ ဓားစာမိသွားမယ်..."

ထိုအချိန်တွင်...

စားသောက်ဆိုင်ထဲမှ လူများနှင့် လမ်းသွားလမ်းလာများသည် ဝိုင်းရံကြည့်ရှုနေကြလေပြီ။

သူတို့သည် ယဲ့စီယံအား သိုင်းပညာမတတ်သော ကောင်လေးတစ်ယောက်ဟု ထင်မှတ်ကြသည်။

ထို့ကြောင့်...

သူတို့သည် ဝေဖန်ပြောဆိုနေကြသည်။

"ဒီကောင်လေး နုနယ်ငယ်နဲ့ အရိပ်အခြည် နားမလည်ပါလား... တော်ကြာ... အသက်ပါ ပါသွားလိမ့်မယ်... "

ယဲ့စိယ်သည် သိုင်းပညာမတတ်သော လူပြိန်းဟန်ဆောင်ကာ

"ဒီမှာဗျ... ခင်ဗျားက အခုလို ကျူပ်ပစ္စည်းကို လုမယ်ဆိုရင် ကျူပ်က ဆိုင်ရာကို သွားတိုင်မှာဗျ... "

ထိုလူသည် စိတ်မရှည်ဟန်ဖြင့် ဓားကိုမြှောက်ပြလိုက်ပြီး...

"နတ်လက်ဝါးဓားသမားဆိုတာ... မင်း မကြားဖူးဘူးလား... မင်း နှောက်မဆုတ်ဘူးဆိုရင် ဓားနဲ့ခုတ်လိုက်မယ်... မသေချင်ရင် နှောက်ဆုတ်... "

ယဲ့စိယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက... ကျူပ်ကိုသတ်ရင် ထောင်ကျသွားမှာပေါ့... သတ်ရဲရင်သတ်ကြည့်ပါလား... "

နတ်လက်ဝါး ဓားသမားဆိုသူသည် ဒေါသထွက်လာလေ၏။

"ဒီလောက်တောင် ခေါင်းမာတဲ့ကောင် သေပေတော့... "

သူသည် ဓားကိုမြှောက်လိုက်ပြီး ယဲ့စိယ်၏ဦးခေါင်းပေါ်သို့ ခုတ်ချလိုက်၏။

ထိုအခါ...

ဝိုင်းရံကြည့်ရှုနေကြသော လူများသည် ယဲ့စိယ်တစ်ယောက် အသတ်ခံတော့မည်ဟု ထင်မှတ်ကြသဖြင့် မကြည့်ရက်တော့ဘဲ... မျက်လုံးမှိတ်ထားလိုက်ကြလေ၏။

သို့သော်...

ထိုလူ၏ဓားသည် ယဲ့စိယ်အား မခုတ်မိပါ။

မခုတ်မိသည့်အပြင် ထိုလူမှာ ဓားရွစ်စွာ အော်ဟစ်လိုက်သည်။

"အား... "

သူသည် ယင်းသို့အော်ဟစ်ရင်း လက်ထဲမှဓားအား လွှတ်ချလိုက်၏။

အဘယ့်ကြောင့်ဆိုသော်...

သူဓားကိုင်ထားသော လက်ခုတွင် ဓားပျံတစ်ချောင်းက စိုက်ဝင်သွားသောကြောင့် ဖြစ်သည်။

ထိုအခါ...

နတ်လက်ဝါးဓားသမားဆိုသူ၏ အဖော်သည် ထိုအခြင်းအရာကို တွေ့မြင်လိုက်သောအခါ ယဲ့စိယ်အား တိုက်ခိုက်ရန် ပြေးဝင်လာသည်။

ထိုစဉ်...

မိန်းကလေးတစ်ယောက်၏ ဟန့်တားသံထွက်ပေါ်လာသည်။

"ရပ်လိုက်စမ်း... "

ယင်းဟန့်တားသံနှင့်အတူ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေး ထွက်လာလေ၏။

ထိုလူသည် မိန်းကလေးက ဝင်ရောက်ဟန့်တားသည်ကို တွေ့၍ စကားမပြောဘဲ လက်သီးတစ်လုံးဖြင့် မိန်းကလေး၏ မျက်နှာသို့ ထိုးသွင်းလိုက်သည်။

မိန်းကလေးမှာ ဒေါသထွက်သွားသည်။

"ရှင်က သေချင်နေပြီကိုး... "

သူမသည် ယင်းသို့ပြောပြီး ပြေးဝင်လာသူ၏ ဝမ်းဗိုက်သို့ ခြေထောက်ဖြင့် ကန်ချလိုက်၏။

"ဝုန်း... "

ထိုလူ၏ ခန္ဓာကိုယ်သည် လွင့်စဉ်ထွက်သွားလေတော့သည်။

နတ်လက်ဝါးကြီးသမားသည် အခြေအနေ မဟန်မှန်းသိလိုက်သဖြင့် သူ၏အင်အားကို ဆွဲထုလိုက်လေ၏။

"ဒီမှာ... မင်းကဘယ်သူလဲ... သတ္တိရှိရင် နာမည်ပြောပါ..."

မိန်းကလေးက မုဆိုးပြိုးလိုက်ပြီး...

"ကျွန်မနာမည် ဝတ်ရုံနီသခင်မတဲ့... ရှင် ကလဲ့စားချေချင်တယ်ဆိုရင် အချိန်မရွေး ကျွန်မဆီလာပြီး... ကလဲ့စားချေနိုင်တယ်..."

သူမသည် ယင်းသို့ပြောပြီး နတ်လက်ဝါးကြီးသမားအား စေ့စေ့ကြည့်ကာ...

"ကျွန်မ စိတ်ထားမပြောင်းခင် အမြန်ဆုံးထွက်သွားကြစမ်း..."

ထိုအခါ...

နတ်လက်ဝါးကြီးသမားသည် ဆက်၍မနေဝံ့တော့ဘဲ သူ၏ အဖော်ကို တွဲခေါ်၍ မြင်းပေါ်သို့ခုန်တက်လိုက်ပြီး မောင်းနှင်သွားလေတော့သည်။

လမ်းသွားလမ်းလာများနှင့် စားသောက်နေကြသော လူများသည် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား အံ့သြထိတ်လန့်စွာဖြင့် ကြည့်နေကြလေ၏။

သူတို့သည် ဤမျှနှုန်းချောမောလှပသော မိန်းကလေးတစ်ယောက်က ဤမြို့တွင် နာမည်ကျော်လူဆိုးဖြစ်သူ နတ်လက်ဝါးကြီးသမားအား အလွယ်တကူပင် အနိုင်ယူနိုင်ခဲ့သည်ကို တွေ့မြင်ရသဖြင့် ကျိုးကျူးနေကြသည်။

မိန်းကလေးသည် ဝိုင်းရံကြည့်နေကြသော လူများအား

မကျေမနပ်ဖြင့် တစ်ချက်ငေ့ကြည့်လိုက်ပြီး...

"ဘာကြည့်နေကြတာလဲ... "

ထိုအခါ...

ဝိုင်းရံ၍ကြည့်နေကြသော လူများသည် ကမန်းကတန်း လူစုခွဲ၍ သွားကြလေတော့သည်။"

ယဲ့စိယ်သည် စားသောက်ဖွယ်ရာများ ငွေရှင်းပေးခြင်း ငွေထုပ်ကိုကိုင်ကာ တည်းခိုခန်းအတွင်းမှ ထွက်လာသည်။

ထို့နောက်...

သူသည် မြင်းပေါ်သို့ ခုန်တက်ရန် ဟန်ပြင်လိုက်စဉ်...

"ရှင်... ဒီအတိုင်းထွက်သွားလို့ ရမလား... "

သူ၏ နောက်ဘက်မှ မိန်းကလေးတစ်ယောက်၏ အသံထွက်ပေါ်လာသည်။

ထိုစကားသံကြောင့် ယဲ့စိယ်သည် နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ...

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား တွေ့မြင်ရသည်။

ယဲ့စိယ်သည် ထိုမိန်းကလေးအား ဦးညွတ်ဂုဏ်ပြုလိုက်ပြီး...

"မမေ့နေလိုက်ဘာဗျာ... ကူပ်ကို ကယ်တင်ခဲ့တဲ့အတွက် ... ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ... "

သူက သိုင်းပညာမတတ်သူ တစ်ယောက်ပမာ ကောင်းပန်း၍ ကျေးဇူးတင်စကား ဆိုလိုက်၏။

ဝတ်ရုံနီသခင်မဆိုသော မိန်းကလေးသည် ကျေနပ်စွာ ပြုံးလိုက်ပြီး...

"ဒီလိုမှပေါ့... "

ယဲ့စိယံသည် ငွေထုပ်အတွင်းမှ ငွေတုံးတစ်တုံးအား ထုတ်ယူလိုက်ပြီး ဆိုင်ဝမှဆိုင်လုလင်တစ်ယောက်အား လှမ်းပေးလိုက်ပြီး ပြောလိုက်၏။

"ဟောဒီသခင်မရဲ့ စားသောက်စရိတ် ကုန်ကျငွေကို ယူလိုက်ပါ... ကျန်တဲ့ငွေကိုလည်း ဒဏ်ရာရတဲ့ ဆိုင်လုလင်ကို ဆေးဖိုးဝါးခပေးလိုက်ပါ... "

ဆိုင်လုလင်သည် ငွေတုံးလေးအား လှမ်းယူလိုက်ပြီး...

"ဟုတ်ကဲ့ပါ... ဆရာလေး... "

သူသည် ယဲ့စိယံအနားသို့ကပ်၍ တီးတိုးပြောလိုက်၏။

"ဆရာလေးကို သတိပေးရဦးမယ်... ခုနက လူ့စ်ယောက်ဟာ 'ထန်'ဂေဟာကလူတွေဗျ... အခုသွားရင် သတိထားပြီးသွားပါ"

ယဲ့စိယံက ခေါင်းညိတ်လိုက်သည်။

"အခုလို သတိပေးတာ... ကျေးဇူးတင်ပါတယ်... "

တိုစဉ်...

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက မကျေမနပ်ဖြင့်

"ကျွန်မရဲ့စားသောက်ခကို ဘယ်သူကပေးခိုင်းလို့လဲ... ကျွန်မ မပေးနိုင်ဘူး ထင်လို့လား... "

ယဲ့စိယံက ပြုံးလိုက်ပြီး...

"ဒီလောက်တော့ လက်ခံပါ သခင်မ... "

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က... ကျွန်မရဲ့ စားသောက်ခကို ရှင်းပေးရင်... ရှင်အခုသွားလို့ လမ်းမှာအန္တရာယ်နဲ့ ရင်ဆိုင်ရရင် ကျွန်မဝင်မကူညီတော့ဘူး... "

ယဲ့စိယံက ပခုံးတစ်ချက်တွန့်လိုက်သည်။

သူသည် ဆိုင်လုလင်အား ပြုံးပြလိုက်ပြီး...

"ခင်ဗျား ကြားတယ်မဟုတ်လား... အဲဒီတော့ သူ့စားသောက်ခကို မယူပါနဲ့တော့... ဆိုင်လုလင်ကလေးတွေကို ခွဲပေးလိုက်ပါ... "

ယဲ့စိယံသည် မိန်းကလေးအား လှည့်ပင်မကြည့်တော့ဘဲ သူ၏မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက်...

သူသည် မြင်းကိုဒုန်းစိုင်းကာ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မိမိအပေါ် လုံးဝဂရုမစိုက်ဘဲ ထွက်ခွာသွားသည်ကို တွေ့မြင်ရသောအခါ မကျေမနပ်ဖြစ်သွားသည်။

"ဟွန်း... သူကိုယ်သူ ဘာများမှတ်လို့လဲ မသိဘူး... ဘဝင်မြင့်နေလိုက်တာ... ငါ့ကို လုံးဝမကြည့်ဘူး... ကြည့်နေ... ငါ့ကို ဂရုစိုက်လာအောင်လုပ်ပြမယ်... "

သူသည် ယင်းသို့ကြိုးဝါးရင်း...

"ငါ... သိုင်းလောကထဲရောက်လာတာ တစ်နှစ်ကျော်ပြီ... ဒီလိုချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်မှ မတွေ့ဘူး... သူကသာ သိုင်းပညာတတ်ရင် ဘယ်လောက်ကောင်းမလဲ... "

သူမသည် ယင်းသို့စဉ်းစားရင်း မျက်နှာတစ်ခုလုံး ပန်းနုရောင်သမ်းလာလေသည်။

"အို... ငါက မိန်းကလေးတစ်ယောက်ပဲ... ငါဘာတွေ လျှောက်တွေးနေတာလဲ... "

ထို့နောက်...

သူမသည် ဆိုင်လူလင်အား စားသောက်ခွင့်ရှင်းပေးလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်ကာ ထိုစားသောက်ဆိုင်မှ ထွက်လာခဲ့လေတော့သည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မြင်းကိုဒုန်းစိုင်းစီးကာ ယဲ့စိယံနောက်သို့ အလျှင်အမြန် လိုက်နေ၏။

သူမသည် ယဲ့စိယံ၏ ချောမောခန့်ညားသောရုပ်ရည်ကို တွေ့မြင်မိသည့်အချိန်မှစ၍ ယဲ့စိယံအပေါ် သံယောဇဉ်တွယ်ငြိမိလာသည်။

ထို့ကြောင့်...

ယဲ့စိယံတစ်ယောက် လမ်းခရီးတွင် ဘေးအန္တရာယ်ကျရောက်မည်စိုးရိမ်သဖြင့် သူနောက်သို့လိုက်၍ စောင့်ရှောက်နေခြင်းဖြစ်၏။

သူမသည် တောအုပ်တစ်ခုသို့ ဖြတ်ကျော်လိုက်သည်နှင့် လူတစ်စုသည် မြင်းနောက်ကြီးအား ဝိုင်းရံထားသည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေးသည် မြင်းကိုပို၍ အရှိန်မြှင့်၍ မောင်းနှင်လိုက်လေ၏။

သူမသည် ထိုလူစုအနီးသို့ရောက်သည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ယဲ့စိယံ၏ရှေ့တွင် ရပ်တန့်လိုက်သည်။

ထို့နောက်...

သူမသည် ဓားကိုဆွဲထုတ်လိုက်ပြီး မေးလိုက်လေ၏။

"ဘယ်လိုလဲ... ဓားပြတိုက်နေကြတာလား... "

ထိုလူစုအတွင်းမှ ခန္ဓာကိုယ်ဆူပြိုးသောလူက ဒေါသတကြီးဖြင့်...

"မိန်းကလေးက အချောင်သေချင်နေပြီ ထင်တယ်... "

သူသည် ယင်းသို့ပြောပြီး မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုအခါ...

ထိုလူအား အသက်သုံးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်က ဟန့်တားလိုက်သည်။

"အရမ်းမလုပ်နဲ့ ကောက်ချူး... "

သူသည် ပြောပြောဆိုဆို မိန်းကလေးအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

"မိန်းကလေးရဲ့ နာမည်က... ဘယ်လိုခေါ်ပါသလဲ... "

မိန်းကလေးက အေးတိအေးစက်လေသံဖြင့်...

"ကျွန်မနာမည် ဝေဟဲနန်းပါ... သိုင်းလောကသားတွေကတော့... ကျွန်မကို ဝတ်ရုံနီသခင်မလို့ ခေါ်ကြတယ်... "

ထိုလူက မျက်နှာချိုသွေးလိုက်သည်။

"ဩော်... ခင်ဗျားက ဝတ်ရုံနီသခင်မဝေဟဲနန်းကိုး... ဒါနဲ့... ခင်ဗျားဆရာ ဝူးထောက်ကျွမ်းကော နေကောင်းပါရဲ့လား... "

ဝေဟဲနန်းဆိုသော မိန်းကလေးက အံ့သြသဖြင့်...

"ရှင်က... ကျွန်မဆရာကိုသိတယ် ဟုတ်လား... ရှင်က ဘယ်သူလဲ... "

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"ကျွပ်က... ဆရာဝူးထောက်ကျွမ်းကို မသိပါဘူး... ဒါပေမယ့်

'ထန်'ဂေဟာပိုင်ရှင်ကတော့ သိပါတယ်... ကျုပ်နာမည်ကို စွန်ရဲလို့ခေါ်ကြပါတယ်... 'ထန်'ဂေဟာက အုပ်ချုပ်ရေးမှူးတစ်ယောက်ပါ... "

ထိုစကားကြောင့် ဝေဟဲနန်းမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ရှင်တို့ 'ထန်'ဂေဟာကို... တစ်နေ့ညက မိုးကြိုးသိုင်းသမားလာပြီး မွေသွားတယ် မဟုတ်လား... အခု... ဘာဖြစ်လို့ ခရီးသည်တွေကို ခုကမ္ဘေးနေရတာလဲ... "

စွန်ရဲသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဂေဟာပိုင်ရှင်ကြီးဟာ မိုးကြိုးသိုင်းသမားလက်ချက်နဲ့ သေဆုံးသွားပါပြီ... အခု... ဂေဟာကို သခင်လေးထန်ကျင်ရှမ်းက အုပ်ချုပ်နေရပါတယ်... အခုလဲ... သူကခရီးသည်တွေကို စစ်ဆေးရမယ်လို့ အမိန့်ပေးထားလို့ပါ... "

ဝေဟဲနန်းသည် ယဲ့စီယံအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုအခါ...

ယဲ့စီယံ၏ မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

"အင်း... သူဟာသိုင်းပညာ လုံးဝမတတ်တဲ့ လူပါလား... ငါက သူ့ကို ဒီအတိုင်းပစ်ထားလို့ ဘယ်သင့်တော်ပါ့မလဲ... "

သူမသည် ယင်းသို့တွေးမိပြီး စွန်ရဲအားကြည့်ကာ...

"ဒီမှာ... သူက စာပေသမားတစ်ယောက်ပါ... စစ်ဆေးဖို့မလိုပါဘူး... တကယ်လို့... ရှင်တို့က သူ့ကိုဒုက္ခပေးမယ်ဆိုရင်... ကျွန်မက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး... "

ထိုစကားကြောင့် စွန်ရဲမှာ မျက်မှောင်ကြုတ်သွားသည်။

"သူက... ခင်ဗျားနဲ့ ဘယ်လိုဝတ်သက်နေလို့လဲ... "

ဝေဟဲနန်းက ခေါင်းခါယမ်းလိုက်သည်။

"ရှင် မေးစရာမလိုဘူး... ကျွန်မက မနှောင့်ယှက်နဲ့ပြောရင် မနှောင့်ယှက်ရဘူး... ဒါပဲ... "

သူမ၏ စကားဆုံးသည်နှင့် ထိုလူစုထဲမှ လူတစ်ယောက်သည် ဒေါသကြီးစွာဖြင့် သူမထံသို့ ပြေးဝင်လာသည်။

"မင်းက စကားကြီးစကားကျယ် ပြောလို့ပါလား... သေပေတော့... "

သူသည် ပြောပြောဆိုဆို ဝေဟဲနန်းအား တိုက်ခိုက်လေတော့၏။

ထိုအခါ...

ဝေဟဲနန်းသည် ဓားဖြင့်ခံပေးလိုက်၏။

"ချွမ်း... "

ထိုလူ၏ဓားသည် ထက်ဝိုင်းကျိုးသွားသည်။

ထိုလူသည် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်သို့လှည့်ပြေးသွားသည်။

"ရွှမ်း... "

ဝတ်ရုံနီသခင်မ၏ဓားသည် လေထဲ၌ လင်းလက်သွား၏။

လှည့်ပြေးသူ၏ နောက်ကျောခွံ အေးခနဲ ခံစားလိုက်ရသည်။

ဝေဟဲနန်း၏ဓားသည် သူ၏နောက်ကျောပြင်ပေါ်သို့ အနီစင်းတစ်ခု ဖြစ်ပေါ်စေသည်။

"အား... "

ထိုလူသည် နာကျင်စွာအော်ဟစ်ပြီး သူ၏လူစုထဲသို့ ပြေးဝင်သွား၏။

သူ၏လူအား ဒဏ်ရာရအောင် တိုက်ခိုက်လိုက်သဖြင့် စွန်ရဲမှာ ဒေါသကို မထိန်းနိုင်တော့ပါ။

သူသည် ခါးတွင်ပတ်ထားသော ကြာမွတ်ကို ဆွဲဖြုတ်လိုက်ပြီး ဝေဟဲနန်းအား တိုက်ခိုက်လေတော့သည်။

ဝေဟဲနန်းသည် စွန်ရဲနှင့် သိုင်းကွက်သုံးဆယ်ခန့် ယှဉ်ပြိုင် တိုက်ခိုက်သော်လည်း အနိုင်မှရသဖြင့် သွေးနက်ဂိုဏ်း၏ ခေးပညာကို အသုံးပြုရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"ဟား... ဟား... ဟား..."

ကျယ်လောင်သော ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်။

ထိုရယ်မောသံသည် ကျယ်လောင်လွန်းလှသဖြင့် သစ်ပင်ထက်တွင် နားခိုနေကြသော ငှက်ငယ်များပင် ထပျံသွားကြသည်။

ဝေဟဲနန်းနှင့် ယဲ့စီယံတို့မှာ အံ့သြသွားသည်။

ထိုအချိန်တွင်...

စွန်ရဲသည် ဝေဟဲနန်း၏အလစ်တွင် လျှပ်တစ်ပြက် လက်ဝါးတစ်ချက်ရိုက်လိုက်၏။

ဝေဟဲနန်းသည် ရယ်မောသံကို အာရုံရောက်သွားသဖြင့် စွန်ရဲ၏ လျှပ်တစ်ပြက်တိုက်ခိုက်ချက်ကို သတိမပြုမိချေ။

ထို့ကြောင့်...

စွန်ရဲ၏ လက်ဝါးနှစ်ဖက်သည် သူမ၏ရင်ဝသို့ တည့်မတ်စွာ ထိမှန်သွားသည်။

"ဝုန်း..."

ဝေဟဲနန်း၏ ခန္ဓာကိုယ်အဝေးသို့ လွင့်စဉ်ကျသွားလေ၏။

ယဲ့စီယံမှာ မျက်မှောင်ကုတ်သွားလေသည်။

မိမိမှဝင်မကူညီလျှင် ထိုမိန်းကလေးမှာ သေဆုံးရန်သာရှိသည်။

ထို့ကြောင့်...

"မင်းတို့လား... သေကြပေတော့..."

သူသည် စွန်ရဲနှင့် သူ၏လူများအား လေမုန်တိုင်းပမာ တိုက်ခိုက်လေတော့၏။

"အား..."

"အင့်..."

"အွန်..."

စူးရှသော အော်ဟစ်သံများသည် အဆက်မပြတ် ထွက်ပေါ်လာသည်။

စွန်ရဲနှင့်တကွ သူ၏လူများသည် လဲကျကုန်သည်။

ထိုအခါ...

ယဲ့စီယံသည် ဝေဟဲနန်းအား ကြည့်လိုက်သည်။

ဝေဟဲနန်းသည် ယဲ့စီယံအား သိုင်းပညာမတတ်သူဟု ထင်မှတ်ခဲ့၏။

ယခုမူ...

ယဲ့စီယံမှာ မိမိထက်သိုင်းပညာ အဆပေါင်းများစွာ သာလွန်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် ရုတ်ချွေသွားမိသည်။

ထို့အပြင်...

သူမအား သိုင်းပညာမတတ်သူဟု ဟန်ဆောင်ခဲ့သော ယဲ့စီယံအား ခံပြင်းဒေါသထွက်မိ၏။

ထိုစဉ်...

ယဲ့စီယံသည် မြင်းပေါ်သို့ ခုန်တက်ကာ ထွက်ခွာသွားတော့သည်။

ဝေဟဲနန်းသည် ယဲ့စီယံကွယ်ပျောက်သွားသည်အထိ ကြည့်နေ၏။

ထို့နောက်...

သူမသည် မြေပေါ်၌ တင်ပျဉ်ခွေထိုင်ကာ မိမိ၏အတွင်းအားဖြင့် ရရှိသောဒဏ်ရာအား ကုသသည်။

ဝေဟဲနန်းသည် ယင်းကဲ့သို့ အတွင်းအားကို အသုံးပြု၍ ခန္ဓာကိုယ်တစ်ခုလုံး အတွင်းအားလည်ပတ်စေသောအခါ သူမ၏ အာရုံထဲသို့ ယဲ့စီယံ၏ရုပ်ပုံက ချဉ်းနင်းဝင်ရောက်လာသည်။

ယဲ့စီယံမှာ ရုပ်ရည်ချောမောခန့်ညားသည့်အပြင် သိုင်းပညာပါ သူမတူအောင် ထူးချွန်နေသည်ကို သူမကောင်းစွာ သိရှိလိုက်ရသည်။

ထို့ကြောင့်...

ယဲ့စီယံ၏ပုံရိပ်သည် သူမ၏ အသည်းနှလုံးထဲ၌ စွဲနေသည်။

သူမသည်တွေးရင်း လည်ပတ်နေသော သွေးကြောများ အထက်သို့ ဆန်တက်လာသည်ကို သတိပြုမိလိုက်သည်။

ဝေဟဲနန်းသည် ရင်ထိတ်သွား၏။

ယင်းလက္ခဏာမှာ ကိုယ်တစ်ဝိုင်းသေမည့် ဝေဒနာဝင်ရောက်လာမည့် ရှေ့ပြေးလက္ခဏာဖြစ်သည်ကို သိရှိလိုက်သည်။

ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ မိမိအတွင်းအားကို လေ့ကျင့်နေစဉ်

တခြားသို့ အာရုံရောက်သွားသောကြောင့် ဖြစ်သည်။

မိမိ၏ အတွင်းဒဏ်ရာကို မိမိမစူးစိုက်သောကြောင့် ဖြစ်သည်။

သူမသည် အာရုံကို စုစည်းလိုက်သည်။

ထို့နောက်...

အတွင်းအားကို ပုံမှန်လည်ပတ်နိုင်ရန် ကြိုးစားလုပ်ဆောင်သည်။

သို့သော်... သူမက အသိနောက်ကျသွားချေပြီ ဖြစ်သည်။

သူမ၏ အတွင်းအားများသည် ပုံမှန်အတိုင်းလည်ပတ်ခြင်းမပြုတော့ဘဲ သူမ၏ ကိုယ်အတွင်း၌ ပြေးလွှားလှုပ်ရှားနေသည်ကို ခံစား လိုက်ရတော့၏။

ထို့ကြောင့်...

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် နာကျင်သော ဝေဒနာများကို ခံစားလိုက်ရသည်။

ထို့အပြင်...

အသက်ရှူကျပ်လာပြီး တစ်ကိုယ်လုံး၌လည်း ချွေးများဖြင့် စိုရွှဲလာလေသည်။

ဝေဟဲနန်းသည် မိမိ၏အခြေအနေမှာ အလွန်ဆိုးဝါးလာပြီဟု သိရှိလိုက်လေ၏။

သူမသည် မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် စိတ်ကိုလျှော့ချလိုက်လေသည်။

ထိုအချိန်တွင်...

သူမ၏အနောက်ဘက်မှ ယောကျ်းတစ်ယောက်၏ စကား သံ ထွက်ပေါ်လာလေသည်။

"စိတ်မလျှော့နဲ့... အာရုံကိုစုစည်းပါ... ကိုယ်တတ်ထားတဲ့ ပညာနဲ့ အတွင်းအားကိုလည်ပတ်လိုက်ပါ... ကျွမ်းကျင်ပေးပါမယ်..."

ထိုစကားကို ကြားလိုက်ရသောအခါ ဝေဟဲနန်းမှာ အလွန် ဝမ်းသာသွားသည်။

ထိုလူပြောသည့်အတိုင်းပင် အာရုံကို စုစည်းကာ အတွင်းအား များကို လည်ပတ်စေလေတော့သည်။

ထိုအခါ...

သူမ၏ ကျောပေါ်တွင် နွေးထွေးသောအငွေ့တစ်ခုသည် သူမ၏ ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်လာပြီး သွေးကြောနေရာ တစ်ခုလုံးအား လှည့်ပတ်သွားနေသည်ကို ခံစားလိုက်ရလေသည်။

ထို့နောက်...

သူမ၏ အတွင်းအားများသည် ပုံမှန်နေရာသို့ရောက်ရှိပြီး လည်ပတ်နိုင်သည်ဟု ခံစားလိုက်ရသည်။

သူမ၏ကျောပေါ်သို့ ထိကပ်နေသော လက်ဝါးဆုတ်ခွာသွား သည်ကိုလည်း သိလိုက်မိသည်။

ယခုမှ...

သူမမှာ နေသာထိုင်သာ ရှိသွားသည်။

ထို့နောက်...

သူမသည် အတွင်းအားကို သွေးကြောလမ်းအတိုင်း တစ်ပတ် လည်ပတ်ပြီးမှ မျက်လုံးဖွင့်ကြည့်လိုက်လေတော့သည်။

ဝေဟဲနန်းသည် ယခုမှ သူမအား ကယ်တင်သောလူမှာ ယဲ့စိယံဖြစ်နေသည်ကို အံ့သြစွာတွေ့မြင်လိုက်ရသည်။

ဝိုင်အံ့သြသွားသည်မှာ သူမက မူလနေရာ၌ မဟုတ်တော့ဘဲ မူလနေရာနှင့် ဝါးသုံးရိုက်ခန့်အကွာရှိ ထင်းရှူးတောတစ်ခုထဲသို့ ရောက် ရှိနေသည်ကို တွေ့ရသည်။

ယဲ့စိယံသည် သူမအား ပြုံးပြလိုက်ပြီး...

"ညီမ... လမ်းမပေါ်မှာ အနှောင့်အယှက် ဖြစ်မှာစိုးလို့ မလွဲ မရှောင်သာပဲ... ညီမကို ထင်းရှူးတောထဲ ပွေ့ချီလာတာကို ခွင့်လွှတ်ပါ ဗျာ..."

ဝေဟဲနန်းသည် ရုတ်လွန်းသဖြင့် မျိုးပြင်တစ်ခုလုံး ပန်းသွေး ရောင်ထသွားသည်။

သူမသည် ကွန်ဖြေဆည်လိုက်ပြီး...

"အခုလို... ကျွန်မကို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါ တယ်... ရှင့်နာမည် တဆိတ်လောက် သိခွင့်ပေးပါ..."

ယဲ့စိယံက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူး... ကျွမ်းကျင်လည်း ညီမက ကူညီ ခဲ့တာပဲ မဟုတ်လား..."

ဝေဟဲနန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျွန်မ... သိုင်းပညာက မလုံလောက်သေးပါဘူးရှင်..."

ယဲ့စိယံသည် သူမအားပြုံးပြလိုက်သည်။

"ကဲ... ညီမလည်း သက်သာသွားပြီပဲ... ကျွမ်းကို သွားခွင့်ပြု ပါတော့..."

၂၀၆ ㊎ တက္ကသိုလ်နေလင်းဒေါင်

သူသည် ယင်းသို့ပြောပြီး ဈာန်လှည့်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက်...

ယဲ့စီယံသည် မြင်းကိုဒုန်းစိုင်းမောင်းနှင်ကာ ထင်းရှူးတော အတွင်းမှ ထွက်ခွာသွားလေတော့သည်။

စာစဉ်(၁)ပြီး
စာစဉ်(၂)ဆက်လက်ပေါ်ရှိပါမည်

တက္ကသိုလ်နေလင်းဒေါင်